ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရမရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday 23 February 2019 ၉၅၇၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးသန့်စင်အား လမ်းညွှန်မှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးသန့်စင်အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့်မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်အား မူဝါဒများ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉)ဖွင့်ပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ Jasmine Ngapali Resort ဟိုတယ်၌ ကျင်းပသည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

# တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေးအတွက် မြေတန်ဖိုး သုညရာခိုင်နှုန်းထိ လျှော့ချပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်မည်ဆိုပါက အစိုးရအနေဖြင့် မြေတန်ဖိုးကို သုညရာခိုင်နှုန်းအထိ ချပေးနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့သည့် (၂၄)ကြိမ်မြောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**“ကျွန်တော်တို့အစိုးရက တန်ဖိုးနည်းအိမ်ရာတွေ ဆောက်မယ်ဆိုရင် မြေတန်ဖိုးကို သုညအထိချပေးလို့ ရနိုင်ပါတယ်။ အိမ်ဆောက်တဲ့တန်ဖိုးကို နေစရာမရှိတဲ့သူတွေက ဝယ်ယူနေထိုင်ဖို့ဆိုရင် အိမ်ဆောက်တန်ဖိုး သက်သာအောင် လုပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာလျှင် ရန်ကုန်မြို့ပြမှာ နေရေးထိုင်ရေးအခက်အခဲဖြစ်နေသူတွေအတွက် အဆင်ပြေမှာ ဖြစ်”**

“ကျွန်တော်တို့အစိုးရက တန်ဖိုးနည်းအိမ်ရာတွေ ဆောက်မယ်ဆိုရင် မြေတန်ဖိုးကို သုညအထိချပေးလို့ ရနိုင်ပါတယ်။ အိမ်ဆောက်တဲ့တန်ဖိုးကို နေစရာမရှိတဲ့သူတွေက ဝယ်ယူနေထိုင်ဖို့ဆိုရင် အိမ်ဆောက်တန်ဖိုး သက်သာအောင်လုပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာလျှင် ရန်ကုန်မြို့ပြမှာ နေရေးထိုင်ရေးအခက်အခဲဖြစ်နေသူတွေအတွက် အဆင်ပြေမှာ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရွှေပေါက်ကံ၊ ရွှေလင်ဗန်း၊ ကနောင်နှင့် ယုဇနတန်ဖိုးနည်းအိမ်ရာတို့ကို တည်ဆောက်လျက်ရှိပြီး အခြားမြေနေရာများ၌လည်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အိမ်ရာဆောက်လုပ်ရေးကဏ္ဍနယ်ပယ်တွင် ဆောက်လုပ်ရေးစရိတ် အင်မတန်မြင့်မားလျက်ရှိပြီး သံနှင့် သံမဏိအပါအဝင် အိမ်ဆောက်ပစ္စည်းများ၏ တန်ဖိုးပမာဏ ပိုမိုဈေးသက်သာအောင် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရန်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

## ကြေးမုံ သတင်း အညွှန်း

**မုန်းတမံတွင် သဲနုန်းပို့ချမှုအတော်အသင့်ရှိသော်လည်း ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုကို ထိခိုက်မှုမရှိ**

လွှတ်တော်ရေးရာ စာမျက်နှာ » ၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းများ ရှင်းလင်းဖြေကြား**

လွှတ်တော်ရေးရာ စာမျက်နှာ » ၇



ကြေးမုံ

# ပြုပြင်ပြောင်းလဲရေးတွင် မဖြစ်မနေပါဝင်

မြန်မာနိုင်ငံသည် ပြည်ထောင်စုသမ္မတနိုင်ငံဖြစ်သည်။ ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းနေသည်။ ပြည်ထောင်စုနှင့် ဒီမိုကရေစီလိုက်ဖက်ဆီလျော်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားပြည်သူအားလုံး လိုလားကြသည်။ မျှော်လင့်ကြသည်။ ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အခွင့်အရေးတို့ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် အညီအမျှရရှိနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံစဉ် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ ရည်ရွယ်ချက်၊ အနှစ်သာရနှင့် လိုက်နာဆောင်ရွက်ရမည့်တာဝန်တို့ကို မှတ်သားရသည်။

ဒီမိုကရေစီတွင် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ သာတူညီမျှမှုများရှိသည်။ ဒီမိုကရေစီသည် နိုင်ငံသူ နိုင်ငံသားများအတွက် လုံခြုံစိတ်ချမှုရှိသည့်အပြင် ပျော်ရွှင်ချမ်းမြေ့စေမှု စသည့်အခွင့်အရေးများရှိသည်။ ဖက်ဒရယ်သည်လည်း အလားတူအခွင့်အရေးများရှိသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှသည့် အခွင့်အရေးများရရှိရန်၊ ဖက်ဒရယ်အခွင့်အရေးများရရှိရန်၊ ဒီမိုကရေစီအခွင့်အရေးများရရှိရန်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းအခွင့်အရေးများရရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ထိုကဲ့သို့ တိုင်းရင်းသားများအတွက် အခွင့်အရေးများရှိသည့် စနစ်တစ်ခုကို ထူထောင်ရာတွင် အဓိကအားဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်သည် အဓိကကျပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းတွင် မိမိတို့ နိုင်ငံသူ နိုင်ငံသားများအပေါ် တရားဥပဒေစိုးမိုးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှု၊ ပျော်ရွှင်ချမ်းမြေ့မှုပေးသောစီမံခန့်ခွဲသည့် ယန္တရားတစ်ခုဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်မှုမျိုး မဖြစ်စေလိုပါကြောင်း၊ ယင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ ရည်ရွယ်ချက်များဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတက မှာကြားထားသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တာဝန်ရှိသည့် ပုဂ္ဂိုလ်အားလုံး တက်ညီလက်ညီ သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့တစ်ဖွဲ့တည်းနှင့် ဆောင်ရွက်၍ရလိမ့်မည်မဟုတ်ချေ။ ပြုပြင်ပြောင်းလဲမှုတိုင်းတွင် အားလုံးပါဝင်လိုက်ပါ ပြောင်းလဲကြရမည် ဖြစ်သည်။ အစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ပြောင်းလဲကြရမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများအားလုံးကလည်း မိမိတို့၏ စိတ်ဓာတ်နှင့် ခံယူချက်တို့ကို ပြောင်းလဲနိုင်မှ အပြောင်းအလဲပေါ်ပေါက်လာမည်ဖြစ်သည်။

ယခုအခါ ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်လျှောက်လှမ်းနေကြပြီ ဖြစ်ပါကြောင်း၊ တချို့မှာပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်ခြင်းများရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ဆွေကောင်းတစ်ဦးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်သည်ကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါကြောင်း နိုင်ငံတော်သမ္မတက မကြာခဏ ပြောကြားထားသည်။

သို့ဖြစ်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် တိုင်းရင်းသားပြည်သူ အားလုံး၏ အကျိုးစီးပွားကို အညီအမျှ ဖော်ဆောင်ပေးနိုင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် ပြုပြင်ပြောင်းလဲရေးကို အားလုံး မဖြစ်မနေဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာ့ကင်းထောက်အဖွဲ့တည်ထောင်သူ မွေးနေ့၊ ကင်းထောက် ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ လော့ဒ်ဗေဒင်ပါဝဲလ် မွေးနေ့ (Founder's Day) အခမ်းအနားနှင့် ကင်းထောက်ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကူညီ**

အခမ်းအနားတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယက ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ တိုးတက်တည်တံ့ရန် ကျေးဇူးပြုကြသူများအနက် အချို့ကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နာယက၏ ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်နိုင်ခြင်းသည် ထူးခြားသည့် သမိုင်းဝင် မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း၊ ကင်းထောက်အဖွဲ့ကြီးသည် အများအကျိုးပြု လူမှုလုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်သည့်နေရာတွင် ယခုအခါ တစ်နေ့တခြား အရေးပါလာသည်ကို တွေ့ရပြီး နိုင်ငံ့အတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနေသည်ဆိုသည့် မွန်မြတ်သည့်လုပ်ငန်းဖြစ်၍ ကင်းထောက် မောင်မယ်များအား ဂုဏ်ပြုချီးကျူးပါကြောင်း။

အများအကျိုးအတွက် အဆင်သင့်ရှိပြီး လုပသောနှလုံးသားဖြင့် လောကကို စေတနာပန်းများဖြင့်အလှဆင်ကြမည့် ငြိမ်းချမ်းရေး၏ သံတမန်များအဖြစ် ကြိုးပမ်းအားထုတ်နေကြသော ကင်းထောက်အဖွဲ့အစည်းနှင့် ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ် လူငယ်များသည် နိုင်ငံနှင့် လူမျိုးအကျိုး ပိုမိုထမ်းဆောင်ကြိုးစားဆောင်ရွက်နိုင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကမ္ဘာ့ကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ လော့ဒ်ဗေဒင်ပါဝဲလ် မွေးနေ့ (Founder's Day) သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခြင်းဆိုင်ရာများကို လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကင်းထောက်ကြီး ဒေါက်တာ သန်းဦး၊ ဦးတင်လှိုင်နှင့် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုတို့က ကင်းထောက်လုပ်ငန်းများအား အသက်(၈၀)ကျော်သည်အထိ ချီးမြှင့်စောင့်ရှောက်နေသော ကင်းထောက်ကြီးများ၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် (၂၆)ကြိမ်မြောက် အာရှပစိဖိတ် ကင်းထောက်ညီလာခံတွင် မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင်ရရှိသူ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး၊ အာရှပစိဖိတ် ကင်းထောက် အဖွဲ့မှ ဂုဏ်ပြုဆုရရသည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကင်းထောက်လုပ်ငန်းစဉ်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဘက်စုံစွမ်းဆောင်ရည် ထူးချွန်သူတစ်ဦး၊ ကင်းထောက် လုပ်ငန်းစဉ်များအတွက် ဂီတအနုပညာ စွမ်းဆောင်ရည်ထူးချွန်သူတစ်ဦး၊ အထက်မြန်မာပြည် ကင်းထောက်သင်တန်းများကို တာဝန်ယူ လေ့ကျင့်သင်ကြားပေးသည့် ထူးချွန်သူတစ်ဦး၊ ကင်းထောက်လူငယ်များ စွမ်းဆောင်ရည်ထူးချွန်သည့် လူငယ်ခေါင်းဆောင် သုံးဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ မိတ်ဖက်အဖွဲ့အစည်း Habitat for Humanity မှ International Asia-Pacific Region Programme Support Manager, Ms. Amelia Esterban က မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သိရသည်။

**သတင်းစဉ်**



# မြင်းကပါကျေးရွာ မူလတန်းကြိုကျောင်းတွင် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမူလတန်းကြိုကျောင်းက ကြီးမှူးကျင်းပသည့် မူကြိုကလေးများ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာမူလတန်းကြိုကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဉာဏ်ရည် ထက်မြက်စေရန်**

အခမ်းအနားတွင် မြင်းကပါကျေးရွာ မူလတန်းကြိုကျောင်းဥက္ကဋ္ဌ ဆရာမ ဒေါ်တင်တင်မြင့်က အဖွင့်အမှာစကား ပြောကြားကာ မူကြိုကျောင်းသားကျောင်းသူလေးများက တေးသရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေ ကပြခဲ့ကြသည်။ ထို့နောက် မူကြို ကလေးများ ကျောင်းနေပျော်ပြီး ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်အတွက် ကျင်းပသည့် အပြေးပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲ၊ အိမ်မြှောင်လုံးသယ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲတို့တွင် (ပထမ၊ ဒုတိယ၊ တတိယ)ဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ညောင်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွေးနန္ဒာအောင်၊ မြင်းကပါကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးလင်း၊ မြင်းကပါကျေးရွာ မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်လှိုင်စိုး(လူမှုဝန်ထမ်းဦးစီးဌာန)နှင့် တာဝန်ရှိသူများက တစ်ဦးချင်းအလိုက် ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၀၇၈၀၀၀ - ၁၀၇၈၀၀၀ မန္တလေး(ရွှေဈေး) ၁၀၇၈၀၀၀ - ၁၀၇၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၉၂၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၈၃၀ ကျပ် | ၈၆၅/၈၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၀/၇၃၅ ကျပ် | ၇၆၅/၇၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၃၅ ကျပ် | ၉၃၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၈.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၃၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၇.၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၈၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၄.၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၇၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၉.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၉၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၇.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၀.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၅၇

❖ **ရှေ့ဖုံးမှ**

လိုအပ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများမြှင့်တင်ပေးရန်နှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း (JETRO) နှင့် Myanmar Survey Research Co., Ltd.(MSR)နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးသောင်းထွန်းနှင့် ဦးအုန်းမောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာ၌ တာဝန်ယူမှုရှိပြီး




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများက နိုင်ငံ၏ စီးပွားရေးအနာဂတ်အလားအလာဖော်ဆောင်ရာတွင် ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီ တွန်းတင်ရန်အတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲက ရှာဖွေဖော်ထုတ်ခြင်း မပြုလုပ်ရသေးသော အခွင့်အလမ်းများ အပြည့်ရှိနေသည့် ရခိုင်ပြည်နယ်ကို ဖော်ထုတ်ပြသပေးသွားမည် ဖြစ်ပါကြောင်း၊ ခင်မင်ရင်းနှီးဖော်ရွေပြီး ၎င်းတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်အားထက်သန်နေသည့် ပြည်သူများက ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုလျက်ရှိပါကြောင်း၊ အစိုးရအဖွဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍမှ အသုံးပြုလိုက်သည့် ငွေကြေးတိုင်းသည် ရခိုင်ပြည်နယ်၏ ရခိုင်ပြည်သူ ပြည်သားများအတွက် ပြန်လည်ထူထောင်ရေးကို အထောက်အကူဖြစ်စေပါကြောင်း။

ပြီးခဲ့သည့်လက နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး ကိုယ်စားလှယ် ၁၆၀၀ ခန့် တက်ရောက်ခဲ့သည့် Invest Myanmar Summit 2019 တွင် လမ်း၊ လေဆိပ်၊ တည်ဆောက်ရေးစီမံကိန်းများမှ စက်မှုဇုန်များနှင့် မြို့သစ်များတည်ဆောက်ရေး စီမံကိန်းများအထိ ပါဝင်သော ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအသစ်များကို မျှဝေခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများသည် စီမံကိန်းဘဏ်တွင် ပါဝင်ပြီး ယင်းစီမံကိန်းများ စတင်သည့်အခါ တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏မိန့်ခွန်းအား စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။]**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖွင့်ပွဲအထိမ်းအမှတ်ပန်းချီကားနှင့် ပန်းစည်းတို့ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာပြခန်းများ၊ ရခိုင်တိုင်းရင်းသားရိုးရာအထည် ရက်လုပ်မှုပြခန်းနှင့် ရိုးရာယဉ်ကျေးမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ပြည်နယ်အတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေကို မြှင့်တင်ပေးနိုင်မည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသတင်းအချက်အလက်များကို မျှဝေနိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခုဖြစ်သည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

❍ **တန်ဖိုးနည်းအိမ်ရာမှ**

ရန်ကုန်မြို့တော်ကြီးဟာ နှစ်စဉ်အိမ်ရာ တစ်သန်းလောက်လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရောက်လာတာနဲ့အမျှ ရွှေ့ပြောင်းလုပ်သားတွေ တော်တော်များများ ဝင်ရောက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် အိမ်တည်ဆောက်တဲ့နေရာမှာ အိမ်ရာနဲ့တည်ဆောက်စရိတ် သက်သာဖို့အတွက် ပြည်တွင်းလုပ်ငန်းရှင်တွေ၊ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍတွေကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ဖို့လုပ်ရမှာဖြစ်ပါတယ်”ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်စဉ်လူဦးရေတစ်သိန်းဝန်းကျင်ထိ နေထိုင်ရန်အတွက် အိမ်ရာလိုအပ်ချက်ရှိနေခြင်းကို ဖြည့်ဆည်းနိုင်ရန် ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထုတ်ပြန်အချက်အရ တန်ဖိုးနည်းအိမ်ရာလျှောက်ထားသူများအနေဖြင့် တစ်လဝင်ငွေ သုံးသိန်းမှ ငါးသိန်းအထိရှိရမည်ဖြစ်ပြီး ကနဦးငွေပေးသွင်းရာ၌ ကုမ္ပဏီဝန်ထမ်းအတွက် တိုက်ခန်း၏ ၂၅ ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းအတွက် ၁၅ ရာခိုင်နှုန်းသွင်းရမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည်။

ယခုလက်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ အင်းဝအိမ်ရာ၊ ကောင်းစံသာအိမ်ရာ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ယုဇနအိမ်ရာအပိုင်း (၁၊ ၂)၊ ကနောင်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်ရှိ ကြီးပွားရေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ဗန်းအိမ်ရာ၊ ထီးလှိုင်အိမ်ရာ၊ ရွှေပြည်သာမြို့နယ်ရှိ Shop House များနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ရွှေပေါက်ကံအိမ်ရာတို့ကို ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**အေးယမုံ**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်း**
**အကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခ ပါမောက္ခဒေါက်တာဇော်သန်းထွန်းကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကျွန်မတို့ရဲ့ စီးပွားရေးတံခါးကို နိုင်ငံတကာမှ ဝင်ရောက်နိုင်အောင် ဖွင့်လှစ်ခဲ့ပါတယ်

## ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း

(၂၂ - ၂ - ၂၀၁၉)

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ကြွရောက်လာတဲ့ ဧည့်သည်တော်များကို ဝမ်းမြောက်စွာကြိုဆိုပါတယ်။ ရခိုင်ပြည်နယ်ရဲ့ သဘာဝအလှတရားများကို အခြေပြုပြီး ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးမယ့် အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးမှပုဂ္ဂိုလ်များ အတူတကွ ဆောင်ရွက်မှာဖြစ်တဲ့အတွက် အခွင့်အလမ်းများကို ယနေ့အခမ်းအနားမှ ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

### ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ Japan International Cooperation Agency(JICA)နှင့် Japan External Trade Organization(JETRO)တို့ကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

ယနေ့ကျင်းပတဲ့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲဟာ ပထမဦးဆုံးအကြိမ် ကျင်းပတာဖြစ်ပြီး နောက်ဆုံးမဟုတ်တာ အသေအချာပဲဖြစ်ပါတယ်။ နောင်တွင်လည်း နှစ်စဉ်ကျင်းပသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ခိုင်မာတဲ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးရှိတဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အများအပြားကို မြင်တွေ့ရတဲ့အတွက် အထူးပင် ကျေနပ်ပီတိဖြစ်မိပါတယ်။ ယနေ့ပွဲမှသည် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို ခိုင်မာစေရုံသာမက ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေပြီး ကဏ္ဍပေါင်းစုံမှ လူပုဂ္ဂိုလ်အချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်ဆံရေးကိုပါ ပိုမိုခိုင်မာလာစေမှာ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ စီးပွားရေးတံခါးကို နိုင်ငံတကာမှ ဝင်ရောက်နိုင်အောင် ဖွင့်လှစ်ခဲ့ပါတယ်။ ထို့အပြင် မူဝါဒများ၊ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း နိုင်ငံတကာအလေ့အထများနှင့်အညီဖြစ်စေရန် စဉ်ဆက်မပြတ် ညှိနှိုင်းလျက်ရှိတဲ့အပြင် ပိုမိုကောင်းမွန်သော၊ ခန့်မှန်းရလွယ်သော၊ လွယ်ကူချောမွေ့သော၊ ဖော်ရွေသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖြစ်လာစေရေးကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ တိုတိုပြောရရင် အားလုံးကိုကြိုဆိုတဲ့ စီးပွားရေးဝန်းကျင်ကို ကျွန်မတို့ ဖော်ဆောင်လိုခြင်းပဲဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ကုမ္ပဏီဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ နိုင်ငံခြားဘဏ်များ၏ ဆောင်ရွက်ခွင့်ပြုသည့်လုပ်ငန်းများကို တိုးချဲ့ပေးခြင်း၊ ပညာရေးကဏ္ဍကို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်အောင် ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အစိုးရအသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်း၊ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် တည်ထောင်ဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးငွေပေးချေမှုများအတွက် နိုင်ငံခြားငွေအမျိုးအစားများ တိုးချဲ့ပေးချေခွင့်ပြုခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် တိကျသော အစီအမံများချမှတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ယင်းပြုပြင်ပြောင်းလဲရေးများသည် ခိုင်မာသော ချည်မျှင်စများဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အဆိုပါချည်မျှင်စများဖြင့် ရက်လုပ်ထားခြင်းပဲဖြစ်ပါတယ်။ ယင်းစီမံကိန်းသည် ကမ္ဘာ့ရည်မှန်းချက်ဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ထားသည့် စီမံကိန်းတစ်ရပ်ပင် ဖြစ်ပါတယ်။

### ခန့်မှန်းထား

စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများရဲ့ရလဒ်အနေဖြင့် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ပါတယ်။ တိုးတက်မှုဟုဆိုရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆.၂% တိုးတက်မည်ဟု ခန့်မှန်းထားပြီး ကဏ္ဍအားလုံး တစ်ပြေးညီတိုးတက်ရန်နှင့် စွမ်းအင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အများဆုံးတိုးတက်ရန် ခန့်မှန်းထားပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဟာ စီးပွားရေးအခွင့်အလမ်းများ ပိုမိုပွင့်လင်းလာမှုရဲ့ အကျိုးကျေးဇူးများကို ခံစားနေရတဲ့အချိန်မှာ ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးအလားအလာတွေကိုတော့ ပြည့်ပြည့်ဝဝ ထုတ်ဖော်အသုံးမချနိုင်သေးပါဘူး။ နိုင်ငံတကာအသိုက်အဝန်းရဲ့အာရုံစိုက်မှုက ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ ရခိုင်ပြည်နယ်အတွင်း များပြားစွာတည်ရှိနေတဲ့ အလားအလာကောင်းများထက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားတဲ့ တင်းမာမှုများကိုသာ အမြင်ကျဉ်းမြောင်းစွာ အာရုံထားနေခဲ့တာ ကာလရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။

ဒီကြီးလေးတဲ့ စိန်ခေါ်မှုများရှိနေတာကိုလက်ခံပြီး ရင်ဆိုင်ကျော်လွှားသွားရန် လိုအပ်ပါတယ်။ ကျွန်မတို့ အစိုးရတာဝန်ယူစဉ်မှစတင်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လိုအပ်ချက်တွေကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများအဖြစ်ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံး ရေရှည်ငြိမ်းချမ်းရေးနှင့် သဟဇာတရှိစေရေးအတွက်ဟူသော ရည်မှန်းချက်ဖြင့် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များကို ပြည့်မီစေရန် ကွယ်လွန်သွားပြီဖြစ်တဲ့ ဒေါက်တာကိုဖီအာနန်



ခေါင်းဆောင်တဲ့ ကော်မတီရဲ့အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ကျွန်မတို့ အစွမ်းကုန်အားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးအခြေအနေများကို တင်ပြလိုပါတယ်။ တည်ငြိမ်ရေးနှင့် သာယာဝပြောရေး တည်တံ့စေရန် တိုးတက်မှုတွေရရှိဖို့ လိုအပ်ပါတယ်။ ယခုပြပွဲသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်အသီးသီးကလည်း ရခိုင်ပြည်နယ်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာတဲ့အုတ်မြစ်ချပေးတဲ့ အခန်းကဏ္ဍက ပါဝင်နိုင်ကြမှာဖြစ်ပါတယ်။

### အထောက်အကူဖြစ်

တာဝန်ယူမှုရှိပြီး ကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်မယ့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများက နိုင်ငံ၏စီးပွားရေးအနာဂတ် အလားအလာဖော်ဆောင်ရာတွင် ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီ တွန်းတင်ရန်အတွက် အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲက ရှာဖွေဖော်ထုတ်ခြင်းမပြုလုပ်ရသေးတဲ့ အခွင့်အလမ်းများအပြည့်ရှိနေတဲ့ ရခိုင်ပြည်နယ်ကို ဖော်ထုတ်ပြသပေးသွားမှာဖြစ်ပါတယ်။ ခင်မင်ရင်းနှီးဖော်ရွေပြီး ၎င်းတို့ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်အားထက်သန်နေတဲ့ပြည်သူများက ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုလျက်ရှိပါတယ်။ အစိုးရအဖွဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနဲ့ ပုဂ္ဂလိကကဏ္ဍမှ အသုံးပြုလိုက်တဲ့ ငွေကြေးတိုင်းဟာ ရခိုင်ပြည်နယ်နဲ့ ရခိုင်ပြည်သူပြည်သားအတွက် ပြန်လည်ထူထောင်ရေးကို အထောက်အကူဖြစ်စေပါတယ်။

ပြီးခဲ့တဲ့လက နေပြည်တော်မှာကျင်းပပြုလုပ်ခဲ့ပြီး ကိုယ်စားလှယ် ၁၆၀၀ ခန့် တက်ရောက်ခဲ့တဲ့ Invest Myanmar Summit 2019 မှာ လမ်း၊ လေဆိပ်၊ တည်ဆောက်ရေးစီမံကိန်းများမှ စက်မှုဇုန်များနှင့် မြို့သစ်များ တည်ဆောက်ရေးစီမံကိန်းများအထိပါဝင်တဲ့ ရခိုင်ပြည်နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီမံကိန်းအသစ်တွေကို မျှဝေခဲ့ပါတယ်။ အဆိုပါစီမံကိန်းများသည် စီမံကိန်းဘဏ်တွင်ပါဝင်ပြီး ယင်းစီမံကိန်းများစတင်သည့်အခါ တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

အကောင်းဆုံးသော အလေ့အထစနစ်များနှင့်အညီ စွမ်းဆောင်ရည်ပြည့်ဝစွာ စီမံခန့်ခွဲထားသော အထူးစီးပွားရေးဇုန်များသည် ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုနဲ့ မျှော်လင့်ချက်အသစ်များ ဖြစ်ပေါ်စေမှုတို့အတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်ပြီး အချိန်တိုအတွင်း စက်မှုလုပ်ငန်းများစွာကို ဖန်တီးပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ဒေသရှိလုပ်ငန်းများနဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုကွင်းဆက်များကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်သို့ လာရောက်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်ကြတဲ့ ကုမ္ပဏီများအတွက် ကုန်ကျစရိတ်များ လျော့ကျစေခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနဲ့ နာမည်ကောင်းများ ဖန်တီးပေးပြီး ရင်းနှီးမြှုပ်နှံသူများနဲ့ ဒေသခံများကို အပြန်အလှန် အကျိုးရှိစေမှာ ဖြစ်ပါတယ်။

### အားလုံးမှာတာဝန်ရှိ

အရေးအကြီးဆုံးကတော့ ရရှိလာတဲ့အကျိုးအမြတ်တွေကို ပြည်သူများအားလုံး သာတူညီမျှ ခွဲဝေခံစားနိုင်ရေးပဲ ဖြစ်ပါတယ်။ ကျွန်မ အစဉ်တစိုက် ဦးစားပေးပြောကြားခဲ့သလို အချုပ်အခြာအာဏာနှင့်တကွ အထူးအားဖြင့် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအနေဖြင့် စည်းလုံးညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို ဖော်ဆောင်ပေးရင်း အထူးအားဖြင့် မတူကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ ကျွန်မတို့နိုင်ငံကဲ့သို့သော ပြည်ထောင်စုမှာ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ တစ်ဦးအတွက် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ခြင်းဟာ အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးနိုင်စေရမှာဖြစ်ပါတယ်။ တာဝန်ယူမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းအခြေပြုထားသည့် စိတ်ရင်းကောင်း၊ မှန်ကန်သောအသိ၊ ကျွမ်းကျင်မှုနှင့် စက်မှုဆိုင်ရာ တီထွင်ဖန်တီးမှုများကို ပေါင်းစပ်ပြီးဆောင်ရွက်ဖို့ အားလုံးမှာတာဝန်ရှိပါတယ်။

ကျွန်မတို့ရဲ့ပြည်တွင်း၊ ပြည်ပက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လူငယ်စွန့်ဦးတီထွင်သူများရဲ့ "စွမ်းဆောင်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်"နဲ့ အစွမ်းကုန်အားထုတ်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒတို့ဖြင့် ချက်ချင်းအကောင်အထည်ဖော်နိုင်ခြင်းနှင့် လက်တွေ့ကျကျ စွမ်းဆောင်မှုများဖြင့် ပေါင်းစည်းမှုစွမ်းအားကို ယူဆောင်ပေးလာမှာဖြစ်ပါတယ်။ သူတို့ရဲ့စွမ်းအားများနဲ့ စိတ်အားထက်သန်မှုတွေ၊ သူတို့ရဲ့တီထွင်ဖန်တီးနိုင်မှုတွေက အခြားသူများ အလွယ်တကူ သတိမမူမိနိုင်သောအရာတွေကို ဖော်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီလို လက်တွေ့ကျကျဆောင်ရွက်နိုင်ခြင်းကို ရခိုင်ပြည်သူတွေအတွက် လိုအပ်နေပါတယ်။

အလားအလာကောင်းရှိတဲ့ အခြားလုပ်ငန်းတစ်ခုကတော့ ခရီးသွားလုပ်ငန်းဖြစ်ပါတယ်။ ငွေမြို့နယ်နှင့် မာန်အောင်ကျွန်းမှာရှိတဲ့ မပျက်စီးသေးဘဲ သဘာဝအတိုင်းတည်ရှိနေတဲ့ ကမ်းခြေများကလည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအခြေပြုနေရာတွေအဖြစ် ပြောင်းလဲရန် အချိန်အခါသင့်ပြီဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များ ထုတ်ဖော်ရာတွင်လည်း မြောက်ဦးဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသတစ်ခုအဖြစ် အမည်စာရင်းသတ်မှတ်ခံရရန် ဆောင်ရွက်လျက်ရှိပါတယ်။ မြောက်ဦးဒေသဟာ လူသိနည်းပြီး ရှေးရခိုင်မင်းများ၏ ရင်သပ်ရှုမောဖွယ်ရာ အလှတရားများဖြင့် ခမ်းနားသောဗိသုကာလက်ရာများဖြင့် အသေးစိတ်ထုံမွမ်းထားသော ကမ္ဘာတွင်ဖော်ထုတ်ရန် ကျန်နေသေးသည့် ဘာသာရေးဆိုင်ရာ ဒေသကြီးတစ်ခုဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းအားဖြင့် ရခိုင်မင်းများ၏ ကြွယ်ဝလှသောယဉ်ကျေးမှုနှင့် အနုသုခုမဆိုင်ရာ ထွန်းကားခဲ့ညားထည်ဝါမှုပြယုဂ်ကို ပြင်ပကမ္ဘာမှ ပိုမိုသိရှိနားလည်နိုင်မှာ ဖြစ်ပါတယ်။

### ပိုင်ဆိုင်မှုတစ်ခုဖြစ်

အိမ်ခြံမြေလုပ်ငန်း၊ အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ အဝတ်အထည်နှင့် အထည်အလိပ်ထုတ်လုပ်သည့်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ရေလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာကောင်းများ ဖော်ဆောင်ပေးနိုင်သော ကဏ္ဍများမှာပါဝင်ပါတယ်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများမှာလည်း ရခိုင်ပြည်နယ်ရဲ့ အလားအလာကောင်းမွန်တဲ့ ပိုင်ဆိုင်မှုတစ်ခုဖြစ်ပါတယ်။ ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များမှ စီးပွားဖြစ်စတင်ထုတ်လုပ်မှုများအား လာမည့်နှစ်များတွင် စတင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါတယ်။ အဆိုပါ အရင်းအမြစ်များမှ အချို့အပိုင်းကိုအသုံးချပြီး ရခိုင်ပြည်နယ်အတွက် လျှပ်စစ်မီး ပိုမိုရရှိရေး ထောက်ပံ့ပေးနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်း ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်သည့် လုပ်ငန်းများပေါ်ထွန်းလာရေးတွင်လည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ အလားအလာကောင်းများဟာ များပြားပြီး ထပ်မံ၍လည်း တိုးပွားလာနိုင်ခြေရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရင်း တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုများကြောင့် ထိခိုက်ပျက်စီးလွယ်သည့် သဘာဝပတ်ဝန်းကျင်ကို ထပ်မံ၍ ထိခိုက်စေခြင်းမဖြစ်စေရန် ကျွန်မတို့အနေဖြင့် ကောင်းစွာကိုင်တွယ်တတ်ဖို့လိုပါတယ်။ ကျွန်မအစောပိုင်းတွင် ပြောကြားခဲ့သည့်အတိုင်း ရေလုပ်ငန်းဟာ ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ ကိုက်ညီမှုရှိသော လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့အဖိုးတန်ဒီရေတောနှင့် သဘာဝအရင်းအမြစ်များကို ဆုံးရှုံးလျော့ပါးစေနိုင်သည့် တရားမဝင်စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများ အတားအဆီးမရှိ တိုးပွားလာနေမှုကို ရှောင်ကြဉ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အားလုံးကလည်း သဘာဝအလှများနှင့် ငပလီရဲ့တည်ငြိမ်အေးချမ်းသော အလှတရားများအား ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ကိုလည်း မျှော်လင့်နေမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် သယံဇာတကြွယ်ဝမှုနှင့် ပြည်သူများ၏ ဘဝအဆင့်မြင့်မားမှု၏ အခြေခံဖြစ်သည့် ဂေဟစနစ်ကို ကာကွယ်နိုင်တဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို ရှာဖွေနိုင်ဖို့ မျှော်လင့်မိပါတယ်။

### အခွင့်အလမ်းသစ်များ ဖွင့်လှစ်နိုင်

ဖွံ့ဖြိုးတိုးတက်မှုဝန်းကျင်တွင် အချိန်နောက်ကျရောက်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အကြံတူ နောက်လူသာစမြဲဆိုသည့်အတိုင်း ရခိုင်ပြည်နယ်သည် ထိုအကျိုးကျေးဇူးကိုခံစားရန် အဆင်သင့်ဖြစ်နေပြီး အခြားသူများ၏ အတွေ့အကြုံများ၊ အမှားအယွင်းများကို လေ့လာနိုင်ပြီး အခွင့်အလမ်းသစ်များနှင့် နယ်ပယ်သစ်များအား ဖွင့်လှစ်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ပါဝင်ဆင်နွဲကြရန် ဖိတ်ခေါ်အပ်ပါတယ်။ ရခိုင်ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးကို ဖော်ဆောင်ပေးပြီး ရခိုင်ပြည်နယ်၏ မပျက်မစီးတည်ရှိနေသေးသော သဘာဝပတ်ဝန်းကျင်ကို လေးစားသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများအား မိမိတို့အစိုးရအနေဖြင့် ကောင်းချီးပေးကာ ပံ့ပိုးထောက်ပံ့မှုပေးသွားမှာ ဖြစ်ပါတယ်။

မိမိအနေဖြင့် ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ခေတ်ဆန်းသစ်စေမည်သာမက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထင်ကရမှတ်ကျောက်တစ်ခုတင်နိုင်မည်ဟူ၍ မျှော်လင့်မိပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခုဖြစ်စေရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပ

**သံတွဲ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း (JETRO)၊ Myanmar Survey Research Co., Ltd. (MSR)နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ Jasmine Ngapali Resort ဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် မတူကွဲပြားနေမှုက အင်အားတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘာသာ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့ ကွဲပြားမှုများ၊ လူမျိုးပေါင်းစုံ၊ အသိုက်အဝန်းပေါင်းစုံနှင့် ကွဲပြားခြားနားမှုများစွာ ဖြစ်တည်နေသည့် မြန်မာနိုင်ငံအနေဖြင့် ကြီးမားသော အခွင့်




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမှာစကားပြောကြားစဉ်။

အလမ်းရှိနေပါကြောင်း၊ ထိုကွဲပြားမှုများအပေါ် တည်မှီပြီး မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအပိုင်းမှာ အတွေးအခေါ်သစ်များ၊ နည်းလမ်းသစ်များ ယူဆောင်လာပေးကာ ပြည်သူလူထုအကျိုးကို ပြုပေးနိုင်သည့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် ကမ္ဘာကြီးက မိမိတို့ကို ဖွင့်ပေးထားသလို မိမိတို့ကလည်း ကမ္ဘာကြီးကို ဖွင့်ပေးထားပါကြောင်း၊ ထိုအချက်သည် မိမိတို့ ဘာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ရသလဲ၊ မိမိတို့ ဘာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရခိုင်ပြည်နယ်သို့ ဖိတ်ခေါ်ရသလဲဆိုသည့် အကြောင်းအရင်းတစ်ရပ်ပင် ဖြစ်ပါကြောင်း။

ဒါပေမယ့် မိမိတို့ လုပ်ချင်သလို လုပ်နေတာမျိုးမဟုတ်ပါကြောင်း၊ မိမိတို့တွင် လမ်းညွှန်ချက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ပြည့်စုံကြွယ်ဝသော၊ ငြိမ်းချမ်းသော၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရေး ရည်မှန်းပြီး နိုင်ငံတော်၏ အကူးအပြောင်းကာလ ပိုမိုဖြောင့်ဖြူးရေး ပံ့ပိုးပေးနိုင်မည့် ပြုပြင်ပြောင်းလဲရေး နောက်ထပ် လှိုင်းတစ်ခုအဖြစ် ခေါ်ဆိုနိုင်သည့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ကိုက်ညီမှုရှိသည့် မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခုနှင့် အကောင်အထည်ဖော်မှု အစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားပါကြောင်း။

"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"နှင့် "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း" တို့တွင် အစိုးရသည် မြန်မာနိုင်ငံကို လုပ်သာကိုင်သာရှိသော၊ ခန့်မှန်းလွယ်သော၊ ရှင်းလင်းလွယ်ကူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးရေးမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို ဖော်ညွှန်းထားပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အနာဂတ်မျိုးဆက်များကို ထိခိုက်စေနိုင်ပြီး ရေတိုသာအကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုကို ဦးစားမပေးဘဲ တာဝန်ယူမှုရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသော နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုကို တက်တက်ကြွကြွ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ပံ့ကိုင်သူ၊ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်သူ၊ မြှင့်တင်သူအဖြစ် စီးပွားရေးလုပ်ငန်းများ ရင်းနှီးကျွမ်းဝင်မှုရှိပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖြစ်စေရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေသည့် နိုင်ငံသားများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုကို အားပေး ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ အိမ်ရှင်နိုင်ငံမှာရှိသည့် လုပ်သားထုနှင့် ပြည်သူလူထုအပါအဝင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသူ အားလုံးကို အကျိုးဖြစ်ထွန်းမှုရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ခြုံငုံကြည့်လျှင် မြန်မာနိုင်ငံ၏ လူနေမှုအဆင့်အတန်းသည် သိသိသာသာ တိုးတက်လျက်ရှိပါကြောင်း၊ သို့သော် အချို့ဒေသများတွင် မညီမျှမှုများ ရှိနေဆဲဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်၌ ထူးခြားသည့် အချက်များစွာ ရှိပါကြောင်း၊ သဘာဝသယံဇာတတွေပေါများသည့် ပြည်နယ်တစ်ခုဖြစ်ပြီး အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပေါကြွယ်ဝစွာ ထွက်ရှိခြင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံအကြား တည်ရှိသည့်အတွက် ကုန်သွယ်မှုစီးဆင်းရာ ဝင်ပေါက်အနေဖြင့် မဟာဗျူဟာကျစွာတည်ရှိနေပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဈေးကွက်သစ်များနှင့် စက်မှုဇုန်သစ်များ ပေါ်ထွန်းလာရန် ထူးခြားသည့် တည်နေရာကို ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုပင်ဖြစ်ပါကြောင်း၊ သဘာဝကမ်းခြေသစ်များ ယဉ်ကျေးမှုအမွေအနှစ် နေရာများဖြင့် ဆွဲဆောင်မှုအများအပြားရှိနေသော ရခိုင်ပြည်နယ်သည် တူးဖော်ရန် စောင့်ဆိုင်းနေသည့် အဖိုးတန်ရတနာတစ်ပါးပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းအလားအလာများကို မြှင့်တင်ရန် ရည်ရွယ်ကျင်းပခဲ့သည့် My Beautiful Rakhine Photo Contest ဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရခိုင်ပြည်နယ်ရှိ လှပသောကမ်းခြေများ၊ စိမ်းလန်းစိုပြည်သော လယ်ယာမြေများနှင့် သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များကို ထုတ်ဖော်ပြသနိုင်ခဲ့သည့်အတွက် ကျေနပ်မိပါကြောင်း။

ကောင်းပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် သာယာဝပြောရေးနှင့် အားလုံးပါဝင်နိုင်သော ရခိုင်ပြည်နယ်တစ်ရပ်ဖြစ်စေရေး ဆောင်ရွက်မှုခရီးစဉ်တွင် လူကြီးမင်းတို့အနေဖြင့် မတူကွဲပြားမှုများကို အသုံးချပြီး ပူးပေါင်းပါဝင်လာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ပြောနေသော အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ အစုရှယ်ယာရှင်များ၊ စီမံခန့်ခွဲမှု အဖွဲ့ဝင်များအား ရခိုင်ပြည်မြောက်ပိုင်းတွင် ဘာတွေဖြစ်နေသည်ကို ရှင်းပြရန်လိုအပ်နေမည်ဆိုတာလည်း မိမိနားလည်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအစိုးရသည် ရင်းနှီးမြှုပ်နှံသူများ၏ ပူပန်မှုကိုလည်း မျှဝေခံစားပြီး လုံခြုံငြိမ်းချမ်းမှုရှိစေရေး ဆောင်ရွက်သွားမည်ဆိုသည့် ကတိကဝတ်ကိုလည်း ရိုးရှင်းစွာပေးလိုပါကြောင်း၊ မိမိတို့၏ အခွင့်အာဏာကို အသုံးပြုပြီး ရှည်လျားရှုပ်ထွေးပြီး ဆိုးရွားမှုများကို ဖြစ်ပေါ်စေသော၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းကို ရှည်ကြာစေသော ယင်းစိန်ခေါ်မှုများကို ဖြေရှင်းသွားမည်ဟု ကတိပြုပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို ပြောကြားလိုသည်မှာ အခွင့်အလမ်းသစ်များကို ရှာဖွေပါ။ တွက်ချက်၍ရသည့် စွန့်စားမှုများကို ရယူပါ။ သက်သောင့်သက်သာ အမြဲတမ်းနေပြီး ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်များ မရနိုင်ပါကြောင်း။

"လမ်းဟောင်းကိုသွားခြင်းထက် လမ်းမရှိသောနေရာမှာ လမ်းကြောင်းသစ်များဖြင့် ဖောက်ထွက်ပါ၊" "မိမိတို့က မဆောင်ရွက်လျှင် ယင်းအိပ်မက်များ တကယ်ဖြစ်လာရန် မည်သူမှ လာရောက်လုပ်ပေးမည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ဘာလိုချင်သည် ဘယ်ကို သွားနေသည်ကို ပြောကြားရန် မိမိတို့အားလုံး ဤနေရာမှာရှိနေခြင်းဖြစ်ပါကြောင်း၊ အိပ်မက်များ တကယ်ဖြစ်လာဖို့ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။




ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ပြပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အမှာစကားပြောကြားစဉ်။

ယခုရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ပြုလုပ်သွားမည့် အစီအစဉ်များဖြစ်သည့် လုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံချိတ်ဆက်နိုင်သည့် အခွင့်အရေး၊ ဌာနဆိုင်ရာများမှ ရှင်းလင်းတင်ပြမှုများ၊ သက်ဆိုင်ရာနယ်ပယ်များမှ ပညာရှင်များ ဆွေးနွေးသည့် စကားဝိုင်းများ ကျင်းပခြင်းတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ချိတ်ဆက်နိုင်ရန်နှင့် ရခိုင်ပြည်နယ်မှာ တိမ်မြုပ်နေသည့် စီးပွားရေးအလားအလာများ ရှိနေသည်ဆိုတာကို တိကျသေချာသည့် အချက်အလက်များနှင့် ပံ့ပိုးပေးရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

ယခုအချိန်သည် ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အချိန်



မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး **Mr. Ichiro Maruyama** အမှာစကားပြောကြားစဉ်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ရှိ ရခိုင်ပြည်နယ်အတွင်း စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နေရာတွင် တည်ရှိပြီး ပြည်တွင်းမှ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများဖြင့် သွားလာနိုင်သည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအနေဖြင့်လည်း မဟာဗျူဟာမြောက်ပြီး အချက်အချာကျသည့်နေရာတွင် တည်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းနှင့် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတို့သည် ပြည်နယ်အတွင်း လက်ရောက်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူတို့အတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မောင်တောမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကညင်ချောင်းစီးပွားရေးဇုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာလည်း အားသာချက်ရယူ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တရုတ်ပိုးလမ်းမသစ်တို့နှင့် ချိတ်ဆက်နေသည့်အတွက်လည်း အခွင့်အလမ်းကောင်းများရှိနေကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama က အမှာစကားပြောကြားရာတွင် ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ နေရာတချို့တွင် ကျင်းပခဲ့ပါကြောင်း၊ ယနေ့ ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင်ဒေသအတွက် အလွန်အရေးကြီးပါကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဘက်မှ ရပ်တည်နေပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန် ပြည်ပကုန်သွယ်မှုအဖွဲ့အစည်းတို့ ပူးပေါင်းပြီး အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂမှတစ်ဆင့် ရခိုင်ပြည်နယ်အတွက် **စာမျက်နှာ ၇ သို့** ❖

# မုန်းတမံတွင် သဲနုန်းပို့ချမှုအတော်အသင့်ရှိသော်လည်း ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုကို ထိခိုက်မှုမရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မင်းဘူး(စကု)မြို့နယ်တွင် ရေကြီးနစ်မြုပ် သီးနှံပျက်စီးခဲ့သည့် တောင်သူများအား ဆောလျင်စွာ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်

အစည်းအဝေးတွင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အမှန်ကွင်းဆင်းကောက်ယူထားသည့် သီးနှံထိခိုက်မှု ပျက်စီးစာရင်းများအတိုင်း မည်သည့်အချိန်တွင် မည်သည့်နှုန်းထားဖြင့် ပံ့ပိုးထောက်ပံ့မှုများ ပေးသွားမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း အရေးပေါ်ရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲခြင်းကိစ္စကို စိစစ်သဘောတူ ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဇွန်လအတွင်း မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်တွင် မိုးများ၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် သီးနှံ ၁၉၇၀၃ ဧကတွင် မိုးနှမ်း၊ ပဲတီစိမ်း၊ ဆောင်းမြေပဲ တစ်ဧက ငွေကျပ်ငါးထောင်နှုန်း၊ ဟင်းသီးဟင်းရွက်၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းသီးနှံများအတွက် တစ်ဧက ငွေကျပ်တစ်သောင်းနှုန်း၊ နွေနှမ်းတစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ မိုးမြေပဲ တစ်ဧကလျှင် ငွေကျပ်သုံးသောင်းနှုန်း၊ မိုးစပါးပျိုးခင်း တစ်ဧက ငွေကျပ်တစ်သိန်းနှုန်း၊ နွေစပါးတစ်ဧက ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် သီးနှံပျက်စီးခဲ့သည့် တောင်သူများအား ဆောလျင်စွာ ထောက်ပံ့ပေးနိုင်ရေး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းတမံတွင် နစ်စဉ်အနည်အနစ်များ ပို့ချမှုကြောင့် တဖြည်းဖြည်းကောလာကာ ရေဝပ်ဧရိယာ နည်းပါးလာပါသဖြင့် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မုန်းချောင်းရေလှောင်တမံ၏ ဒီဇိုင်းပြုသတ်မှတ်ထားသည့် ကန်ရေသတ်မှတ် RL-440 ပေ အောက်တွင်ရှိသည့် ရေသေရေလှောင်ပမာဏသည် ၁၁၄၁၀၀ ဧကပေ ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် တမံရေဝပ်ဧရိယာအတွင်း သဲနုန်းပို့ချမှုကို တိုင်းတာစစ်ဆေးခဲ့စဉ်က တမံသက်တမ်း ၁၂ နှစ်တာကာလအတွင်း သဲနုန်းထုထည်သည် RL-368 ပေ ပမာဏအားဖြင့် ၂၁၆၀၀ ဧကပေခန့် ဝင်ရောက်လျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရေသေရေလှောင်ပမာဏ၏ ၁၉ ရာခိုင်နှုန်းခန့်သာ သဲနုန်းဝင်ရောက်မှုရှိသည့် အခြေအနေဖြစ်ပါကြောင်း။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့်လည်း ရေလှောင်တမံတွင်း သဲနုန်းပို့ချမှု၊ ရေရှည်တည်တံ့မှုတို့အတွက် လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ သဲနုန်းပို့ချမှု အတော်အသင့်ရှိသော်လည်း မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ကန်ရေသတ်မှတ်ချက်အောက်တွင် သာရှိသည့်အတွက် ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုကို ထိခိုက်မှုမရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက်လည်း ထိခိုက်ခြင်းမရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် ပေါင်းစပ်ဖြေကြားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း၏ **ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်မှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူ၊ မြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့ စီမံထားသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တောင်နဝင်းရေလှောင်တမံ၏ ထိပ်ပြင်


ဒုတိယဝန်ကြီး
ဦးကျော်မျိုး


စေတုတ္တရာမဲဆန္ဒနယ်မှ
ဦးကျော်အောင်လွင်


မင်းဘူးမဲဆန္ဒနယ်မှ
ဦးဝင်းဝင်း


ကျောက်ကြီးမဲဆန္ဒနယ်မှ
ဦးမြင့်ငွေ


တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူး စံဝင်းနိုင်


တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူး မင်းမင်း

အပေါ်ပိုင်းတွင် ယခုကဲ့သို့ အက်ကြောင်းဖြစ်ပေါ်နေမှုနှင့် ပတ်သက်ပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မိုးရာသီ မတိုင်မီ ပြီးစီးအောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ဂျပန်ပညာရှင်များ၏ ညှိနှိုင်းဆက်သွယ်မှုအရ ဂျပန် ဆည်မြောင်းပညာရပ်နည်းပညာဆိုင်ရာ Technical Institute of Rural Development Committee ၏ စူးစမ်းလေ့လာမှု စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထပ်မံစူးစမ်းလေ့လာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုဖြစ်ရပ်အပေါ် ဒေသနေပြည်သူများ၏ စိုးရိမ်ပူပန်မှုများ လျော့ပါးသွားစေမှု ပူပင်သောကများ ကွယ်ပျောက်သွားပြီး မိမိတို့၏ဘဝ၊ အသက်အိုးအိမ်စည်းစိမ်များ၊ စိတ်ချလုံခြုံစေမည့် အခြေအနေများ ဖန်တီးဖြစ်ပေါ်လာနိုင်စေမည့် အနေအထားအထိ အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ် သောင်လယ်ကျေးရွာအုပ်စု ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးရန် ၂၀၁၉ မိုးရာသီမတိုင်မီ ကမ်းထိန်းတန်းနှင့် ရေလွှဲကဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက နွယ်တန်းကျေးရွာသည် စစ်တောင်းမြစ်၏ မြစ်ကွေးအပြင်ဘက်ခြမ်းတွင် တည်ရှိပြီး ရေနက်ကြောင်းသည် ကမ်းရင်းမှ စီးဆင်းလျက်ရှိရာ တစ်ဖက်ကမ်းတွင် သဲသောင်ဖြစ်ထွန်းမှုကြောင့် နွယ်တန်းကျေးရွာဘက်ကမ်းတွင် အလျားမီတာ ၈၀၀ ခန့် ကမ်းပြိုမှု ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ နွယ်တန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးအစီအမံများအနေဖြင့် နှစ်တန်းသွားမျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်း ရေကာ ၇၂၅ မီတာနှင့် မီတာ ၅၀ ရှိသော နှစ်တန်းသွား မျောတိုင်တန်း ရေလွှဲရေကာ ၁၀ ခုတို့ကို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၅၃၀ ဖြစ်ပါကြောင်း။

ကမ်းပြိုကာကွယ်ရေး အစီအမံများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထွေထွေ ပိုလျှံရန်ပုံငွေတွင် တင်ပြတောင်းခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုနှင့် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသည့် **ရာသီဥတုဖောက်ပြန်သော ဒဏ်ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး စံဝင်းနိုင်က မိမိတို့တိုင်းပြည်အတွင်း အရန်မျိုးရိက္ခာများသိုလှောင်ထားရှိခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်များကြောင့် အရေးပေါ်မျိုးရိက္ခာ လိုအပ်ချက်များအား စနစ်တကျ ကြိုတင်ကာကွယ်ပြင်ဆင်နိုင်သည့်အပြင် အခြားနိုင်ငံတချို့နှင့် ပြည်ပအဖွဲ့အစည်းတချို့တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစွက်ဖက်မှုနှင့် အကျိုးသက်ရောက်မှုများအပေါ် တည်ငြိမ်စွာဖြင့် တန်ပြန်စီမံခန့်ခွဲသွားနိုင်မည်ဖြစ်သောကြောင့် တောင်သူလယ်သမားများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားသော အကျိုးတရားများ ဖြစ်ထွန်းလာစေပြီး အမိနိုင်ငံတော်၏ ပုံရိပ်ကိုပါ ပိုမိုတောက်ပလာစေမည်ဖြစ်ပါကြောင်း၊ အရန်မျိုးရိက္ခာရှိခြင်းသည် ပြည့်စုံကြွယ်ဝမှုဂုဏ်ဒြပ်ဖြစ်သကဲ့သို့ အရန်ရှိခြင်း(ထုရှိခြင်း)သည် အောင်မြင်ခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး မင်းမင်းက မိမိတို့နိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု အများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှု နှစ်စဉ်ခံစားနေရသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် လိုအပ်သော ပြင်ဆင်မှုများ၊ ကြိုတင်မြော်တွေး စုဖွဲ့ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များသည် တောင်သူလယ်သမားများအတွက် အမှန်တကယ် အကျိုးစီးပွားမြှင့်တင်ရာရောက်သောကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တင်ပြလိုပါကြောင်း။

ထို့အပြင် ဆန်စပါးကဏ္ဍထုတ်လုပ်မှုကျဆင်းနေခြင်းကို ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်အနေဖြင့် အရန်ဆန်၊ အရန်စပါး၊ အရန်မျိုးရိက္ခာများ ကြိုတင်စီမံထားရှိမှုကို ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြရန် လိုအပ်ပါကြောင်း၊ Logistics ဟုခေါ်သည့် အုပ်ချုပ်ထောက်ပံ့မှုသည် ပြည်သူများအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု၊ နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ခံစားနိုင်မည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်အနေဖြင့် အရန်ဆန်ထားရှိခြင်း၏ ရည်ရွယ်ချက်သည် ဆန်စပါးဈေးကွက် တည်ငြိမ်ပြီး စားသုံးသူပြည်သူများ အခက်အခဲများ မကြုံတွေ့စေရန်နှင့် ဈေးနှုန်းကျဆင်းမည်ဆိုပါကလည်း တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးနှင့် သဘာဝဘေးကြုံတွေ့မည်ဆိုပါကလည်း အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်ကို ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအပေါင်းသုံးနိုင်ငံပါဝင်ပြီး လက်မှတ်ရေးထိုးထားသည့် ဒေသတွင်း အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်သည် ဒေသအတွင်းတွင် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှု အခြေအနေဖြစ်ပွားပါက ထောက်ပံ့ပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး အာဆီယံပဋိညာဉ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အစီအစဉ်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် လတ်တလော စားဝတ်နေရေးအဆင်ပြေစေရန် ထောက်ပံ့ပေးနိုင်ရေး အစီအစဉ်များကို စနစ်တကျရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ ရေဘေးသင့်ပြည်သူများကို အချိန်မီ ထောက်ပံ့ပေးနိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ဗဟိုသိုလှောင်ရုံများရှိသည့် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်သိုလှောင်ရုံများအလိုက် အရန်သင့်သိုလှောင် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် တိုက်တွန်းသည့် အဆိုပါလုပ်ငန်းစဉ်များသည် နိုင်ငံတော်မှ လက်ရှိဆောင်ရွက်လျက်ရှိသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများဖြစ်ပါကြောင်း၊ သဘာဝဘေး ကျရောက်လာသည့်အခြေအနေတွင် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်စွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအစီအမံများအရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဖြစ်နေသည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင်၏ သဘောကွဲလွဲမှုရှိသောကြောင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၅၀ မဲ၊ ကန့်ကွက်မဲ ၂၀၁ မဲနှင့် ကြားနေမဲ ၃ မဲဖြစ်၍ ကန့်ကွက်မဲများသောကြောင့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းများ ရှင်းလင်းဖြေကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ငါးဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) မှ ဦးကျော်နီနိုင်



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး

## တောင်ကလေး ကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် ဦးစားပေးအနေဖြင့် စဉ်းစားပေးမည်

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တောင်ကလေး ကျေးလက်ကျန်းမာရေးဌာနတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် မြေယာပိုင်ဆိုင်မှုအနေဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုက်နယ်ဆေးရုံဖွင့်မည်ဆိုပါက အနည်းဆုံး မြေ (၄)ဧက ခန့်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြေနေရာအတွက် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက ဦးစားပေးအနေဖြင့်စဉ်းစားပေးမည်ဖြစ်ပါကြောင်း၊ ဦးစားပေးတွင်ပါဝင်သွားပါက လာမည့်နှစ် ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် အဆင့်မြင့်အားကစားကွင်းအတွက် ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေဖြင့် မည်ကဲ့သို့ ထပ်မံပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်တွင် မိုးလုံလေလုံ အားကစားရုံ ပေ(၂၀၀×၁၀၀)အား ၂၀၁၈-၂၀၁၉ ဘတ်ဂျက် ရှမ်းပြည်နယ်ရန်ပုံငွေစာရင်းတွင် ငွေကျပ် ၃၁၃ ဒသမ ၆ သန်းဖြင့် ခွင့်ပြုချက်ရရှိပြီး ဒီဇင်ဘာ ၈ ရက်မှစ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လောက်ကိုင်မြို့နယ်တွင် မြို့နယ်အားကစားကွင်း ဖော်ထုတ်ရန်အတွက် ၂၀၁၈-၂၀၁၉ ပြည်ထောင်စုဘတ်ဂျက်တွင် ငွေကျပ် သန်း ၆၀၀ ချထားပေးပါကြောင်း၊ မေးခွန်းတွင်ပါဝင်သည့် အဆင့်မြင့်အားကစားကွင်း မလုပ်ဆောင်မီ မြေသားလုပ်ငန်းလုပ်ဆောင်ရန်အတွက် ငွေကျပ် သန်း ၆၀၀ ချထားပေးခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အဆင့်မြင့်အားကစားကွင်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာငွေ တောင်းခံသည့်အခါ ဖြည့်စွက်ရန်ပုံငွေတွင် တောင်းခံ၍မရပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေတွင် မပြီးပြတ်သေးသည့် ကိစ္စရပ်များသာ တောင်းခံ၍ရပါကြောင်း ဖြေကြားသည်။

## စဉ့်ကိုင်မြို့နယ်တွင် တိုင်းရင်းဆေးကုဌာန ဖွဲ့စည်းပုံနှင့် အဆောက်အအုံရရှိရေးဆောင်ရွက်ပေးရန် ပေ ၁၀၀ ပတ်လည် မြေရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးရန် ဖြေကြား

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းဆေးကုဌာနဖွဲ့စည်းပုံနှင့် အဆောက်အအုံ ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးကုဌာန တစ်ခုသည် ပေ(၄၀×၃၀) အာစီတစ်ထပ်နှင့် ဝန်ထမ်းအိမ်ရာပါ ဆောက်လုပ်မည်ဖြစ်သည့်အတွက် ပေ ၁၀၀ ပတ်လည် အနည်းဆုံးလိုအပ်မည် ဖြစ်ပါကြောင်း၊ အဆိုပါ ပေ ၁၀၀ ပတ်လည်ကိုရရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနပိုင်မြေဖြစ်မည်ဆိုပါက နောက်နှစ်ဘတ်ဂျက်များတွင် ထည့်သွင်း၍ရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပေ၁၀၀ ပတ်လည် မြေရရှိရေးကို အမြန်ဆုံး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာန တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိုးညိုမြို့နယ်တွင် တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်နိုင်ရန် မိမိတို့ပိုင်သည့် မြေမရှိသေးပါကြောင်း၊ ထို့ကြောင့် မြေနေရာရရှိရန် သာယာဝတီခရိုင် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ၊ မြေနေရာရရှိပါက ဖွင့်လှစ်ရန် စဉ်းစားမည်ဖြစ်ပြီး ဘတ်ဂျက်တွင် ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး**က ပုဒ်မ ၃ (ခ)တွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ဆိုသည်မှာ နယ်နိမိတ်ကြပ်မတ်ရေး အရာရှိက မြေတိုင်းတာရာ သို့မဟုတ် နယ်နိမိတ် သတ်မှတ်ရာ နေရာများကိုသော်လည်းကောင်း၊ မြေတိုင်းတာရာ သို့မဟုတ် နယ်နိမိတ်သတ်မှတ်ရာ အမှတ်အသားများကိုသော်လည်းကောင်းဟူ၍ ဖြည့်စွက်ရန် အကြံပြုလိုပါကြောင်း၊ ပုဒ်မ ၃ (ဂ) စာချုပ်စာတမ်းဆိုသည့် အဓိပ္ပာယ်တွင် စာတမ်းဆိုသည်မှာ မျိုးစုံရှိနိုင်သော်လည်း စာချုပ်ဆိုသည်မှာ နှစ်ဖက် သို့မဟုတ် နှစ်ဖက်ထက်ပိုသည့် သူများ သဘောတူချုပ်ဆိုထားသည့်အရာကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စာချုပ်စာတမ်းဆိုသည်မှာ အကြောင်းအရာတစ်ခုကို မှတ်သားအသုံးပြုရန် ကြံရွယ်၍ စာဖြင့်သော်လည်းကောင်း၊ ဂဏန်းဖြင့်သော်လည်းကောင်း၊ အမှတ်အသားဖြင့်သော်လည်းကောင်း၊ တစ်နည်းထက်ပိုသည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ အရာဝတ္ထုတစ်ခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် စာတမ်းအမှတ်အသားတစ်ခုဖြစ်သည်ဟု ဆိုမည့်အစား အရာဝတ္ထုတစ်ခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် နှစ်ဖက် သို့မဟုတ် နှစ်ဖက်ထက်ပိုသော သက်ဆိုင်သူများရှေ့မှောက်တွင် ပြုလုပ်သည့် စာတမ်းအမှတ်အသားကို ဆိုသည်ဟူ၍ ဖြည့်စွက်ရန် လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။

စာချုပ်နှင့်ပတ်သက်၍ ကတိစာချုပ်ဆိုသည့်နေရာတွင် ကတိပဋိညာဉ်စာချုပ်ဟူ၍ ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် အမျိုးသားလွှတ်တော်က ဖြည့်စွက်ထားပြီး ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် ပုဒ်မ ၂၃ကို ဖြည့်စွက်ရန် လိုအပ်သည်မှာ နယ်နိမိတ်သတ်မှတ်သည့် နေရာတွင် ပိုင်ရှင်အချင်းချင်း အငြင်းပွားပါက မည်သို့ ဆောင်ရွက်ရမည်ကို ပုဒ်မ ၈ တွင် ပါဝင်ပါကြောင်း၊ မြို့နယ်အချင်းချင်း အငြင်းပွားခြင်းနှင့် ရပ်ကွက်အချင်းချင်း အငြင်းပွားခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ကြီးကြပ်ဖြေရှင်း၍ ရသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အချင်းချင်း အငြင်းပွားပါက မည်သို့ ဖြေရှင်းရမည်ဆိုသည့်အချက်မပါဝင်သည့်အတွက် အဆိုပါအချက်ကို ဖြည့်စွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းပြင်ဆင်ချက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက ဆက်လက်ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

❖ စာမျက်နှာ ၅ မှ

အကူအညီများပေးသွားမည်ဖြစ်ပြီး ဂျပန်အစိုးရအနေဖြင့်လည်း တိုက်ရိုက်အကူအညီများ ပေးအပ်သွားရန် အစီအစဉ်များရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အခြေခံကျောင်းပေါင်းရှစ်ဆယ် ဆောက်လုပ်ပေးသွားရန်ရှိပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံဖြစ်သည့် လျှပ်စစ်ကဏ္ဍတွင် အကူအညီများပေးသွားရန်ရှိပါကြောင်း ပြောကြားသည်။

### လုပ်ငန်းရှင်များတွေ့ဆုံ

ထို့နောက် ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်း အစီရင်ခံစာကို Myanmar Survey Research Co., Ltd. (MSR) မှ လည်းကောင်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများမှ "Government Policy and Priority Sectors"၊ "Doing Business in Rakhine State and Responsible Investment"၊ "Potentially of Rakhine State" ခေါင်းစဉ်များဖြင့် ကဏ္ဍအလိုက် စကားဝိုင်းဆွေးနွေးပွဲကို အသီးသီးကျင်းပပြုလုပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသတွင်းလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ လုပ်ငန်းရှင်များအချင်းချင်း မိမိစိတ်ပါဝင်စားမှု ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ပြီး ပြပွဲတွင် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များက အဆိုပြုလာသည့် လုပ်ငန်း ၂၄ ခုကို ပြည်နယ်အစိုးရသို့ တင်ပြခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ပြည်နယ်အတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေကို မြှင့်တင်ပေးနိုင်မည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေနိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့ တစ်ခုဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ မင်းသစ်**
**ဓာတ်ပုံ-နေလင်း**

## ၂၀၁၉ ခုနှစ် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ပြပွဲ မတ်လလယ်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၉ ခုနှစ် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ပြပွဲ (The Chin State Investment and Products Fair) ကို မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ Myanmar Convention Centre ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲကို ချင်းပြည်နယ်ဒေသထွက်ကုန်များ၏ ဈေးကွက်ဖော်ဆောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမြှင့်တင်ရေး ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲများကို မတ် ၁၆ ရက်၊ ကုန်စည်ပြပွဲကို မတ် ၁၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများနှင့် တက်ရောက်လိုသူများအနေဖြင့် https://www.chinstatefair2019.com/ တွင် မတ် ၁၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

**သန့်စင်ဝင်း(MNA)**

✻ ကျောဖုံးမှ

ဦးဖြိုးမင်းသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်း၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ နယ်စပ်ဒေသကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ(၅)ရပ် ဖွဲ့စည်း**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် ၂၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ရပ် ဖွဲ့စည်းကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသည် (၂၄)ကြိမ်မြောက်ဖြစ်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် (၂၃)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်အားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်များအပေါ် ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များအသင်းချုပ်က ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် အမျိုးအမည်ဖော်ပြချက်တွင် **"နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး"** ဟု ဖော်ပြထားသဖြင့် ဒိန်ချဉ်မပါဘဲ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်နေရခြင်းတို့ကြောင့် ဒိန်ချဉ်အပါအဝင် အခြားနို့ထွက်ပစ္စည်းများ အကျုံးဝင်စေရန်အတွက် **"နို့နှင့်နို့ထွက်ပစ္စည်းများ"** ဟု ပြင်ဆင်သတ်မှတ်ထုတ်ပြန်ပေးပါရန် တင်ပြခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေထုတ်ပြန်သည့်အခါတွင် **"နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး" အစား "နို့နှင့်နို့ထွက်ပစ္စည်းများ"** ဟု ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်းကို ပြန်လည်တင်ပြခဲ့ပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များ တင်ပြသည့် အခက်အခဲအကြံပြုချက်အချို့သည် အချိန်ယူ၍ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်က တာဝန်ရှိသူများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ကုန်သွယ်မှုပမာဏ**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် **အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃ ဘီလီယံကျော်** ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၈ ရက်အထိ (၄)လကျော်ကာလအတွင်း ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် **အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၂ ဘီလီယံ**အထိ ရရှိခဲ့ကြောင်း၊ ယခု ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလထက် **အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၆ ဘီလီယံ** ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ကုန်သွယ်မှုပမာဏတွင် Trade Balance ဖြစ်စေရန်အတွက် ပို့ကုန်များကိုပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ရမည့်အပြင် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်(၉)ခုတွင် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီအထိ (၅)လအတွင်း ၃၀၆ ကြိမ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း။

**အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် ဝင်ရောက်စေရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများအနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းက ဟောင်ကောင်၊ မကာအို၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများသို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဆွေးနွေး ဖိတ်ခေါ်မှုများပြုလုပ်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်မှာ "အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်ပြီး လူမှုစီးပွားဘဝများ မြင့်မားလာစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်" ဖြစ်ပါကြောင်း။

Doing Business နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်ကထုတ်ပြန်မည့် Doing Business 2020 Report တွင် ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိဆောင်ရွက်ချက်များကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်သည့်အတွက် ကျန်ရှိသည့် (၂)လကျော် ကာလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများကို သတ်မှတ်ချိန်အမီ ပြီးစီးရေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ စစ်တမ်းမေးခွန်းလွှာများကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ရန်အတွက် သက်ဆိုင်သူများနှင့် ပြည်သူများသိရှိနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ရှင်းလင်းတင်ပြ**

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဝန်ကြီးဌာနအနေဖြင့် ကားလမ်းများ၊ ရထားလမ်းများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များကို ပိုမိုအဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံအချို့နှင့် Cross Border Transport ကိစ္စဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSMEs ပြပွဲနှင့် ပြိုင်ပွဲများ ဆောင်ရွက်နေမှု၊ MSMEs လုပ်ငန်းများအတွက် ချေးငွေရရှိရေး ဆောင်ရွက်ပေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှု၊ သံနှင့်သံမဏိလုပ်ငန်းများ စံချိန်၊ စံညွှန်းသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် လျှပ်စစ်မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ဆွေးနွေးမည့် ကဏ္ဍ(၄)ခုသည် တိုင်းဒေသကြီးအတွက် အလွန်အရေးကြီးပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ နယ်စပ်ဒေသကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာလုပ်ငန်းကော်မတီ(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)အဖွဲ့ဝင် ဦးကိုကိုကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ
ဦးဇော်မင်းဝင်း

---

✻ ကျောဖုံးမှ

ခြောက်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်ပြီး အမြင့်ဆုံးရပ်တည်မှုအဖြစ် ၂၀၁၈ ပြိုင်ပွဲတွင် အာဆီယံဇုန်ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာကလပ်အသင်းများသည် ယခုရာသီတွင် အုပ်စုအဆင့်ကျော်လွန်နိုင်ရန် ပစ်မှတ်ထားပြင်ဆင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့် တက်ရောက်ခွင့်ရရန် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် အိမ်ကွင်းကစားရမည်ဖြစ်သောကြောင့် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲဒုတိယအဆင့်ပြီးကတည်းက လေ့ကျင့်ပြင်ဆင်နေပြီး ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းပွဲယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာမည် ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် အုပ်စုအဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းက အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ၂၂-၂-၂၀၁၉ ရက်နေ့၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ မှတ်တမ်း

# ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသား နိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူ မြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့စီမံထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း

ဥက္ကဋ္ဌ။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီဒွန်းဖြစ်ပါတယ်။ မေးခွန်းမမေးခင် ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ဒေသရဲ့အရေးပေါ် အခြေအနေအရ အချိန်နှင့်တစ်ပြေးညီ မေးခွန်းကို ခွင့်ပြုပေးခဲ့တဲ့အတွက် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ယနေ့ ကျွန်မမေးမယ့် မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်း ရေလှောင်တမံကြီးဟာ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသား နိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာမှုကို မိုးရာသီကာလ မတိုင်မီနှင့် မိုးရာသီကာလအတွင်း ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ လုံခြုံစိတ်ချရစေရန် မည်ကဲ့သို့ စီမံထားရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ တောင်နဝင်းရေလှောင်တမံဟာ ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်မှာ တည်ရှိပြီး တမံအမြင့် ၁၄၁ ပေ၊ တမံအလျား ၁၆၆၇၄ ပေရှိ မြေသားတမံဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံကို ၁၉၈၅-၁၉၈၆ ခုနှစ်မှ ၁၉၉၄-၁၉၉၅ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံဟာ ဆည်ရေသောက်မြေဧရိယာ ၅၇၂၅၈ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ပါတယ်။

### တမံကြီး၏ကြံ့ခိုင်မှုအခြေအနေ

**ဥက္ကဋ္ဌကြီးရှင်။** PowerPoint အသုံးပြုခွင့်ပေးပါရှင်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ မကြာသေးမီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းကြည့်ရှုတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းဒေသကြီးဝန်ကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှုခဲ့ကြတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ မြေသားတမံကြီးရဲ့ ထိပ်မျက်နှာပြင် နိမ့်ကျသွားတဲ့ပုံတွေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းကစပြီးတော့ တောင်နဝင်းရေလှောင်တမံ ထိပ်ပြင်မြေသား အလျားပေ ၁၀၀ အတွင်းမှာ တစ်ပေခန့် နိမ့်ကျပြီးတော့ မြေသားပေါင်ပေါ်မှာ အက်ကွဲကြောင်းတွေ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ အထူးစိုးရိမ်လျက်ရှိကြပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ် ပြုလုပ်နေပါသော်လည်း ယခုအချိန်အထိ အက်ကွဲကြောင်းများမှာ ပိုမိုကြီးမားလာခြင်း၊ မြေသားပေါင်ကြီးမှာ ပိုမိုနိမ့်ကျလာခြင်းတို့ကြောင့် ဒေသခံများဟာ အထူးစိုးရိမ်လျက်ရှိပါတယ်။ ထိုကဲ့သို့ဖြစ်ရပ်များ ဖြစ်ပေါ်လာသော်လည်း စူးစမ်းလေ့လာမှုများမှ ပြင်ဆင်သည့်အဆင့်သို့ မရောက်ရှိသေးပါသဖြင့် မိုးရာသီကာလ ရေသိုလှောင်မှုနှင့်ပတ်သက်၍ ရေလှောင်ပမာဏ ပိုမိုများပြားလာသည့်အခါ တမံကြီး၏ ကြံ့ခိုင်မှုအခြေအနေကို ပြည်သူများမှာ ပိုမိုစိုးရိမ်ထိတ်လန့်လာကြပါသည်။ ၄-၂-၂၀၁၉ ရက်နေ့ နံနက် ၅ နာရီခန့်မှာ စတုတ္ထအကြိမ်မြောက် ငလျင် ထပ်မံလှုပ်ခတ်တဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများရဲ့ စိုးရိမ်ထိတ်လန့်မှုဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။ ယင်းအခြေအနေများကြောင့် မိုးရာသီကာလ မတိုင်မီနဲ့ မိုးရာသီအတွင်း ရေလှောင်ပမာဏ ပိုမိုများပြားလာပါက တမံကြီး၏ လုံခြုံစိတ်ချရမည့်အနေအထားကို မည်ကဲ့သို့ စီမံထားရှိကြောင်း သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



ဒုတိယဝန်ကြီး ဦးလှကျော် ရှင်းလင်းဖြေကြားစဉ်။



ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း မေးမြန်းစဉ်။

ဥက္ကဋ္ဌ။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ဒီမေးခွန်းမေးခွင့်ရဖို့ကို ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်သလို အချိန်အခါနှင့်အညီ ဒီမေးခွန်းမေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ဝန်ကြီးဌာနက များစွာကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။

### နာရီအချိန်ပြည့်စောင့်ကြည့်တိုင်းတာ

**ဥက္ကဋ္ဌကြီးခင်ဗျား။** Power Point အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းတည်ရှိတဲ့ တောင်နဝင်းရေလှောင်တမံကို ဒေသစိုက်ပျိုးမြေဧက ၅၇၂၅၈ ဧကမှာ မိုးစပါး၊ နွေစပါး၊ ကျန်သီးနှံနဲ့ အခြားသီးနှံတွေ စိုက်ပျိုးရေပေးဝေစိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ၁၉၈၄-၁၉၈၅ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့ ရေလှောင်တမံဖြစ်ပါတယ်။ တည်ဆောက်မှုကာလ ၁၀ နှစ်တာ ကာလကြာမြင့်ခဲ့ပြီးတော့ စနစ်တကျ အချိန်ယူတည်ဆောက်ခဲ့တဲ့ ရေလှောင်တမံကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့ တမံအလျားအနေနဲ့ကတော့ ၁၆၆၇၄ ပေနဲ့ တမံအမြင့် ၁၄၁ ပေရှိပါတယ်။ ကန်ရေပြည့် ရေလှောင်ပမာဏက ဧကပေ ၁၈၇၀၀၀ ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါတဲ့အတိုင်း ယခုနှစ် နှစ်ဆန်းကာလ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့မှာ ရေလှောင်တမံရဲ့ ပေတိုင် ၅၆၅၀ ကနေ ၆၀၀၀ ကြား တမံထိပ်ပြင် (Crest) မှာ အက်ကြောင်း ပေါ်ထွက်ခဲ့ပါတယ်။ အဆိုပါဖြစ်ရပ်ပေါ်မှာ ပေါ်ပေါက်လာတာနဲ့အညီ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာပညာရှင်တွေ၊ ဂျပန်နိုင်ငံ အတိုင်ပင်ခံပညာရှင်များနဲ့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီတို့မှ အင်ဂျင်နီယာပညာရှင်တွေက အချိန်နှင့်တစ်ပြေးညီ ရေလှောင်တမံကို အသီးသီးကွင်းဆင်းစစ်ဆေးမှုရှိခဲ့ပါတယ်။ အဆိုပါကွင်းဆင်းစစ်ဆေးခဲ့တဲ့ ပညာရှင်တွေရဲ့သုံးသပ်ချက်အရ ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့အနီးဝန်းကျင်ကို ဗဟိုပြုပြီး ၂၀၁၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရတဲ့ မြေငလျင်လေးကြိမ် လှုပ်ခတ်မှုကြောင့် တမံအောက်ခြေ အုတ်မြစ်ကျောက်သားဟာ လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ပြီး တမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း အက်ကြောင်းဖြစ်ပေါ်နိုင်ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်စစ်ဆေးရရှိပါတယ်။ အက်ကြောင်း စတင်ဖြစ်ပေါ်တဲ့နေ့ရက်ကစပြီး အက်ကြောင်းအတိုင်းအတာပမာဏ ပြောင်းလဲမှု ရှိ၊ မရှိ တမံထိပ်မျက်နှာပြင်နိမ့်ကျပြောင်းလဲနိုင်မှု ရှိ၊ မရှိ၊ တမံကိုယ်ထည်ရွေ့လျားမှု (Dam Body Displacement) ရှိ၊ မရှိတို့ကို မိမိတို့ဌာနအနေနဲ့ ၂၄ နာရီအချိန်ပြည့် စောင့်ကြည့်တိုင်းတာစစ်ဆေးခဲ့ပါတယ်။

### ပူးပေါင်းညှိနှိုင်းဆောင်ရွက်

**ဥက္ကဋ္ဌကြီးခင်ဗျား။** ဒီလိုဆောင်ရွက်တဲ့အခါမှာ တမံကိုယ်ထည်နဲ့ အောက်ခံအုတ်မြစ်အခြေအနေတွေကို ဘူမိရူပဗေဒဆိုင်ရာ ပုံရိပ်ဖမ်းခြင်းနည်းပညာ စမ်းသပ်နှံ့တွင်းများတူးဖော်ပြီး မြေသိပ်သည်းဆစစ်ဆေးသော နည်းလမ်းတို့နဲ့ စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းတွေကို စမ်းသပ်မြေပြင်နေရာ ခုနစ်နေရာ တူးပြီးတော့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့အခါမှာ လက်ရှိတူးဖော်ပြီးစီးခဲ့တဲ့ စမ်းသပ်တွင်းတွေရဲ့ စစ်ဆေးတွေ့ရှိချက်အရ တမံကိုယ်ထည်မြေသားရဲ့ သိပ်သည်းဆဟာ မူလဒီဇိုင်းပြုပြင် တည်ဆောက်ထားတဲ့ မြေပြင်မြေသား သိပ်သည်းဆဂုဏ်သတ္တိများအတိုင်းရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တမံအောက်ခံ အုတ်မြစ်ရဲ့ အလွှာအချို့မှာတော့ မြေငလျင်ရဲ့ လှုပ်ခတ်မှုဒဏ်သက်ရောက်မှုကြောင့် ပုံသဏ္ဌာန်ပျက်ယွင်းမှု အနည်းငယ်ဖြစ်ပေါ်နေကြောင်း တွေ့ရပါတယ်။

မြေငလျင်လှုပ်ခတ်မှုကဲ့သို့ သဘာဝဘေးအန္တရာယ်ကို ကြိုတင်သိရှိနိုင်ခြင်းမရှိတဲ့အလျောက် ဖြစ်ပေါ်လာတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီးတော့ တမံရဲ့ဘေးကင်းလုံခြုံမှုအတွက် အချိန်နှင့်တစ်ပြေးညီ ကာကွယ်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ဖို့ စီမံလုပ်ဆောင်ခဲ့ပါတယ်။ ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ နှစ်စဉ်မျက်မြင်စစ်ဆေးခြင်းဆိုင်ရာ စစ်ဆေးမှုလုပ်ငန်းစဉ်များအတိုင်း စောင့်ကြည့်စစ်ဆေး စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် တမံရဲ့အခြေအနေမှန်ကို အချိန်နှင့်တစ်ပြေးညီ ဒေသနေပြည်သူတွေ စောင့်ကြည့်ပြီး လိုအပ်မည့်အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်းပဲ ဌာနမှစီမံဆောင်ရွက်နေမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက်ကိုလည်း CCTV ကင်မရာရှစ်လုံး တပ်ဆင်ပြီးတော့ ဆောင်ရွက်ထားမှုရှိပါတယ်။ အလားတူ ရေလှောင်တမံနှင့်ပတ်သက်ပြီး ပြည်သူများစိုးရိမ်ကြောင့်ကြမှု လျော့နည်းစေဖို့အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ဆည်မြောင်းပညာရှင်၊ ဂျပန်ပညာရှင်တို့မှ ဒေသခံပြည်သူများကို အခါမလပ်ဖြစ်ပေါ်တိုးတက်မှု အခြေအနေတွေကိုလည်း ရှင်းလင်းဆောင်ရွက်ပေးခဲ့ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား။** လက်ရှိ ဂျပန်နိုင်ငံ ဆည်မြောင်းပညာရပ်ဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ Sanyu အဖွဲ့က ဘူမိဗေဒပညာရှင်တစ်ဦးလည်း လိုအပ်တဲ့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဘူမိဗေဒပညာရှင်ရဲ့ အကြံပြုချက်နှင့်အညီ တမံအက်ကြောင်းကို ချဲ့ထွင်တူးဖော်ပြီး အက်ကြောင်းအတွင်းကို ဓာတုဆေးရည်ဖြည့်သွင်းပြီးတဲ့နောက် ဘူမိဗေဒဆိုင်ရာ နည်းပညာနှင့် ပုံရိပ်ဖမ်းပြီး အက်ကြောင်းဖြစ်ပေါ်မှု ပုံစံနှင့် အတိမ်အနက်ကို တိကျစွာ သိရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မကြာမီမှာလည်းပဲ ဂျပန်နိုင်ငံ Sanyu အတိုင်ပင်ခံအဖွဲ့မှ တမံဆိုင်ရာကျွမ်းကျင်အင်ဂျင်နီယာတစ်ဦး ထပ်မံရောက်ရှိလာမည်ဖြစ်ပြီးတော့ မြန်မာပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။

### အချိန်နှင့်တစ်ပြေးညီလုပ်ကိုင်သွားမှာဖြစ်

လတ်တလော စူးစမ်းလေ့လာတိုင်းတာမှုတွေအရ ရရှိတဲ့ အချက်အလက်တွေအပေါ် အခြေခံပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့မှာ မိမိတို့ဝန်ကြီးဌာနမှ ဆည်မြောင်းပညာရပ်ဆိုင်ရာ ပညာရှင်များ၊ ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် တောင်နဝင်းရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် မိုးရာသီမတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံတွေကို အကျေအလည် သုံးသပ်ဆွေးနွေးပြီး အသေးစိတ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ရေလှောင်တမံ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် တမံရဲ့အခြေအနေကို အချိန်ပြည့်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းတွေနှင့်အတူ စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ လာမယ့် မိုးရာသီကာလအတွင်းမှာလည်း ရေသိုလှောင်ထိန်းသိမ်းမယ့် အခြေအနေတွေကိုလည်းပဲ ချိန်ဆစီမံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေကို တင်ပြရမယ်ဆိုရင် တမံရဲ့အောက်ခံအုတ်မြစ်အားဖြည့်ခြင်းအတွက် ဘိလပ်မြေ သရွတ်မှုတ်သွင်းခြင်း၊ တမံကိုယ်ထည်ရဲ့ နောက်ဘက်မှ မြေသားပိုးပြီး မြေဖို့ခြင်းတို့ကို တစ်ပြိုင်နက် စတင်ဆောင်ရွက်ခြင်း၊ ထို့နောက် တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်မှုပုံစံကို အက်ကြောင်းမြေပုံ ရေးဆွဲခြင်း၊ တစ်ဆက်တည်းမှာပင် တစ်မီတာအနက်တူးဖော်ကာ တွေ့ရှိရတဲ့အခြေအနေကို အက်ကြောင်းမြေပုံထပ်မံရေးဆွဲခြင်း၊ အက်ကြောင်းအတွင်းကို ဘိလပ်မြေ၊ မြေဖယောင်း၊ အလွန်သေးငယ်တဲ့ ဆီလီကွန်နန်းမျှင်များနဲ့ နာနိုနည်းပညာသုံး ဓာတုဗေဒပစ္စည်းများ ရောစပ်ထည့်သွင်းခြင်း၊ အဆိုပါလုပ်ငန်းစဉ်အတိုင်း အက်ကြောင်းတွေ့ရှိမှုအပေါ် မူတည်၍ အနက် သုံးမီတာမှ ငါးမီတာအထိ မြေသားဖယ်ရှားခြင်း၊ ဓာတုဗေဒပစ္စည်းများ ထည့်သွင်းခြင်းနှင့် အက်ကြောင်းမြေပုံရေးဆွဲခြင်းတို့ကို တစ်မီတာချင်းအလိုက် အဆင့်ဆင့်ဆောင်ရွက်သွားခြင်း၊ အများဆုံး ငါးမီတာအထိ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် အက်ကြောင်းဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးတွေ့ရှိချက်အရ အက်ကြောင်းတွေ့ရှိပါက အက်ကြောင်းများအတွင်း ဓာတုဗေဒပစ္စည်းများ ထည့်သွင်းခြင်းနှင့် လိုအပ်တဲ့ ပြုပြင်ပြီးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်တွေ ပြီးမယ်ဆိုရင်တော့ အဆိုပါမြေသားဖယ်ရှားထားပြီးဖြစ်တဲ့ တမံထိပ်ပြင်အပိုင်းကို တမံမြေဖို့ခြင်းလုပ်ငန်းစဉ်တွေအတိုင်း စနစ်တကျ ပြန်လည်မြေဖို့ ဆောင်ရွက်သွားခြင်းတို့ကိုလည်း အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား။** တောင်နဝင်း ရေလှောင်တမံရဲ့ ထိပ်ပြင်အပေါ်ပိုင်းမှာ ယခုလို အက်ကြောင်းဖြစ်ပေါ်မှုနှင့် ပတ်သက်ပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီပြီးစီးအောင် စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အလျောက် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ဂျပန်ပညာရှင်တွေရဲ့ ညှိနှိုင်းဆက်သွယ်မှုအရ ဂျပန်နိုင်ငံ ဆည်မြောင်းပညာရပ် အဆင့်မြင့်နည်းပညာဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Technical Institute of Rural Development Committee ရဲ့ စူးစမ်းလေ့လာမှု စံနှုန်းသတ်မှတ်ချက်နှင့်အညီလည်း ထပ်မံစူးစမ်းလေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ **စာမျက်နှာ ၁၃ သို့ » »**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**ပဲခူး ဖေဖော်ဝါရီ ၂၂**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲရလဒ်နှင့် ပြည်သူ့ဆန္ဒ တစ်ထပ်တည်းကျရန် စံ(၅)ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် စံ(၅)ချက်ပြည့်စုံသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် လုပ်ငန်းလမ်းညွှန်များကို ကြေညက်စွာနားလည်ရန် လိုအပ်ကြောင်း။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**ညှိနှိုင်းဆောင်ရွက်**

သို့မှသာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲအငြင်းပွားမှုများ နည်းပါးမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပမည့်ရက်တွင် တာဝန်ခံဆောင်ရွက်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကလည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို သိရှိနားလည်ပြီး အမှားအယွင်းမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးလှုံ့ဆော်ရေးကာလတွင် ကြုံတွေ့ရသည့်ပြဿနာများကို တရားမျှတစွာ ဘက်လိုက်မှုမရှိဘဲ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းပိုင်းကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားနေရန်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းစီမံချက်များရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်း အပြည့်ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။ **သတင်းစဉ်**

**ဓာတ်ပုံ - ဟိန်းထက်(ပဲခူး)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း Center for Asian Legal Exchange မှ လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်သို့ လေ့လာရေးခရီးလာရောက်ကြသည့် Center for Asian Legal Exchange မှ Assistant Professor Ms. Emi Makino နှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လွှတ်တော်ရေးရာဆောင် (I-11) ၌ လက်ခံတွေ့ဆုံသည်။

**ပြန်လည်ဖြေကြား**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏လုပ်ငန်းတာဝန်များနှင့် ဥပဒေရေးရာကိစ္စရပ်များအပေါ် ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးသည်။ **သတင်းစဉ်**


ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း Center for Asian Legal Exchange မှ Assistant Professor Ms. Emi Makino နှင့် ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဥရောပသမဂ္ဂ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဥရောပသမဂ္ဂဘက်မှ ကုန်သွယ်မှုညွှန်ကြားမှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig ဦးဆောင်သော ဥရောပသမဂ္ဂ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံမှ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးမြှင့်တင်ကာကွယ်ရေး ဆောင်ရွက်ပေးမှုများ၊ ရခိုင်ပြည်နယ်ကိစ္စရပ်များအပေါ် အစိုးရ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံအစိုးရဝန်ကြီးဌာန ကိုယ်စားလှယ်များနှင့် ဥရောပသမဂ္ဂကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့တို့အကြား တတိယအကြိမ်မြောက် ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ နှင့် ၂၂ ရက်များတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဦးဆောင်၍ လည်းကောင်း၊ ဥရောပသမဂ္ဂဘက်မှ ကုန်သွယ်မှုညွှန်ကြားမှုဌာန



ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig က ဦးဆောင်၍ လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

ယခုဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်၊ ကချင်၊ ရှမ်းပြည်နယ်များတွင် လူသားချင်းစာနာမှုအထောက်အပံ့များ ပေးအပ်နိုင်ရေး၊ နေရပ်စွန့်ခွာသူများ၏ လူနေမှုအခြေအနေများ တိုးတက်ကောင်းမွန်ရေး၊ တစ်ဖက်နိုင်ငံရောက် နေရပ်စွန့်ခွာသူများ ကိုယ်ပိုင်ဆန္ဒဖြင့် လုံခြုံကောင်းမွန်စွာ ပြန်လာနိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးရေး၊ အမုန်းစကားတားဆီးရေး၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် အလုပ်သမားအခွင့်အရေး ကာကွယ်မြှင့်တင်ရေးစသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို မြန်မာနိုင်ငံအစိုးရက ကြိုးပမ်းဖော်ဆောင်နေသည့် ကိစ္စရပ်များနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ဥရောပသမဂ္ဂဘက်မှ ပြည်ပဆက်ဆံရေးဌာန ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mrs. Paola Pampaloni၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Kristian Schmidt နှင့် ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဥရောပသမဂ္ဂကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈-၁၉ ရက်များတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတို့အား သီးခြားစီ တွေ့ဆုံခဲ့သည်။

ခရီးစဉ်အတွင်း စစ်တွေမြို့နယ်ရှိ နည်းပညာအထက်တန်းကျောင်းသို့ သွားရောက်ခဲ့ပြီး မင်းဂံရှိ ရခိုင်တိုင်းရင်းသားများ၊ ကြိမ်နီပြင် IDP စခန်းရှိ မွတ်စလင်အသိုက်အဝန်းနှင့် ဟိန္ဒူဘုရားကျောင်းရှိ ဟိန္ဒူအသိုက်အဝန်းတို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# NRPC အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။

**အစဉ်တစိုက် ကြိုးစားဆောင်ရွက်လျက်ရှိ**

ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) သည် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့များထဲတွင် တပ်မတော်၏ကြေညာချက်အတိုင်း NRPC နှင့် တပ်မတော်ကို တွေ့ဆုံခွင့်တောင်းပြီး တရားဝင်တွေ့ဆုံသည့် ပထမဆုံးအဖွဲ့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့်လည်း ကြိုဆိုပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဝမ်ဟိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အစည်းအဝေးများ ဖြစ်မြောက်ရေး၊ ညီလာခံခေါ်ယူနိုင်ရေး၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပြီး အစိုးရနှင့်ငြိမ်းချမ်းရေးကော်မရှင်တို့သည်လည်း အထူးအစဉ်တစိုက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းက လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံညှိနှိုင်းခဲ့မှုများရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီအတွက် ပွင့်ပွင့်လင်းလင်းနှင့် ဆွေးနွေးပေးစေလိုကြောင်း၊ SSPP ပါတီအနေဖြင့်လည်း အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်မိ**

ထို့နောက် ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်က NRPC မှ မိမိတို့၏တောင်းဆိုမှုကို လက်ခံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ မိမိတို့ SSPP နှင့် SSA အဖွဲ့ကို နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူးသဝဏ်လွှာ ပေးပို့ခဲ့သည်ကို ကောင်းမွန်စွာ လက်ခံရရှိပါကြောင်း၊ ယင်းအတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း။

တစ်ချိန်တည်းမှာပင် နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အစိုးရအဖွဲ့ဝင်များ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် တပ်မတော်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် မိမိတို့ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်မှ ဗဟိုကော်မတီဝင်များနှင့် တပ်မှူးတပ်သားအားလုံးက ဆုမွန်ကောင်းတောင်းပေးလိုက်ပါကြောင်း။

ယနေ့ မိမိတို့အား အထူးကြိုဆိုပြီး တွေ့ဆုံခွင့်ပြုပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့သည် ပင်လုံစာချုပ်အရ ပြည်ထောင်စုဖြစ်ပေါ်လာပြီး အတူတည်ဆောက်လာခြင်းဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၇၀ အတွင်း မိမိတို့တိုင်းပြည်သည် ပိုမိုတိုးတက်ကောင်းမွန်လာရမည့်အစား မိမိတို့ထက် နောက်ကျနေသည့် တိုင်းပြည်များထက် ပိုမိုနောက်ကျပြီး တိုးတက်ရေးတွင် အကြောင်းအမျိုးမျိုးကြောင့် မတိုးတက်ခဲ့ပါကြောင်း၊ အဓိကမှာ မိမိတို့ အမျိုးသားအချင်းချင်းအပေါ် ယုံကြည်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများဆောင်ရွက်မှုမှာ မပြည့်စုံမှု၊ အားနည်းမှုများရှိခဲ့ပါကြောင်း၊ ယင်းအတွက် အတိတ်ကို သင်ခန်းစာယူပြီး နောင်တွင် အမှားမပြုမိရန် မိမိတို့အနေဖြင့် သဘောပေါက်မိပါကြောင်း။

ထို့ကြောင့် ယနေ့တွင် မိမိတို့အနေဖြင့် လက်ရှိအခြေအနေဖြစ်သည့် NCA လမ်းကြောင်းကို မဆန့်ကျင်ပါကြောင်း၊ သို့သော်လည်း NCA တွင် မပြည့်စုံမှုများရှိသည်မှာ ဥပမာအားဖြင့် မိမိတို့အမြင်အရ ကျန်တိုင်းရင်းသားအားလုံးပါဝင်ရေးဆိုသည်ကို တောင်းဆိုခြင်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ NCA သွားနေသည့်လမ်းကြောင်းမှာ မှားနေခြင်းမဟုတ်ပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးနေသည့်အချက်တွင် အခြေခံမည့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်မည်ဟု ပြောနေသော်လည်း အခိုင်အမာ မည်သို့သွားမည်ဆိုသည့် ပုံသဏ္ဌာန်၊ ပုံစံ၊ နည်းနာများကို ဆက်လက်ညှိနှိုင်းသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ ယုံကြည်သည်မှာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကို အရင်ကပြီးခဲ့သည်များကို အပြစ်တင်နေခြင်း မဟုတ်ပါကြောင်း၊ ယနေ့ အခြေအနေသည် များစွာကောင်းမွန်သည်ဟု ယူဆပါကြောင်း၊ ယင်းသို့ပြောရခြင်းမှာ မိမိတို့ စားပွဲဝိုင်းပေါ်တွင် တန်းတူညီမျှ ဆွေးနွေးပိုင်ခွင့်ရှိခြင်းကြောင့် ပြောခြင်းဖြစ်ပါကြောင်း။

မိမိတို့မှုမှာ နှစ်ပေါင်း ၇၀ ကျော်အတွင်း ဖြေရှင်း၍မရသည့် ပြဿနာများကို ယခုကဲ့သို့ စားပွဲဝိုင်းပေါ်တွင် တန်းတူညီမျှ ဆွေးနွေးသွားမည်ဆိုပါက မဖြေရှင်းနိုင်စရာ အကြောင်းမရှိပါကြောင်း၊ မိမိတို့ NCA ကို လက်မှတ်မရေးထိုးခြင်းမှာ ဆန့်ကျင်၍ မဟုတ်ပါကြောင်း၊ အားလုံးပါဝင်နိုင်ရေးနှင့် အကြောင်းများရှိပါကြောင်း၊ ယင်းကို နားလည်ပေးစေလိုပါကြောင်း၊ ယနေ့ဖြစ်နေသည့် ပြဿနာများကို မိမိတို့ဘက်မှ ထိန်းသိမ်းထားပါကြောင်း၊ ဥပမာတိုက်ပွဲများမဖြစ်ရန် မိမိတို့ဘက်မှ ပစ်ခတ်မှုများမလုပ်ရန် ညွှန်ကြားထားပါကြောင်း၊ ယနေ့အထိလည်း ထိန်းသိမ်းထားပါကြောင်း၊ ထို့ကြောင့် ယခုနောက်ပိုင်း မိမိတို့ဘက်မှ တပ်မတော်စစ်ကြောင်းများ၊ စခန်းများကို ချုံခိုတိုက်ခိုက်ခြင်း၊ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုလုပ်ခဲ့ပါကြောင်း၊ ယခုဖော်ပြချက်မှာ လက်တွေ့တွင် ယုံကြည်မှုအတွက် တစ်စုံတစ်ရာ အကျိုးအမြတ်ဖြစ်မည်ဟု ယူဆပါကြောင်း။

ယနေ့ အောက်ခြေတွင် ယခုကဲ့သို့ ယုံကြည်မှုများ တဖြည်းဖြည်းရှိလာပြီး အခြေအနေတစ်ခု၊ ကာလတစ်ခုရောက်လာပါက မိမိတို့နှင့်တာဝန်ရှိသူများ မျှော်မှန်းထားသည့်အတိုင်း ညီအစ်ကိုသဘောထားဖြင့် ညှိနှိုင်းဆွေးနွေးရင်း စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် ကြိုးစားနေခြင်းဖြစ်ပါကြောင်း။

**ကျေးဇူးဆပ်သည့်အနေဖြင့် လုပ်ဆောင်နေခြင်းဖြစ်**

တစ်ဖက်တွင်လည်း ဒေသဖွံ့ဖြိုးရေးကို တည်ဆောက်နေပါကြောင်း၊ တချို့က ပြောကြပါကြောင်း၊ စစ်ရေးကာလတွင် လက်နက်များ၊ ကျည်ဆန်များ ဝယ်ပြီး မငြိမ်းချမ်းသည့်ကာလတွင် ဒေသဖွံ့ဖြိုးရေးများ လုပ်ဆောင်နေစရာ မလိုဟု ပြောကြပါကြောင်း၊ မိမိတို့ တံတားတည်ဆောက်၊ လမ်းဖောက်နေမှုများကို ဆန့်ကျင်ကြပါကြောင်း၊ အမျိုးမျိုးပုတ်ခတ်ကြပါကြောင်း၊ မင်းတို့ “အ” တယ်ဟု ပြောကြပါကြောင်း၊ “အ” ရင်လည်း “အ” ပါစေ၊ မိမိတို့ ပြည်တွင်းစစ်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ တော်လှန်ရေးသည် နှစ်ပေါင်း ၆၀ ရှိပြီဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၆၀ အတွင်း ပြည်သူများသည် မိမိတို့နှင့်အတူ ဒုက္ခရောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် မိဘပြည်သူများကို ပြန်လည်ကျေးဇူးဆပ်သည့်အနေဖြင့် လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း၊ ယခုအချက်ကို ကြည့်ခြင်းဖြင့် မိမိတို့ စစ်ကို ဆက်လက်မလိုလားဘူးဆိုသည်ကို နားလည်ပေးစေလိုပါကြောင်း၊ ယခုလာရောက်သည်မှာလည်း ယင်းအတွက် ရည်ရွယ်တောင်းဆိုရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ မိမိတို့ လုပ်ဆောင်ခဲ့သည်များကို လာရောက်အစီရင်ခံခြင်းဖြစ်ပါကြောင်း၊ နောက်လည်း ဆက်လက်တည်ဆောက်မည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကောင်းမွန်အောင် လုပ်ဆောင်မည့်ကိစ္စများလည်း တင်ပြရန်ရှိပါကြောင်း၊ နောက်တစ်ချက်မှာ တပ်မတော်နှင့် သီးသန့်တွေ့ဆုံရန် တောင်းဆိုထားပါကြောင်း၊ ယင်းသို့ တွေ့ဆုံရာတွင် တပ်ပိုင်းဆိုင်ရာများကို အစီရင်ခံမည်ဖြစ်ပါကြောင်း၊ မိမိတို့ NRPC တွင် လာရောက်တင်ပြခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရနှင့် ရှမ်းပြည်တိုးတက်ရေးပါတီတွေ့ဆုံမှု အခြေအနေ၊ ဝမ်ဟိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်တိုးတက်ရေးပါတီဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်က ယခုလို လာရောက်ဆွေးနွေးခွင့်ရအောင် ဆောင်ရွက်ပေးကြသည့် နိုင်ငံတော်အစိုးရ တာဝန်ရှိသူများ၊ လွှတ်တော်နှင့် တပ်မတော်အကြီးအကဲများ၊ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့နိုင်ငံကို စည်းစည်းလုံးလုံးဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ်လာအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ်က ယနေ့ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ၏ အခြေအနေနှင့် ဆောင်ရွက်ချက်များကို သိရှိခွင့်ရသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ အစိုးရအနေဖြင့် NCA တွင် အားလုံးပါဝင်လာနိုင်ရေးအတွက် လမ်းဖွင့်ထားပြီး အားလုံးပါဝင်လာနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ တချို့အဖွဲ့အစည်းများလည်း ပါဝင်လာတော့မည်ဟု ယုံကြည်ပါကြောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီအနေဖြင့် ပါဝင်လာနိုင်အောင် ကြိုးစားစေလိုကြောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ဆောင်ရွက်ပေးနိုင်ရန် NRPC အစည်းအဝေးတွင် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ယုံကြည်မှုတည်ဆောက်**

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ယနေ့ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “အဓိကတော့ ရှမ်းပြည်တိုးတက်ရေးပါတီနဲ့ နှစ်ဖက်သဘောတူညီချက်တွေ ထိုးထားတာရှိတယ်။ ဒီကြားထဲမှာ ယုံကြည်မှုတည်ဆောက်တာနဲ့ ပတ်သက်ပြီး လုပ်ပေးထားတာတွေရှိတယ်။ ဥပမာ ဝမ်ဟိုင်းဒေသမှာ ဆက်သွယ်ရေး မိုဘိုင်းကွန်ရက်ရဖို့ MPT ဆက်သွယ်ရေးတိုင် တည်ဆောက်ပေးထားတာ ရှိတယ်။ နောက်တစ်ခု မီးသတ်ကား၊ လျှပ်စစ်မီး ဒါတွေ တော်တော်များများ ဆောင်ရွက်ထားပြီးပါပြီ။ ဒီနေ့ ဆွေးနွေးပွဲမှာ SSPP က လူထုရဲ့တောင်းဆိုချက်တွေ၊ လိုလားချက်တွေ တင်ပြတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့ NRPC အကြီးအကဲတွေဆီတင်ပြပြီး အမြန်ဆုံးအကြောင်းပြန်သွားမှာပါ။

နောက်တစ်ချက်က SSPP ဘက်က ဖမ်းဆီးခံထားရတဲ့သူတွေ၊ အကျဉ်းကျခံနေရသူတွေကို အစိုးရဘက်က တော်တော်များများ လုပ်ပေးထားတာ ရှိပါတယ်၊ အထူးသဖြင့်ကတော့ ဒေသဖွံ့ဖြိုးရေး၊ အကျဉ်းကျခံနေရသူတွေကိစ္စ ယုံကြည်မှုတည်ဆောက်ဖို့ဆိုပြီး အစိုးရက လုပ်နေတာတွေရှိတယ်၊ ဒီနေ့ သူတို့တင်ပြတာတွေကို ဆက်ပြီးတင်ပြဖို့ရှိပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ SSPP အနေနဲ့ ဘယ်လိုရှေ့ဆက်ဆောင်ရွက်မလဲဆိုတာကိုလည်း ကျွန်တော်တို့ နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်။ SSPP ဘက်က NCA ထိုးဖို့ စိုးရိမ်ချက်တွေရှိတယ်။ ဒါတွေကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ပါတယ်။ တနင်္လာနေ့ကျရင်တော့ နေပြည်တော်မှာပဲ တပ်မတော်နဲ့ ဆက်ပြီးဆွေးနွေးမယ်။ အဲဒီနေ့ကျရင် တပ်ပိုင်းဆိုင်ရာကိစ္စတွေပေါ့။ ဒီနေ့မှာတော့ တပ်ပိုင်းဆိုင်ရာကိစ္စတွေ မပါဘူး။ အခု SSPP နဲ့ တွေ့ဆုံတာ တရားဝင်တွေ့ဆုံတာဖြစ်ပါတယ်။ တပ်မတော်ကနေ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ကြေညာတဲ့ ထုတ်ပြန်ကြေညာချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ NRPC နဲ့ ဆွေးနွေးမယ်။ လိုအပ်ရင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်တဲ့အဖွဲ့နဲ့ ဆွေးနွေးနိုင်တယ်ဆိုတဲ့ အပစ်ရပ်လေးလတာကာလကြေညာထားတာရှိတယ်။ ကြေညာပြီးတဲ့နောက်ပိုင်းမှာ အလွတ်သဘောတွေ့နေတာတွေကတော့ အဖွဲ့တွေအများကြီးနဲ့ တွေ့နေတာရှိပါတယ်။ တရားဝင်ဆွေးနွေးပွဲအနေနဲ့တော့ SSPP ဟာ ပထမဆုံးဖြစ်ပါတယ်။ ဒီနေ့ တွေ့ဆုံမှုမှာတော့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲဟာ ကောင်းမွန်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်”ဟု ပြောသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ အဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ရှမ်းပြည်တိုးတက်ရေးပါတီဘက်မှ ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်၊ စဝ်တွန်းခမ်း၊ စဝ်ဖုန်းဟန်တို့ တက်ရောက်ကြသည်။

**မျိုးမြင့်(သတင်းစဉ်)**



# ပါကစ္စတန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် နှင်းများထူထပ်စွာကျရောက်မှုကြောင့် လူ ၂၈ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂**
ပါကစ္စတန်နိုင်ငံတစ်ဝန်း ပြင်းထန်သည့် ရာသီဥတုကြောင့် အနည်းဆုံး လူ ၂၈ ဦး သေဆုံးပြီး ၂၄ ဦး ထက်မနည်း ဒဏ်ရာရခဲ့သည်ဟု ဒေသခံမီဒီယာများနှင့် တာဝန်ရှိသူများက ပြောကြားသည်။

တရားဝင်ထုတ်ပြန်ချက်အရ သေဆုံးမှုများ ဖြစ်ပွားရခြင်းမှာ နိုင်ငံတစ်ဝန်း ဒေသအသီးသီး၌ ယခုအပတ်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်မုန်တိုင်းများနှင့် နှင်းများထူထပ်စွာကျရောက်ခြင်းကြောင့် ဖြစ်ကြောင်း ဆိုသည်။

ဘလူချီစတန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး လေးဦးထက်မနည်း သေဆုံးခဲ့သည်ဟု နိုင်ငံအနောက်တောင်ပိုင်း ပြည်နယ်ဝန်ကြီးချုပ် ဂျမ်ကမယ်ခန်က မီဒီယာများကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ဘလူချီစတန်ပြည်နယ်တစ်ဝန်း ဆိုးရွားသည့် ရာသီဥတုကြောင့် အိမ်ထောင်စု ၄၅၀ ကျော် ဘေးဒုက္ခရောက်ခဲ့သည်ဟု ၎င်းက ဆိုသည်။

အလားတူ လက်စ်ဘီလာစီရင်စုတွင် ရေကြီးရေလျှံ၍ အနီးအနားကျေးရွာများရှိ အိမ်ထောင်စု ၂၀၀ နီးပါး ရေလွှမ်းမိုးခဲ့ရသဖြင့် အရေးပေါ်ကြေညာချက်များ ထုတ်ပြန်ခဲ့ရသည်။

ရေကြီးသည့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်သားများသည် ရဟတ်ယာဉ်လေးစင်းဖြင့် ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်တစ်ဝန်း ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ ပျက်စီးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် နိုင်ငံ၏ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာပြည်နယ်အတွင်း မြေပြိုခြင်း၊ ခေါင်မိုးများ ပျက်စီးခြင်းနှင့် နှင်းများကျခြင်းဖြစ်ပွား၍ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့သည်ဟု တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင်လည်း အနည်းဆုံး



လူကိုးဦး သေဆုံးခဲ့ကာ ပါကစ္စတန်ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင်လည်း ကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။

နိုင်ငံ၏ တောင်ထူထပ်သော ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် နှင်းများကျရောက်မှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပြီး လျှပ်စစ်မီးများလည်း ဖြတ်တောက်ခဲ့သည်။

**ဆင်ဟွာ**

# ကိုရီးယားကျွန်းဆွယ် နှစ် ၁၀၀ ပြည့် လွတ်လပ်ရေး ပူးတွဲကျင်းပရန်ကြိုးပမ်းမှု တောင်ကိုရီးယား၏ကမ်းလှမ်းမှုကို မြောက်ကိုရီးယားငြင်းပယ်

**ဆိုးလ် ဖေဖော်ဝါရီ ၂၂**
ယခုနှစ် မတ် ၁ ရက်တွင် ကျရောက်မည့် ဂျပန်ကိုလိုနီအုပ်စိုးမှုအား ဆန့်ကျင်သည့် လွတ်လပ်ရေးလှုပ်ရှားမှုရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ပူးတွဲကျင်းပရန် တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလှမ်းမှုကို မြောက်ကိုရီးယားနိုင်ငံက ငြင်းပယ်ခဲ့ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်ဒေသအား ဂျပန်၏ ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရေးကြိုးပမ်းမှုစတင်သည့် နှစ် ၁၀၀ ပြည့် အခမ်းအနားဖြစ်သည့် မတ် ၁ ရက်မတိုင်မီ အခြေအနေများသည် ယင်းအခမ်းအနား ပူးတွဲကျင်းပနိုင်ရေးအတွက် အခက်အခဲများဖြစ်စေနိုင်ကြောင်း မြောက်ကိုရီးယားက တောင်ကိုရီးယားနိုင်ငံအား တရားဝင်အကြောင်းပြန်ကြားခဲ့ပြီးဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်ဒေသသည် ၁၉၁၀ မှ ၁၉၄၅ ခုနှစ်ထိ ဂျပန်ဘုရင့်နိုင်ငံ၏ ကိုလိုနီပြုအုပ်စိုးမှုကို ခံခဲ့ရသည်။ ၁၉၁၉ ခုနှစ် မတ် ၁ ရက်တွင် ကိုရီးယားနိုင်ငံတစ်ဝန်းလုံး၌ လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်ပွားခဲ့ရာ ယင်းလှုပ်ရှားမှုအား ဂျပန်တို့၏ ပြင်းထန်သော ဖြိုခွင်းမှုကြောင့် ကိုရီးယားနိုင်ငံသား ၇၅၀၀ သေဆုံးခဲ့ပြီး လူ ၅၀၀၀ ခန့် ဖမ်းဆီးခံရကြောင်း ကိုရီးယားသမိုင်းပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ပြုံယမ်းမြို့တွင် ပြုလုပ်ခဲ့သည့် တတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် ကိုရီးယားကျွန်းဆွယ်၏ နှစ် ၁၀၀ ပြည့် လွတ်လပ်ရေးကြိုးပမ်းမှု အထိမ်းအမှတ်အခမ်းအနားကို ပူးတွဲကျင်းပရန် သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ**




# အစ္စရေး၏ ပထမဆုံး လစူးစမ်းလေ့လာရေးယာဉ် လွှတ်တင်

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၂**
အစ္စရေးနိုင်ငံမှ ပထမဆုံးလွှတ်တင်သည့် လူလိုက်ပါခြင်းမရှိသော လစူးစမ်းလေ့လာရေးယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ပုဂ္ဂလိက အာကာသယာဉ်လွှတ်တင်ရေးစခန်းတစ်ခုမှ လွှတ်တင်ခဲ့ကြောင်း သတင်းရရှိသည်။

အလေးချိန် ၈၅၈ ကီလိုဂရမ် (၁၂၉၀ ပေါင်) ရှိသည့် အဆိုပါ လစူးစမ်းလေ့လာရေးယာဉ်ကို ဂျူးဘာသာဖြင့် ဘီရီရှတ်ဟု အမည်ပေးခဲ့ပြီး အင်္ဂလိပ်ဘာသာစကားအရ ပထမဆုံးသူ (သို့မဟုတ်) မူလဘူတဟု အမည်ရှိသည့် လ စူးစမ်းလေ့လာရေးယာဉ်ကို ဖယ်လ်ကွန်-၉ အမျိုးအစား ဒုံးယာဉ်ဖြင့် သောကြာနေ့ နိုင်ငံတကာစံတော်ချိန် ၀၁း၄၅ နာရီတွင် အာကာသအတွင်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဒုံးယာဉ်လွှတ်တင်မှုနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟုက စောင့်ကြည့်လေ့လာမှုများပြုလုပ်ခဲ့ပြီး ယင်းပြယုဂ်သည် အစ္စရေးနိုင်ငံအတွက် အလွန်ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းသည်ဟု ပြောကြားခဲ့သည်။

လက်ရှိအခြေအနေတွင် လမျက်နှာပြင်ပေါ်၌ ဆင်းသက်ကာ စူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်သည့် နိုင်ငံပေါင်းမှာ သုံးနိုင်ငံသာရှိပြီး ယင်းတို့မှာ အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။

အစ္စရေးနိုင်ငံမှ လွှတ်တင်ခဲ့သော ယာဉ်သည် လကမ္ဘာသို့ ရက်သတ္တနှစ်ပတ်အတွင်း လှည့်လည်စူးစမ်းကာ ယခုနှစ် ဧပြီ ၁၁ ရက်တွင် လဆင်းယာဉ်ကို လကမ္ဘာ၏ အဓိကကွင်းပြင်ဒေသ၌ ဆင်းသက်စေမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်များ ရုပ်သိမ်းရန် ထရန့်နှင့် အာဒိုဂန် ဖုန်းဖြင့်ဆွေးနွေး

**အန်ကာရာ ဖေဖော်ဝါရီ ၂၂**
ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်များ ရုပ်သိမ်းရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်နှင့် တူရကီနိုင်ငံ သမ္မတ ရီဆက် တေရစ် အာဒိုဂန်တို့သည် ဖေဖော်ဝါရီ ၂၁ ရက် နှောင်းပိုင်းက ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တူရကီနိုင်ငံပိုင် အနာဒိုလုသတင်းအေဂျင်စီက ထုတ်ပြန်သောသတင်းအရ သိရသည်။

အမေရိကန်သမ္မတနှင့် တူရကီသမ္မတတို့သည် ဆီးရီးယားနိုင်ငံတွင် နောက်ဆုံးဖြစ်ပေါ်တိုးတက်နေမှုအခြေအနေများနှင့် ပဋိပက္ခတွင် နိုင်ငံရေးနည်းလမ်းတစ်ခုဖြင့်အဖြေရှာရန် အရေးကြီးပုံကို အလေးအနက်ထားဆွေးနွေးခဲ့ကြောင်း အနာဒိုလု သတင်းအရ သိရသည်။

အဆိုပါဖုန်းဖြင့်ဆက်သွယ်ပြောကြားစဉ်အတွင်း နှစ်နိုင်ငံသမ္မတများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲကတိကဝတ်ကို ထပ်လောင်းအတည်ပြုခြင်းနှင့် အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံတန်ဖိုးရှိ နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုလံဘီယာနှင့် ဘရာဇီးနယ်စပ်များကို ပိတ်ထားလိုက်ကြောင်း ဗင်နီဇွဲလားသမ္မတ မာဒူရို ထုတ်ပြန်ကြေညာ

**ကရာကတ်စ် ဖေဖော်ဝါရီ ၂၂**
ဗင်နီဇွဲလားပြည်သူများအတွက် အထောက်အပံ့ပစ္စည်းများ ပေးအပ်မှုများအပေါ် တင်းမာမှုများ ဖြစ်ပွားနေစဉ်အတွင်းတွင် သမ္မတ နီကိုလပ်စ်မာဒူရိုက ဗင်နီဇွဲလားနိုင်ငံ၏ နယ်နိမိတ်ဒေသအတွင်း တည်ရှိနေသည့် ကိုလံဘီယာနှင့် ဘရာဇီးနိုင်ငံတို့၏ နယ်စပ်စခန်းများကို ပိတ်သိမ်းသည်ဟု ကြေညာချက်တစ်ရပ်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံအစိုးရအား ဆန့်ကျင်ပုန်ကန်နေသည့် အင်အားစုများက နိုင်ငံအတွင်း စားနပ်ရိက္ခာလိုအပ်နေသည့် ပြည်သူများအတွက် အထောက်အပံ့ပစ္စည်းများကို လက်ခံကာ ဖြန့်ဝေပေးမည့် အစီအစဉ်အား ဗင်နီဇွဲလား လက်ရှိသမ္မတ မာဒူရို အစိုးရက ဆန့်ကျင်နေခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံမှ အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက ဖေဖော်ဝါရီ ၂၃ ရက်တွင် အထောက်အပံ့ပစ္စည်းများကို စတင်သယ်ယူကာ လိုအပ်နေသည့် ပြည်သူများထံ ဖြန့်ဝေပေးမည်ဟု ပြောကြားခဲ့သည်။

ဗင်နီဇွဲလားအတိုက်အခံ၏ ပြောကြားချက်ကို ဆန့်ကျင်ရန် လက်ရှိဗင်နီဇွဲလားသမ္မတ မာဒူရိုက နိုင်ငံအတွင်း၌ ဆေးဝါးကုသရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကြုံတွေ့နေရသည့် ပြည်သူများအတွက် ရုရှားနိုင်ငံမှ ဆေးဝါးပစ္စည်း တန်ချိန် ၃၀၀ ကို ဝယ်ယူဖြန့်ဖြူးပေးခဲ့သည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



» » စာမျက်နှာ ၉ မှ

သို့ဖြစ်ပါ၍ ယခုဖြစ်ရပ်အပေါ် ဒေသနေပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုများ လျော့ပါးသွားစေမှုကနေပြီးတော့ ပူပင်သောကများ ကွယ်ပျောက်သွားပြီး မိမိတို့ရဲ့ဘဝ၊ အသက်အိုးအိမ်စည်းစိမ်များ စိတ်ချလုံခြုံစေမယ့် အခြေအနေဖန်တီးဖြစ်ပေါ်လာနိုင်မယ့်အနေအထားအထိ အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့။ ဒုတိယဝန်ကြီးအနေနဲ့ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပြီးတော့ ကျွန်မတို့ကို ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့မြို့နယ်ကိုယ်စား ပြောကြားလိုပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့မြို့နယ် ပြည်သူတွေအနေနဲ့လည်း နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အမြန်ဆုံးလာရောက်ကြည့်ရှုစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ ကျွန်မအနေနဲ့ မေးမြန်းလိုပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ထပ်ပြီးတော့သွားချင်တဲ့ ဆန္ဒရှိပါတယ်။ သို့သော်လည်းပဲ အကြောင်း၊ အကြောင်းလေးတွေရှိသေးတဲ့အလျောက် မကြာမီအချိန်အတွင်းမှာ ဝန်ကြီး သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်ပေးဖို့ ဖြည့်ဆည်းလုပ်ကိုင်ပေးမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကြယ်ပွင့်ပြမေးခွန်းဟာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပြီး အများအတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့်မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနဲ့ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။



# ချယ်လ်ဆီးအသင်း ယူရိုပါလိဂ် ၁၆ သင်းအဆင့်တက်လှမ်း

ချယ်လ်ဆီးအသင်းဟာ ယူရိုပါလိဂ် ၃၂ သင်းအဆင့်ပြိုင်ပွဲမှာ မယ်လ်မိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိသွားခဲ့ပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုဒုတိယအကျော့ပွဲစဉ်မှာ သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ၁၆ သင်းအဆင့်ကို တက်လှမ်းခဲ့တာဖြစ်ပါတယ်။

အခုဒုတိယအကျော့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅၅ မိနစ်မှာ ဂျရူး၊ ၇၄ မိနစ်မှာ ဘာကလေနဲ့ ၈၄ မိနစ်မှာ အိုဒိုအီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မယ်လ်မိုအသင်းကတော့ ချေပဂိုးပြန်လည်ရရှိဖို့ ကြိုးစားရင်း ပွဲကစားချိန် ၇၃ မိနစ်မှာ ဘန့်ဆန်က နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ အခုပွဲစဉ်မှာ နိုင်ပွဲရရှိခဲ့တာကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲမှာ အိမ်ကွင်းယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်တွေထဲမှာ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီအတွက်တော့ ၎င်းတာဝန်ယူခဲ့တဲ့ ၄၃ ပွဲမှာ ၂၈ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်လည်း စိုက်ထူနိုင်ခဲ့ပါတယ်။

အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဂျရူးဟာ အင်္ဂလန်ကလပ်အသင်းတစ်သင်းအတွက် ယူရိုပါလိဂ်ပွဲစဉ်ငါးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းတစ်ရပ်လည်း တင်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

# ရုပ်ရှင်ပညာရပ်ဆိုင်ရာများ သင်ကြားပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်ရုပ်ရှင်ကျောင်း(YFS)၏ စီစဉ်မှုဖြင့် University Of East London မှ ရုပ်ရှင်ပညာရပ်ဆိုင်ရာများ သင်ကြားပို့ချပေးနေသော Professor Dr. Valentina Vitali သည် မျက်မှောက်ခေတ် တောင်အာရှက္ကတ္တိယရုပ်ရှင်နယ်ဝန်းအမည်ဖြင့် ရုပ်ရှင်အထူးပြုသင်တန်းကို ယနေ့နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ၌ ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းတွင် YFS Facebook Page ၌ ကြိုတင်စာရင်းသွင်းထားသူ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် တောင်အာရှဒေသ၌ ရိုက်ကူးခဲ့ကြသော ရုပ်ရှင်များ၊ ဇာတ်လမ်းတိုများ၊ မှတ်တမ်းရုပ်ရှင်များ၌ အမျိုးသမီး အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍများကို အကျယ်တဝင့် ရှင်းလင်းပို့ချခဲ့သည်။

**သတင်းစဉ်**

# ရီးယဲလ်မက်ဒရစ်အသင်းတွင် ဆက်လက်ကစားရန် တိုက်စစ်မှူး ဂါရတ်ဘေးလ် ဆုံးဖြတ်ထားဟုဆို

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ လက်ရှိကလပ်ရီးယဲလ်မက်ဒရစ်အသင်းမှာ ဆက်လက်ကစားဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။

ဂါရတ်ဘေးလ်အား ပရီမီယာလိဂ်ကလပ်အသင်းများက ခေါ်ယူဖို့စိတ်ဝင်စားနေပေမယ့် ကစားသမားကိုယ်တိုင်ကတော့ ပရီမီယာလိဂ်ကလပ်အသင်းတွေဆီ ပြန်သွားမှာမဟုတ်ဘူးလို့ ဆိုပါတယ်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို ခေါ်ယူဖို့ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားနေတာဖြစ်ပြီး ဘာနေဗျူး တာဝန်ရှိသူတွေကတော့ အသင်းအတွက် အားထားရတဲ့ တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို ဘယ်အသင်းကိုမျှ ရောင်းချသွားမှာမဟုတ်ဘူးလို့ဆိုပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂါရတ်ဘေးလ်ရဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာလည်းဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၌ ဂျပန်နိုင်ငံပညာရှင်များ ပါဝင်သောအဖွဲ့ အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံ Kyushu တက္ကသိုလ် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ Dr. Takeshi Mitsuyasu ဦးဆောင်သောအဖွဲ့သည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ နှုတ်ခမ်းကွဲလူနာ ကိုးဦး၊ အာခေါင်ကွဲလူနာ ၁၄ ဦး၊ နှာခေါင်းခွဲစိတ်ပြုပြင်လူနာ နှစ်ဦးနှင့် သွားဖုံးရိုးအစားထိုးလူနာ သုံးဦး စုစုပေါင်း ၂၈ ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# Tour Pro အဆင့် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်းက ကြီးမှူးကျင်းပမည့် Tour Professional အဆင့် အရည်အချင်းစစ်စာမေးပွဲကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကစားသမားများသည် နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၂ ချက်ရရှိပါက လက်ရည်စစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး လက်ရည်စစ်ပွဲအောင်မြင်သူများသည် မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်း အသင်းဝင်အဖြစ် အသိအမှတ်ပြုကာ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် Tour Pro အဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အဆိုပါလက်ရည်စစ်ပွဲ ဝင်ရောက်ဖြေဆိုမည့်သူများသည် မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ကိုသိန်းတိုးအောင် ဖုန်း-၀၉- ၄၃၀၈၁၀၃၂၊ ကိုထွန်းကျော် ဖုန်း-၀၉- ၅၁၉၃၄၂၃ နှင့် မခင်မမအောင် ဖုန်း-၀၉- ၂၆၂၆၀၂၆၃၆ တို့သို့ ဆက်သွယ်စုံစမ်း၍ ပြိုင်ပွဲဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



www.aryuhospital.com

အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့  (၀၁) ၉၃၇ ၆၂၀၀

# ကျွန်းစုမြို့နယ်၌ ရပ်နားထားသည့်စစ်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွား

**ကျွန်းစု ဖေဖော်ဝါရီ ၂၂**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရေပြင်၌ ယနေ့နံနက်ပိုင်းက ကျောက်ချရပ်နားထားသည့် စစ်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ပထက်ကျေးရွာ တနင်္သာရီမြစ်ကူး ပြည့်ဖြိုးထွန်းကုမ္ပဏီတံတားအနီး ရေပြင်၌ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ ခန့်က ကျောက်ချရပ်နားထားသော တနင်္သာရီ ရေတပ်စခန်းဌာနချုပ်မှ အလျား ပေ ၁၁၀၊ အနံ ၂၂ ပေ၊ ရေစူး ၂ ဒသမ ၆ ပေရှိ သံကိုယ်ထည် ကမ်းခြေစောင့် တိုက်ရေယာဉ်အမှတ်(၄၁၃)တွင် စက်ခန်းအတွင်း ဂဟေဆော်ရာမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားရာသို့ မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ပြည့်ဖြိုးထွန်းကုမ္ပဏီမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အပေါ့စားမီးသတ်စက် နှစ်လုံး၊ ပုဂ္ဂလိကစက်လှေ တစ်စင်း၊ အသက်ရှူကိရိယာ လေးစုံတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် မီးသတ်ဆေးဘူး ၂၀ ဖြင့် ကနဦးငြှိမ်းသတ်ထားကြောင်း စစ်ဆေးတွေ့ရှိပြီး မီးလောင်မှုအား မီးသတ်ယာဉ်များမှ သဘော်ာဆေးရည် ဂါလန် ၂၀ နှင့် ရေဂါလန် ၃၀၀၀ ခန့် အသုံးပြုငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မြန်မာမိန်းကလေးသုံးဦးအား နိုင်ငံခြားသားများထံ ရောင်းစားခဲ့သူကို ထောင် နှစ် ၃၀ ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
မြန်မာမိန်းကလေးသုံးဦးအား နိုင်ငံခြားသားသုံးဦးထံ ရောင်းစားခဲ့သူ မဖြူ(ခ) အိဖြူ(ခ) အေးစိန်အား မန္တလေးခရိုင်တရားရုံးက ဖေဖော်ဝါရီ ၁၉ ရက်တွင် ထောင်ဒဏ်နှစ် ၃၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နောင်မွန်ကျေးရွာနေ မဖြူ(ခ)အိဖြူ(ခ)အေးစိန်သည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်နေ မ----- အား လားရှိုးမြို့ရှိ စတိုးဆိုင်တွင်အလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တရုတ်အမျိုးသားတစ်ဦးထံသို့ ရောင်းစားခဲ့မှုအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အောင်မြေသာဇံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်း၌ (ပ)၁၁၇/ ၂၀၁၈ ဖြင့် လည်းကောင်း၊ ထို့အတူ အောင်မြေသာဇံမြို့နယ်နေ မ----- အား လားရှိုးမြို့ရှိ စတိုးဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် တရုတ်အမျိုးသားတစ်ဦးထံသို့ ရောင်းစားခဲ့မှုအား (ပ)၁၅၂/ ၂၀၁၈ ဖြင့် လည်းကောင်း၊ အလားတူ ဝမ်းတွင်းမြို့နယ်နေ မ----- အား လားရှိုးမြို့ရှိ စတိုးဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ ၂၀၁၇ ခုနှစ် မတ်လတွင် တရုတ်အမျိုးသားတစ်ဦးထံသို့ ရောင်းစားခဲ့မှုအား (ပ)၃၃၃/ ၂၀၁၈ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူခဲ့ပြီး မန္တလေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မဖြူ(ခ)အိဖြူ(ခ)အေးစိန်အား မန္တလေးခရိုင် တရားရုံးမှ ရာကြီးအမှုအမှတ် ၂၈၉/ ၂၀၁၈ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်၊ ရာကြီးအမှုအမှတ် ၉၃/ ၂၀၁၈ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ရာကြီးအမှုအမှတ် ၁၇၈/ ၂၀၁၈ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် စုစုပေါင်း ထောင်ဒဏ် နှစ် ၃၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သတင်းစဉ်**



# မြစ်ကြီးနား၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
မြစ်ကြီးနားမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့နယ် ပလန(၂)ကျေးရွာမြောက်ဘက် သုံးမိုင်ခန့်အကွာ တောစပ်အနီး၌ စုပုံထားသော တရားမဝင် ကညင်၊ ကြေးလံ၊ ကံ့ကော်ဖို သစ်လုံး ၃၂ လုံး(၂၇ ဒသမ ၃၄၈ တန်)အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# တနိုင်းမြို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**တနိုင်း ဖေဖော်ဝါရီ ၂၂**
ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် တရားမဝင်သစ်များကို မြစ်ကြီးနားမြို့နယ် ဦးစီးအရာရှိ ဦးသန်းမင်းအေး ဦးဆောင်သော ပြည်နယ်သစ်တော စစ်ကြောင်းအဖွဲ့၊ တနိုင်းမြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီလ တတိယပတ်တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိမှုမှာ တနိုင်းမြို့နယ် ရှင်ဗွေယန်ကားလမ်းဝဲ၊ ယာမှ ကြေးလံ၊ စံကားဝါ၊ ထောက်ကြံ့ ၄၄ လုံး(၃၂ ဒသမ ၅၅၆ တန်)၊ ကြေးလံအခြမ်း ၁၇ ခြမ်း(၁၀ ဒသမ ၇၅၄ တန်)နှင့် သစ်လုံး ၁၄ လုံး(၁၆ ဒသမ ၃၇၀ တန်)၊ နန်ဖြတ်ယန်ကျေးရွာအနီး ကညင်သစ်ခွဲသားဆိုဒ်စုံ အချောင်း ၂၅၀(၅၆ ဒသမ ၉၃၇၂ တန်)နှင့် နန်ဖြတ်ယန်ကျေးရွာအနီး သိမ်းဆည်းခဲ့သည့်နေရာနှင့် နှစ်ဖာလုံခန့် အကွာတွင် ထပ်မံရှာဖွေခဲ့ရာ ကညင်သစ်ခွဲသားဆိုဒ်စုံ ၆၇ ချောင်း(၁၅ ဒသမ ၇၃၆ တန်)ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သစ်တင်ကားဖြတ်သန်းစဉ် တံတားကျိုးကျပြီး ယာဉ်တိမ်းမှောက်၍ ခြောက်ဦးသေဆုံး

**အင်္ဂပူ ဖေဖော်ဝါရီ ၂၂**
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ မမြဖောက်ချောင်း တံတားပေါ်တွင် ယနေ့နံနက်ပိုင်းက သစ်တင်ကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် တံတား ကျိုးကျပြီး သစ်တင်ကားတိမ်းမှောက်မှုကြောင့် ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့နယ် စပါးအိုးကျေးရွာမှ သစ်များတင်ဆောင်ပြီး အလုပ်သမား ၁၀ ဦးလိုက်ပါလာသော တင်မောင်ဆွေမောင်းနှင်သည့် ခြောက်ဘီးယာဉ်သည် တစ်တီတူးကွင်းကျေးရွာအုပ်စု ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ မမြဖောက်ချောင်း တံတားပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျသဖြင့် အလုပ်သမား ၁၀ ဦးအနက် ခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအား ထူးကြီးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးခဲ့ကြောင်းနှင့် ယာဉ်မောင်းအား ထူးကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၈၁၂ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၅၂၉ သန်း) စုစုပေါင်းတားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀ ဒသမ ၃၄၁ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်မော်တော်ယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၅၂၅ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**လှည်းကူး**
လှည်းကူးမြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် ဆားတလင်းလမ်းဆုံ၌ လှည်းကူးဘက်မှ ဒါးပိန်ဘက်သို့ ကျော်နိုင်ဦး(ခ)ကျုံးကျင်လု ပေါက်စောက်ကျေးရွာ လှည်းကူးမြို့နယ်နေသူမောင်းနှင်လာသည့် ဆိုင်ကယ်အား သတင်းအရ ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက် ည ၁၀ နာရီခန့်တွင် ရပ်တန့်စစ်ဆေးရာ စိတ်ကြွဆေးပြား ၁၀ ပြား သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအနီးရှိကြက်ခြံမှ ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ယင်းနေရာသို့ သွားရောက်ရှာဖွေစဉ် ယင်းနေရာမှ အောင်ဇော်ဦး(ခ) အားဝေ (၆)ရပ်ကွက် တာမိုးညဲ ကွတ်ခိုင်မြို့နယ် နေသူမောင်းနှင်လာသည့် YGN 5I/------ Kluger ယာဉ်ကို တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ အိုက်စ်ဘလောက်တုံး ၁၉၉ တုံး(၆၇ ဒသမ ၆၆ ကီလို)အား သိမ်းဆည်းရမိခဲ့သဖြင့် ဒါးပိန်နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မောင်တော**
မောင်တောမြို့နယ် နယ်မြေ(၃)အတွင်း ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီခန့်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ချောင်းရိုးလျှိုအတွင်းမှ တောတိုးသံနှင့် စကားပြောသံများကြား၍ သွားရောက်ရှင်းလင်းရာ လူများရှာဖွေတွေ့ရှိခြင်းမရှိဘဲ လျှိုအတွင်း၌ ပုဆိုးဖြင့် ထုပ်ဝှက်ထားသည့် အထုပ်သုံးထုပ်အတွင်းမှ WY စိတ်ကြွဆေးပြား ၇၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**ရဲပြန်ကြား**

**ရတနာသစ်တော ပြည့်သွေးကြော**
**သစ်တောရတနာ ထိန်းသိမ်းပါ**

PUN HLAING SILOAM HOSPITALS
မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်
Only JCIA Hospital In Myanmar
သင့်ရဲ့ မီးယပ်ဆိုင်ရာရောဂါများကို အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံမှ ဆရာဝန်ကြီး နှင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ကုသမှုခံယူနိုင်ပါပြီ။
မတ်လ (၂) ရက် မှ (၃) ရက်နေ့အထိ
လူဦးရေကန့်သတ်ထားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းပါ။
facebook Pun Hlaing Siloam Hospitals
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉



# မြန်မာစံချိန်စံညွှန်းများသတ်မှတ်

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၄၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**(ယမန်နေ့မှအဆက်)**

၁၄။ MMS ISO/IEC TS 17021-4:2013 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေး ထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၄) လုပ်ငန်းစဉ်ဆက်မပြတ် ထိန်းသိမ်းခြင်း ကိစ္စရပ်များဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၁၅။ MMS ISO/IEC TS 17021-5:2014 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၅) ပိုင်ဆိုင်ပစ္စည်း စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၁၆။ MMS ISO/IEC TS 17021-6:2014 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၆) စီးပွားရေးလုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၁၇။ MMS ISO/IEC TS 17021-7:2014 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်းဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၇) မော်တော်ယာဉ်လမ်းကြောင်း သွားလာမှုဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၁၈။ MMS ISO/IEC TS 17021-9:2016 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၉) လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၁၉။ MMS ISO/IEC TS 17021-10:2018 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၁၀) လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၂၀။ MMS ISO/IEC TS 17023:2013 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
စီမံခန့်ခွဲမှုစနစ် ထောက်ခံချက်ပေးခြင်းအတွက် အရည်အသွေးစစ်ဆေးမှု၏ အချိန်ကာလသက်တမ်းသတ်မှတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

၂၁။ MMS ISO/IEC 17024:2012 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
လူပုဂ္ဂိုလ်ဆိုင်ရာ အရည်အသွေးထောက်ခံချက် ထုတ်ပေးသောအဖွဲ့များအတွက် အထွေထွေလိုအပ်ချက်များ

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ လေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**( ၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။"

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၄။ (က) ဤဥပဒေပါပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေများနှင့်စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

# နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား စုစုပေါင်း ၅၆၇ ဦးအား ကြိုဆိုလွှဲပြောင်းလက်ခံခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြန်မာနှင့်ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ ပြန်လည်လက်ခံရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်အတွင်း နိုင်ငံသားစိစစ်ပြီးသူ ၅၆၇ ဦးအား ပြန်လည်စိစစ်လက်ခံနိုင်ခဲ့ကြောင်း သိရသည်။

**ပံ့ပိုးကူညီ**

ထိုသို့ ပြန်လည်လက်ခံရာ၌ ပထမနေ့ဖြစ်သည့် (ဖေဖော်ဝါရီ ၂၀ ရက်) တွင် မယ်လဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၁၃၃ ဦးအား ထိုင်း - မြန်မာ ချစ်ကြည်ရေး တံတားအမှတ်(၁)မှ တစ်ဆင့် ခေါ်ဆောင်လာခဲ့ပြီး မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ မွန်းလွဲ ၃ နာရီတွင် လွှဲပြောင်းလက်ခံရေး အခမ်းအနားကျင်းပ၍ ကြိုဆိုခဲ့ကြောင်း၊ အခမ်းအနားသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ပြန်လည်စိစစ်လက်ခံရေး ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း။

ဒုတိယနေ့ လွှဲပြောင်းခြင်း အစီအစဉ်အရ အုန်းပြန်ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၂၀၁ ဦးအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ သံမှူးကြီးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်မှူး ဦးအောင်ခိုင်ဆွေ ဦးဆောင်သော အဖွဲ့က လွှဲပြောင်းလက်ခံခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် မယ်ဟောင်ဆောင် ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ ၅၉ ဦးအား မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချင်းမိုင်မြို့မှ ကောင်စစ်ဝန်ချုပ် ဦးသိန်းတင်က ထိုင်းဘက်မှ တာဝန်ရှိသူများနှင့်အတူ ခေါ်ဆောင်လာခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ကယားပြည်နယ် စည်ပင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးတို့ ဦးဆောင်သည့် ပြန်လည်လက်ခံကြိုဆိုရေးအဖွဲ့က မြန်မာဘက်ခြမ်းရှိ BP 13 ဂိတ်၌ မွန်းတည့် ၁၂ နာရီတွင် လက်ခံခဲ့ပြီး ကယားပြည်နယ် မယ်စဲ့လက်ခံရေး စခန်းသို့ ဆက်လက်ပို့ဆောင်ပေးကာ သက်ဆိုင်ရာ အခြေချနေထိုင်မည့် နေရပ်ဒေသအရောက် ပို့ဆောင်ပေးရန်အတွက် ပြည်လည်စိစစ်လက်ခံရေးကော်မတီဝင်များက ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ ဖေဖော်ဝါရီ ၂၁ ရက်တွင် နေရပ်ပြန်လိုသူ စုစုပေါင်း ၂၆၀ အား လွှဲပြောင်းလက်ခံခဲ့ကြောင်း။

**လွှဲပြောင်းလက်ခံ**

တတိယနေ့ လွှဲပြောင်းခဲ့မှုအရ ဘန်ဒုံရန် ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ ၄၅ ဦးနှင့် နို့ပိုးဒုက္ခသည်စခန်းမှ ၁၂၉ ဦး စုစုပေါင်း ၁၇၄ ဦးအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင် မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ သံမှူးကြီးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်မှူး ဦးအောင်ခိုင်ဆွေ ဦးဆောင်သော အဖွဲ့က လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား စုစုပေါင်း ၅၆၇ ဦးအား ကြိုဆိုလွှဲပြောင်းလက်ခံခဲ့ပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်လည်စိစစ်လက်ခံရေးကော်မတီများက ၎င်းတို့အခြေချနေထိုင်မည့် နေရပ်ဒေသအရောက် ပို့ဆောင်ခြင်း၊ အိမ်ထောင်စုအလိုက် လတ်တလော ထောက်ပံ့ပစ္စည်းနှင့် ငွေကြေးပေးအပ်ခြင်းများဆောင်ရွက်ပေးခဲ့ပြီး ယာယီအထောက်အထားများ ထုတ်ပေးခြင်းမှသည် အိမ်ထောင်စုဇယား (ပုံစံ-၁၀)နှင့် နိုင်ငံသား ခိုင်မာမှုအဆင့်အလိုက် မှတ်ပုံတင်များထုတ်ပေးခြင်း၊ နေရာချထားခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းတို့ကို သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဆက်လက်ပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# Line Walker -2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ဆက်လက်ရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

Line Walker -2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ဆူးလေဘုရားလမ်းမကြီးပေါ်၌ ရိုက်ကူးသည်။

နံနက် ၆ နာရီခန့်မှ စတင်ပြီး ညနေ ၅ နာရီခန့်အထိ ရိုက်ကူးရေးအတွက် ဇာတ်ဝင်ခန်းအပြင်အဆင်များနှင့်အတူ အက်ရှင်ဇာတ်ဝင်ခန်းအချို့ကို ရိုက်ကူးရေးအဖွဲ့သားများက အချိန်ယူ ရိုက်ကူးကြသည်။

သရုပ်ဆောင် မင်းရာဇာက "ဒီနေ့ကတော့ မြို့လယ်ကောင်မှာ သေနတ်တွေနဲ့ပစ်ကြတဲ့ အခန်းတွေ ရိုက်ကြတာပါ။ သူတို့ယူလာတဲ့ Movie Gun တွေက တော်တော်ကောင်းတယ်။ အဲဒီသေနတ်တွေနဲ့ မပစ်ခင်မှာ မိုလောင်းထားတဲ့ ပုံစံတူသေနတ်တွေနဲ့ လေ့ကျင့်မှုတွေ အရင်လုပ်တယ်။ သရုပ်ဆောင်မှုအပိုင်းကို သေနတ်မှန်တာကအစ ဒါရိုက်တာက မကြိုက်မချင်း ၁၂ ကြိမ်လောက်ပြန်ရိုက်တယ်။ ဒီနေ့ကတော့ ဒုစရိုက်ဂိုဏ်းအဖွဲ့အနေနဲ့ ပစ်ခတ်ကြတာပါ။ ကျွန်တော်တို့ကတော့ အဖွဲ့ဘီမှာပါတာပါ။ နောက်ထပ်လေးရက်လောက် ဒီနေရာမှာ ထပ်ပြီး ရိုက်ကြမှာပါ"ဟုပြောသည်။

ယနေ့ ရိုက်ကူးရာတွင် ဒုစရိုက်ဂိုဏ်းအဖွဲ့သားများနှင့် ရဲတပ်ဖွဲ့တို့ အပြန်အလှန် သေနတ်ပစ်ခတ်မှုများ၊ ရဲတပ်ဖွဲ့ဝင်ကို မော်တော်ယာဉ်ဖြင့် ဝင်ရောက်တိုက်ခိုက်မှုများ စသည့် ဇာတ်ဝင်ခန်းများ ပါဝင်သည်။

လာရောက်လေ့လာကြည့်ရှုသူ သရုပ်ဆောင် ပါဝင်ခွင့်ရမယ်ဆိုရင် ပိုပြီးတော့ကောင်းမယ်။ အခုလိုလာရောက်ရိုက်ကူးတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကိုမြှင့်တင်ပေးနိုင်မယ်လို့ မြင်မိပါတယ်" ဟု ပြောသည်။

အမှတ်(၄၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ကျောက်တံတားတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စန်းဦးက "ရိုက်ကူးရေးနဲ့ပတ်သက်လို့ လမ်းပိတ်၊ လမ်းလွှဲတွေကို ဆောင်ရွက်ပေးနေပါတယ်။ အနော်ရထာလမ်းကိုပိတ်ပြီးတော့ ဆူးလေဘုရားလမ်းကို ဖြတ်သန်းခွင့်မပေးပါဘူး။ အနော်ရထာ လမ်းဆုံပွိုင့်ကနေ ပိတ်ပြီးတော့ ရွှေဘုံသာလမ်းကို ပိတ်ပြီး အနော်ရထာလမ်းအတိုင်း သွားရတာပေါ့။ ဒါပေမယ့် နိုင်ငံတကာအဆင့်မီရုပ်ရှင်ဇာတ်ကားကြီးကို ကိုယ့်နိုင်ငံမှာ လာရောက်ရိုက်ကူးနေတာဆိုတော့ ဂုဏ်ယူတယ်။ သူတို့လုပ်ကိုင်တာတွေနဲ့ ပစ်ခတ်တာတွေကို ကြည့်ရတယ်။ တစ်ခါမှ မမြင်ဖူးတဲ့အရာတွေကိုမြင်ရတော့ ကြည့်ရတာတန်တယ်။ ကိုယ့်နိုင်ငံက ဇာတ်ကားတွေကိုလည်း အဲဒီလိုဖြစ်စေချင်တယ်" ဟု ပြောသည်။

ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားလမ်းမကြီးပေါ်၌ ရိုက်ကူးရာတွင် စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုသူအများအပြားရှိခဲ့သည်။ အဆိုပါဇာတ်ကားကို ယနေ့မှ စတင်၍ ဖေဖော်ဝါရီ ၂၆ ရက်အထိ ယင်းနေရာ၌ ရိုက်ကူးသွားမည်ဖြစ်ပြီး ထိုသို့ရိုက်ကူးရာတွင် အပြန်အလှန် သေနတ်ပစ်ခတ်မှု၊ မော်တော်ကားများ ပြိုင်မောင်းနှင်မှု စသည့် ဇာတ်ဝင်ခန်းများကို ရိုက်ကူးသွားမည်ဟု သိရသည်။



> "နိုင်ငံတကာ အဆင့်မီရုပ်ရှင်ဇာတ်ကားကြီးကို ကိုယ့်နိုင်ငံမှာ လာရောက်ရိုက်ကူးနေတာဆိုတော့ ဂုဏ်ယူတယ်။ သူတို့လုပ်ကိုင်တာတွေနဲ့ ပစ်ခတ်တာတွေကို ကြည့်ရတယ်။ တစ်ခါမှ မမြင်ဖူးတဲ့အရာတွေကို မြင်ရတော့ကြည့်ရတာ တန်တယ်။ ကိုယ့်နိုင်ငံက ဇာတ်ကားတွေကိုလည်း အဲဒီလိုဖြစ်စေချင်တယ်"

အံ့သစ်ကျော်က "ဒီရိုက်ကွင်းဟာ ကျွန်တော်တို့အတွက် လေ့လာသင်ယူမှု အပိုင်းတစ်ခုပါ။ ရုပ်ရှင်တစ်ကားကို ထုတ်လုပ်တဲ့အခါမှာ စီမံခန့်ခွဲမှုအပိုင်းတွေကိုလည်း အများကြီးတွေ့ရတယ်။ ကျွန်တော့်အတွက်ကတော့ လက်တွေ့လုပ်ငန်းခွင်တစ်ခုလိုပါပဲ။ ရုပ်ရှင်လောကသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာတယ်။ ဒီလို နိုင်ငံတကာအဆင့်မီ ကုမ္ပဏီနဲ့ ပြည်တွင်း ရုပ်ရှင်ကုမ္ပဏီတစ်ခုသာ ပူးပေါင်းပြီး ရိုက်ခွင့်ရမယ်၊ ကိုယ့်နိုင်ငံက သရုပ်ဆောင်တွေလည်း လွှဲထုတ်ထားပါတယ်။ လိုင်းကားတွေရော၊ ကိုယ်ပိုင်ကားတွေရော သွားလာရေး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ယာဉ်ကြောရပ်တန့်သွားတာမျိုးမရှိပါဘူး။ လာရောက်ကြည့်ရှုတဲ့ ပရိသတ်များတာကြောင့် ယာဉ်သွားလာမှု အခက်အခဲအနည်းအပါးတော့ ဖြစ်ခဲ့ပါတယ်"ဟု ပြောသည်။

ကျောက်တံတားမြို့နယ်နေသူ ယာဉ်မောင်း ဦးသိန်းတန်က "ယာဉ်ကြောကတော့ နည်းနည်းကျပ်တယ်။ ဒါကြောင့် လမ်းရှင်းတဲ့နေရာကနေ လှည့်ပြီး

ရိုက်ကူးနေစဉ်ကာလအတွင်း သက်ဆိုင်ရာမှ ကြိုတင်အသိပေးကြေညာထားသည့်အတိုင်း အဆိုပါနေရာအနီး၌ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်လမ်းကြောင်းများအတိုင်း လမ်းပိတ်၊ လမ်းလွှဲများပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ Line Walker-2 ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်း လမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူ သွားလာမှုအဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါ ရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-လှမိုး**

# ကဗျာဆရာကြီး ညွှန့်သစ် ကွယ်လွန် (၁၉၄၂-၂၀၁၉)



ကဗျာဆရာကြီး ညွှန့်သစ် သည် ဖေဖော်ဝါရီ ၂၀ ရက် ည ၁၀ နာရီ မိနစ် ၂၀ က ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ကဗျာဆရာကြီး ညွှန့်သစ် သည် မိုးဝေခေတ် ကဗျာဆရာတစ်ဦးဖြစ်ပြီး သခွပ်နီ၊ အုန်းမြင့်လှိုင်၊ ခင်ဝမ်း စသည့် ကဗျာဆရာကြီးများနှင့် ရေးဖော်ရေးဖက် ကဗျာဆရာတစ်ဦးဖြစ်သည်။ ကဗျာဆရာကြီး ညွှန့်သစ်ကို ဧရာဝတီတိုင်းဒေသကြီး ဆကာကြီးမြို့တွင် ၁၉၄၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (၁၃၀၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်)တွင် အဘ ဦးအုန်းမောင်၊ အမိ ဒေါ်ညိုတို့မှ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးစိုးညွှန့်ဖြစ်ပြီး မွေးချင်းသုံးဦးတွင် ဒုတိယမြောက် သားဖြစ်သည်။

**အယ်ဒီတာအလုပ်များ လုပ်ကိုင်**

၁၉၇၁ ခုနှစ် စက်တင်ဘာလ မိုးဝေရသမဂ္ဂဇင်းတွင် "ဒါပါပဲ" ကဗျာဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ အထက်တန်းအထိ ပညာသင်ကြားခဲ့ပြီး မြူနီစီပါယ်မဲစာရေး၊ လမ်းဘေးစာအုပ်ဟောင်းရောင်းသူ၊ ဧရာဝတီသင်္ဘောသား၊ ကျောက်တူးသမား၊ ကျောက်ပွဲစား၊ မွေးမြူရေးသမား၊ နယ်လှည့်အရောင်းစျေးသည်၊ ဗဟန်းစျေးတွင် ညစောင့်၊ စာပြင်ဆရာနှင့် မြို့တော်မဂ္ဂဇင်း အယ်ဒီတာအလုပ်များကို လုပ်ကိုင်ခဲ့သည်။

**ပြည်သူထဲတွင် ကျင်လည်နေသူ**

၁၉၉၄ ခုနှစ်တွင် ပထမဆုံးကဗျာလုံးချင်းစာအုပ် "ခါးသက်တဲ့အရသာ"ကဗျာစာအုပ်နှင့် ၂၀၀၄ ခုနှစ်တွင် ကောင်းကင်ပင်လယ် လုံးချင်းကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။ အခြားကဗျာဆရာများနှင့် စုပေါင်းရေးသားသည့် ကဗျာစာအုပ်များတွင်လည်း ပါဝင်ရေးသားခဲ့သည်။ ကဗျာဆရာများနှင့် စကားစမြည် စာအုပ်ကို မကြာသေးမီက ထွက်ရှိထားကြောင်း သိရသည်။

ကဗျာဆရာကြီး ညွှန့်သစ်နှင့်ပတ်သက်၍ ဆရာပါရဂူက "ညွှန့်သစ်သည် ပြည်သူထဲတွင် ကျင်လည်နေသူတစ်ဦးဖြစ်သည်။ ညွှန့်သစ်၏ကဗျာသည် ပြည်သူနှင့် နီးစပ်သော ကဗျာဖြစ်မည်မှာ ယုံမှားသံသယဖြစ်စရာမလိုပေ" ဟု ၂၀၀၄ ခုနှစ် နိုဝင်ဘာလက မှတ်ချက်ပြုရေးသားခဲ့ဖူးသည်။

ဇနီးဖြစ်သူ ဒေါ်မြမြသန်းမှာ မကြာသေးမီက ကွယ်လွန်သွားခဲ့ပြီး ဆရာညွှန့်သစ်ကွယ်လွန်ချိန်တွင် သားသုံးယောက် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# အပျော်စီးသင်္ဘော MV Genting Dream ဖြင့် နိုင်ငံစုံမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကော့သောင်းမြို့အနီးရှိ ခရင်းခွကျွန်းသို့ လာရောက်လည်ပတ်

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**
တနင်္သာရီတိုင်းဒေသကြီးအတွင်း ပင်လယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Tint Tint Myanmar Group of Companies နှင့် ဟောင်ကောင်အခြေစိုက် Star Cruise အပျော်စီးသင်္ဘောကုမ္ပဏီတို့၏ အစီအစဉ်အဖြစ် သင်္ဘောဝန်ထမ်း ၁၉၂၀ ပါ အပျော်စီးခရီးသည်တင် MV Genting Dream သည်ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၂၄၄၃ ဦးဖြင့် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့နယ် ခရင်းခွကျွန်း Mc Cloud Island ရှိ Myanmar Andaman Resort သို့ နေ့ချင်းပြန်ခရီးစဉ်အဖြစ် လာရောက်လည်ပတ်အပန်းဖြေခဲ့ကြောင်း သိရသည်။

လည်ပတ်အပန်းဖြေကြသည့် ခရီးသွားဧည့်သည်များကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Tint Tint Myanmar Group of Companies ဝန်ထမ်းများ၊ ဒေသခံ မြန်မာ့ရိုးရာယဉ်ကျေးမှုဒိုးပတ်အကအဖွဲ့များ၊ ကျောက်ဆည်ဆင်အကအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာကြိုဆိုကြသည်။

ခရီးသွားဧည့်သည်များသည် ခရင်းခွကျွန်း Mc Cloud Island ရှိ Myanmar Andaman Resort ကမ်းခြေတွင်ရေကူးခြင်း၊ ရေငုပ်ကာ ပင်လယ်ရေအောက်ရှုခင်းများ ကြည့်ရှုအပန်းဖြေခြင်းနှင့်ကော့သောင်းမြို့အနီး သာယာလှပသည့်ကျွန်းများသို့ တိုက်ရိုက်တစ်နေ့တာလာရောက်လည်ပတ်ကာ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားသည်။

ပွင့်လင်းတိုးတက် ဖွံ့ဖြိုးလာနေသည့် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကအားထားရာ အီကွေတိုရီဇင်ခရီးသွားလုပ်ငန်းကဏ္ဍတွင်သာယာလှပသည့်သဘာဝကျွန်းပေါင်းများစွာသို့ခရီးသွားဧည့်သည်များ အဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိသဖြင့် နိုင်ငံတော်အတွက်နိုင်ငံခြားဝင်ငွေများရရှိနေပြီဖြစ်ပြီး ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း အထိုက်အလျောက်ရရှိကာ အဆင်ပြေနေပြီဖြစ်ကြောင်းသိရသည်။ **ကျော်စိုး (ကော့သောင်း)**



## တိုတိုထွာထွာဖတ်စရာ

### တီဘီရောဂါလူနာများအားရှာဖွေကုသခြင်း ဆောင်ရွက်

**ဒေးဒရဲ**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဘိုးတုတ်ကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနတွင် ဖျာပုံခရိုင် တီဘီရောဂါကွင်းဆင်း ရှာဖွေကုသရေးအဖွဲ့ ဒေါက်တာခိုင်သဉ္ဇာစိုး ခေါင်းဆောင်သောအဖွဲ့သည် တီဘီရောဂါလူနာများအား ကျေးရွာအရောက် ကွင်းဆင်းရှာဖွေကုသခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀နာရီကဆောင်ရွက်ခဲ့သည်။

**စောင့်ရှောက်မှုပေး**

အဆိုပါ ကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်းတွင် အခမဲ့ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ အခမဲ့သလိပ် စစ်ဆေးပေးခြင်း၊ အခမဲ့သွေးစစ်ဆေးခြင်းနှင့် ရောဂါပိုးတွေ့ရှိပါက သောက်ဆေးများပေး၍ ထပ်မံလိုအပ်သည့် ဆေးများကို သက်ဆိုင်ရာကျန်းမာရေးဌာနတွင် သွားရောက်ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ရာ ဒေသခံ ၁၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကနီ**
ကနီမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းဖြင့် ကနီမြို့နယ် ဒိုင်ကြီးကျေးရွာ ရွာလယ်လမ်း ယာယီမဏ္ဍပ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် အသိပညာပေးဟောပြောခြင်းတို့ကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက်ဝန်ဆောင်မှုပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ကတ္တရာရေပိုက်လွှာလောင်းခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ပြည်သူများသွားလာရေးလွယ်ကူအဆင်ပြေစေရေးအတွက် မြို့နယ်လမ်းဦးစီးဌာနမှ ခရမ်း-သုံးခွကားလမ်းမိုင်တိုင်အမှတ်၄၆/၆မှ ၄၇/၂ ထိပ်ထိ ၁၈ပေအကျယ် လမ်း၌လေးဖာလုံအရှည်လမ်းကို ကတ္တရာရေပိုက်လွှာလောင်းခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်က အမှတ် ၄ ရပ်ကွက်တံတားကြီးထိပ်တွင် လမ်းလုပ်သားများက ဆောင်ရွက်လျက်ရှိသည်။ **ကိုကျော်(သုံးခွ)**

# မိတ္ထီလာနှင့် သာစည်မြို့နယ်တွင် ရောင်စုံမေမြို့ပန်းများ စိုက်ပျိုးရောင်းချ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းတဲ၊ ရွာသာအေးကျေးရွာနှင့် သာစည်မြို့နယ် ရွှေလုံ၊ ညောင်အိုင်၊ ကမ္ဘာ့မြင့်ကျေးရွာတို့တွင် ရောင်စုံမေမြို့ပန်းများကိုဒေသခံများက တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချလျက်ရှိကြောင်းသိရသည်။

"မေမြို့ပန်းက အနီရောင်၊ ပန်းနုရောင်၊ အဖြူရောင်၊ ခရမ်းရောင်၊ ကြက်သွေးရောင်စတဲ့အရောင်တွေစုံပြီး ရောင်းတန်းလှတော့ ဒီဘက်ဒေသတွေမှာ ရောင်စုံမေမြို့ပန်းကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးပြီးရပ်ကွက်၊ ကျေးရွာဈေးတွေမှာ ကိုယ်တိုင်ပြန်လည်ရောင်းချကြတယ်။ ရောင်စုံမေမြို့ပန်းတွေကဘုရားကပ်လှူပူဇော်တဲ့ ဘုရားပန်းတွေထဲမှာ အိမ်ရှင်မတွေအကြိုက်များတဲ့ ပန်းများဖြစ်ပြီး ပန်းစည်းအရွယ်အစားအလိုက် တစ်စည်းကို ၂၀၀ ကျပ်၊ ၅၀၀ ကျပ်ကနေ ၁၀၀၀ ကျပ်အထိ ရောင်းချကြတာပါ။ မိတ္ထီလာမြို့နယ်ထဲမှာ ရှမ်းတဲ၊ ရွာသာအေးကျေးရွာ၊ သာစည်မြို့နယ်ထဲမှာ ရွှေလုံ၊ ညောင်အိုင်၊ ကမ္ဘာ့မြင့်ကျေးရွာတွေမှာ ရောင်စုံမေမြို့ပန်းတွေကို တစ်နိုင်တစ်ပိုင်ရောင်းချဖို့ စိုက်ပျိုးကြပါတယ်" ဟု ရှမ်းတဲကျေးရွာမှ မေမြို့ပန်းစိုက်ပျိုးရောင်းချသူတစ်ဦးက ပြောသည်။



မိတ္ထီလာဒေသ၌ ရောင်စုံမေမြို့ပန်းများကို တစ်နိုင်တစ်ပိုင်ရောင်းချရန်အတွက် စိုက်ပျိုးရာတွင် ပျိုးထောင်ချိန်မှ ဈေးကွက်တွင် ရောင်းချနိုင်သည့် ပန်းပင်အရွယ်အထိ သုံးလခန့် ရေသွင်းစိုက်ပျိုးကြသည်။ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးလေ့ရှိကာ ဖေဖော်ဝါရီနှင့် မတ်လအထိ ရောင်းချကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများ တာချီလိတ်တွင် ပြန်လည်လက်ခံ

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**
မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၇၀ ကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီခွဲက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ၃၅၅ ဦးရှိပြီး အမျိုးသား ၂၂၂ ဦး၊ အမျိုးသမီး ၁၂၀ နှင့် ကလေး ၁၃ ဦးတို့ ပါဝင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



သုံးခွမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦးသည် ဖေဖော်ဝါရီ ၂၀ ရက်က သုံးခွမြို့နယ် ညောင်ပင်ခင်တန်းကျေးရွာတွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောစဉ်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## သန်လျင် ကျိုက်ခေါက်စေတီဗုဒ္ဓပူဇနီယအောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန် (တောင်ပိုင်း) ခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီ တပို့တွဲလ ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)က ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် အလှူတော်ငွေရရှိခဲ့မှုတို့ကို ရှင်းလင်းလျှောက်ထားပြီး တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဖေနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြ၍ ဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူခဲ့ကြသည်။

**သက်ခိုင် (သန်လျင်)**



သာကေတမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး မင်းသိန်းဝေ၊ ဒုစခန်းမှူး ရဲအုပ် ဟိန်းဝဏ္ဏမောင်တို့သည် ဖေဖော်ဝါရီ ၂၁ ရက်က သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ **အောင်ဆန်း**

## ပဲခူးတွင် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးသင်တန်းဖွင့်

**ပဲခူး ဖေဖော်ဝါရီ ၂၂**



ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်တွင် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့၊ တိုင်းဒေသကြီး ကိုယ်စားလှယ် တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်မှူး ဒေါက်တာ မာမာဝေက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စိစစ်ရေးပညာရှင်အဖွဲ့အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်က သင်တန်းတွင် ပို့ချမည့်သင်ခန်းစာဆိုင်ရာများအား ရှင်းလင်းပြောကြားကြသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ကြသည်။

မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ဒေသအဆင့်၊ နိုင်ငံတော်အဆင့်သာမက ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်၊ မိမိတို့ဒေသအလိုက် တည်ရှိနေသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုသိရှိနားလည်ပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီစာရင်းပြုစုနိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### တိုတိုထွာထွာဖတ်စရာ

**မီးဘေးအန္တရာယ်ကင်းဝေးရေး ခရမ်းမြို့နယ်၌ လိုက်လံစစ်ဆေး**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များကိုပြည်သူများသိရှိလိုက်နာနိုင်ရန် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှ အမှတ် ၅ ရပ်ကွက်သို့ လိုက်လံကြည့်ရှုပြီး မီးချိတ်မီးကတ်များ၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများထားရှိရန် အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

**ကံမမြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်လေ့ကျင့်**

**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့ စည်ပင်သာယာမြို့မဈေးတွင် ဖေဖော်ဝါရီ ၂၀ ရက် နေ့လယ်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လောင်စာဖြင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံများကို လက်တွေ့သရုပ်ပြခြင်းတို့ကို ပြုလုပ်ပြီးနောက် မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်သုံးစီးနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုကျော် (ကံမ)**

**မိုးညိုမြို့၌ လူကုန်ကူးမှုအသိပညာပေးဆွေးနွေး**

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် လူကုန်ကူးမှုအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ မိုးညိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်ခန့်က အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် လူကုန်တားတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၂)မှ ဒုရဲအုပ်ထွန်းညွန့်က လူကုန်ကူးခံရခြင်း၏ အခြေခံအကြောင်းအရာများ၊ နောက်ခံသမိုင်းကြောင်းများ၊ မြန်မာနိုင်ငံလူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုပြဿနာ ပေါ်ပေါက်ရခြင်း အကြောင်းရင်းများ၊ ကလေးငယ်များ လူကုန်ကူးခံရခြင်း၊ အငှားကိုယ်ဝန်ဆောင်စေရန် ရောင်းစားသည့်ဖြစ်စဉ်များ စသည့်လူကုန်ကူးမှုအကြောင်း သိကောင်းစရာများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ **ကိုမင်း(မိုးညို)**

## တိမ်မြုပ်ပျောက်ကွယ်နေသည့် သင်္ကြန်ယိမ်းအကပြိုင်ပွဲများ မန္တလေးသင်္ကြန်ပွဲတော်တွင် ထည့်သွင်းကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် ယခင်နှစ်များက စမ်းသပ်တီထွင်ထည့်သွင်းကျင်းပခဲ့သည့် လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်အစီအစဉ်များအပြင် နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေသည့် ရပ်ကွက်အလိုက် သင်္ကြန်ယိမ်း အကပြိုင်ပွဲများကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

“ဒီနှစ်သင်္ကြန်ပွဲတော်မှာ ထူးခြားချက်ကတော့ ရှေးခေတ်မန္တလေးသင်္ကြန်ပွဲတော်ရဲ့ ပုံရိပ်တွေဖြစ်တဲ့ ရပ်ကွက်အလိုက် သင်္ကြန် ယိမ်းအကပြိုင်ပွဲတွေကိုလည်း ထည့်သွင်းကျင်းပသွားမှာပါ။ ဒါ့အပြင် တိုင်းရင်းသားသွေးချင်းများ စုပေါင်းသင်္ကြန်နဲ့ မြန်မာ့ရိုးရာ အစားအစာတွေကို နေ့ညရောင်းချပေးမယ့် တောသင်္ကြန်အစီအစဉ်တွေလည်း ပါဝင်ပြီး သင်္ကြန်သံချပ်ပြိုင်ပွဲတွေလည်း ပါဝင်မှာပါ။ သင်္ကြန်ယိမ်းအကပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲနဲ့ တိုင်းရင်းသားသွေးချင်းများရဲ့ ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေပွဲတွေကိုတော့ မနော်ရမ္မံသင်္ကြန်မဏ္ဍပ်မှာ ကျင်းပသွားမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအကအဖွဲ့နှင့် သံချပ်အဖွဲ့များအား ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၂ သိန်း၊ တတိယဆု ကျပ် ၁၀ သိန်းနှင့်အတူ အထူးဆုခုနစ်ဆု သတ်မှတ်၍ ငွေကျပ်ငါးသိန်းနှုန်းဖြင့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ယခုနှစ် ဧည့်ခံဖျော်ဖြေမှုများအနေဖြင့် လူငယ်များ စိတ်ဝင်စားမှုရှိသည့် အဆိုတော်များဖြစ်သော အောင်ထက်၊ ဂျူဝယ်လ်၊ ချစ်ဇွဲသာတို့ကို ဆက်သွယ်ဖိတ်ခေါ်ထားပြီး Shell တေးဂီတအဖွဲ့နှင့် ခင်မြလွင် အမျိုးသမီးဆိုင်းအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုနှစ်သင်္ကြန်ပွဲတော်တွင် ကျုံးပတ်လည်၌ နေရာချထားမည့် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မတ်လအတွင်း ကျင်းပမည့် မဟာသင်္ကြန်အစည်းအဝေးအပြီးတွင် စတင်နေရာချထားပေးမည် ဖြစ်ပြီး ယခုနှစ်တွင် ငွေကြေးကို အဓိကမထားဘဲ ဒေသခံပြည်သူများအားလုံးပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်၍ လမ်းလျှောက် သင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်နေရာကောက်ခံမှုကို ယခင်နှစ်ဈေးနှုန်းများထက် လျှော့ပေါ့၍ ပေ ၃၀ အကျယ်အဝန်းအတွက် ကျပ် ၁၅ သိန်း၊ ပေ ၂၀ အတွက် ကျပ် ၁၀ သိန်းနှင့် ၁၀ ပေအတွက် ကျပ်ငါးသိန်းနှုန်းဖြင့်သာ ကောက်ခံသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ - အောင်ဖြိုးကျော်**



## အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့် နေပြည်တော်အတွင်းရှိ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးဝင်းက နေပြည်တော်တွင် လုပ်ငန်းလိုင်စင်ရရှိထားသောအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်သည့် NGO လေးဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၁ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၁၇ ဖွဲ့ စုစုပေါင်း ၃၂ ဖွဲ့တို့အနေဖြင့် အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ရာတွင် အာမခံပစ္စည်းရယူခြင်းမပြုဘဲ ငွေချေးခြင်းသာဖြစ်၍ အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ပြီး အသေးစားချေးငွေ မရှိသေးသော ကျေးရွာများသို့ရောက်ရှိအောင်ဆောင်ရွက်စေလိုကြောင်း၊ အသေးစားချေးငွေသည် ဝင်ငွေနည်းမိသားစုများအား အရင်းအနှီးများရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူဖြစ်စေသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ရှေ့နေနှင့် မင်းမှုထမ်း

ဦးဟန်ညွန့် ( ဥပဒေ )




**နိဒါန်း**

"ဆရာ "

"ဗျာ "

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရှေ့နေနှင့် မင်းမှုထမ်းပါ"

"ဘာအဓိပ္ပာယ်လဲဆရာ"

"ဝန်ထမ်းလောကအကြောင်းပါ"

"အသေးစိတ်ရှင်းပြပါဦးဆရာ"

"ဖတ်ကြည့်ကြစို့"

**ဆရာကြီးတက်တိုး**

ဆရာကြီးတက်တိုးဟုဆိုလျှင် စာပေလောကတွင်မသိသူမရှိ။ အများသိ၏။ အမည်ရင်း ဦးအုန်းဖေ။ ကဗျာဆရာမကြီး ဒေါ်(နုယဉ်)၏ခင်ပွန်း။ မြန်မာပြည်သတင်းဌာနတွင် ၁၉၅၉-၆၂ ၌ အယ်ဒီတာချုပ် လုပ်ခဲ့သူ။ ၁၉၅၀ တွင် မင်းမှုထမ်း ဝတ္ထုဖြင့် စာပေဗိမာန်ဆု ရရှိခဲ့သူ။

၁၉၅၈-၅၉ တွင် စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ၁၉၆၃ တွင် မြန်မာသတင်းစဉ် (နိုင်ငံခြား)ကို စတင်တည်ထောင်၍ အယ်ဒီတာချုပ်ဖြစ်ခဲ့သူ။ သတင်းနှင့်စာနယ်ဇင်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာပေ လုပ်သားအဖွဲ့ဖြစ်မြောက်ရေး ဥက္ကဋ္ဌတာဝန်ယူခဲ့သူ။ ၁၉၉၇ ပခုက္ကူဦးအုန်းဖေတစ်သက်တာစာပေဆုနှင့် ၂၀၀၃ ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်)တံဆိပ် ရရှိသူ စသဖြင့်ထင်ရှားသူ။

**မင်းမှုထမ်း**

မင်းမှုထမ်းစာအုပ်အကြောင်း ယနေ့လူငယ်(အချို့) သိရှိသူ၊ ဖတ်ဖူးသူ နည်းပါးလိမ့်မည်။ ထို့ကြောင့် ကျွန်တော်ကောက်နုတ်မျှဝေပါရစေ...။ ရသစာပေ ဝေဖြာစေလိုသော စေတနာနှင့်ပါ။

**လာဘ်စားတာဓမ္မတာ**

ဖေဖေ အခုလိုလာဘ်စားလို့ရတာဟာ အင်မတန်မစင်ကြယ်တဲ့ပစ္စည်းတွေပဲ။ ဒီလိုပစ္စည်းတွေနဲ့ ကျွန်တော်စာမသင်ချင်တော့ဘူး။ ဘာလုပ်ဖို့လဲဟု တင်သိန်းက အိမ်ကိုပြန်ရောက်ပြီး မကြာမီပင်လျှင် ဖွင့်ဟ၍ အပြစ်တင်လိုက်ရာ ဦးလှအောင်က သားကိုစိုက်၍ကြည့်ပြီးလျှင်---

ငါကစိတ်ပိုင်းဖြတ်လိုက်တယ်။ ငါ့သားကလေး မငြိုမငြင်နဲ့ ကျောင်းမှာပညာသင်ရရင် တော်ပြီ။ ငါ့ဖို့တော့ ဘာပဲဖြစ်ဖြစ် ငါ့စိတ်ထဲကမနှစ်မြို့တာကိုဘဲ လုပ်တော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီး ရန်ကုန်ပြန်လာတယ်။ ပြီးတော့ အလုပ်ခွင်ပြန်ဝင်ကတည်းက လာဘ်စားတော့တာပဲ။ အဲဒီလို လာဘ်စားလိုက်တော့မှ အထက်လူကြီးတွေက ငါ့ကို အရင်ကထက်ပိုပြီး ဂရုစိုက်လာတယ်။ ရာထူးတိုးဖို့ လခတိုးဖို့ အရိပ်အယောင်တွေပေါ်လာတယ်။ မဆန်းဘူးလား။ ဆန်းတော့ ဆန်းတာပေါ့ကွာ။ ဒါပေမယ့် အဆန်းထင်မနေနဲ့ကွ။ တကယ်ဖြစ်တဲ့ အဖြစ်အပျက်ပဲ။

နောက်ဆုံးတော့ကွာ သည်လိုအမှုထမ်း၊ အရာထမ်းတွေကို လူတန်းစေ့အောင် ထားမပေးနိုင်သမျှ လူတန်းစေ့နေနိုင်ဖို့ကို တစ်နည်းနည်းရှာကြံကြမှာ ဓမ္မတာပဲကွာ။ ဒါကြောင့် စာရေးတွေ လာဘ်စားတာ ဓမ္မတာပဲလို့သာ တွက်လိုက်ပေတော့သားရယ်။

အထက်ပါ ဇာတ်ဝင်ခန်းပြောစကားများမှာ ဆရာကြီးတက်တိုးရေးခဲ့သော မင်းမှုထမ်းစာအုပ်မှ ကျယ်လောင်သော၊ အဓိပ္ပာယ်ရှိသောအသံများ ဖြစ်ကြပါ၏။

ဆရာကြီးတက်တိုးအား ထိုစဉ်က ဝန်ကြီးချုပ်ကတော် ဒေါ်မြရီက မင်းမှုထမ်းအမည်ရှိ စာပေဗိမာန်(ဝတ္ထု)ဆုအတွက် ဆုငွေကျပ် တစ်ထောင်ချီးမြှင့်ဂုဏ်ပြုခဲ့ပါသည်။

**ဆရာကြီးတက်တိုး၏ ပြန်ကြားပြောဆိုချက်**

ကျွန်တော့်ကို (၁၉၅၀)ခုနှစ် စာပေဗိမာန်ဆု ချီးမြှင့်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်စာများများဖတ်၊ စာများများရေးခဲ့ပါတယ်။ စာရေးတွေရဲ့အနေအထိုင်၊ အပြုအမူ၊ အတွေးအခေါ်တွေ၊ အရာရှိတွေရဲ့ စိတ်နေစိတ်ထား--- အဲဒါတွေကို လေ့လာခဲ့ပါတယ်။ ဒါ့ကြောင့်မို့ လာဘ်ပေးနည်း၊ လာဘ်ဆွယ်နည်း၊ လာဘ်ယူနည်းအမျိုးမျိုးကို Case Histories လို့ခေါ်တဲ့ တကယ့်အဖြစ်အပျက်လေးများ ရေးယူရင်း စုံစမ်းရင်း လေ့လာခဲ့ပါတယ်။

လာဘ်ပေးလာဘ်ယူကိစ္စတွင်မကသေးဘူး။ ဘုရားထူးတဲ့အကျင့်၊ ဒူးထောက်တဲ့အကျင့်၊ အင်္ဂလိပ်အရာရှိကြီးများက ညှဉ်းဆဲပုံ၊ မြန်မာတွေကို ကျွန်လိုသဘောထားပုံတွေကို လေ့လာခဲ့ပါတယ်။

အဲသည်လိုစာရေးဘဝကရထားတဲ့ ဗဟုသုတတွေကို သင့်သလိုအသုံးပြုပြီး မင်းမှုထမ်းဝတ္ထုကို ရေးပါတယ်။ ဝတ္ထုရဲ့နောက်ခံကားချပ်ကြီးအဖြစ်နဲ့ ကျွန်တော်ငယ်ငယ်ကတည်းက အကျွမ်းဝင်လာခဲ့တဲ့မြေလတ်ဒေသ မကွေးမြို့ကလေးကို တည်ကိန်းပြုပြီး ဇာတ်ကောင်တွေကိုချထားကာ ဝတ္ထုအဆောက်အအုံ တည်ဆောက်ထားပါတယ်--- စသည်ဖြင့် ပြောကြားတင်ပြခဲ့ပေသည်။

**အကောင်းဆုံးစာအုပ်**

ရိုးရိုးကျင့်၊ မြင့်မြင့်ကြံသောလူငယ်တစ်ဦး၏ကြိုးပမ်းမှုကို ထင်ရှားအောင်သရုပ်ဖော်နိုင်သော ဂုဏ်နှင့်ပြည့်စုံခြင်း၊ လူ့စရိုက်ကိုဖော်ရာ၌ နိုင်နင်းခြင်း၊ ဇာတ်လမ်းဇာတ်ကွက်ရိုးရိုးနှင့် သဘာဝကျခြင်း၊ အရေးအသားပြေပြစ်ကျစ်လျစ်၍ ဣန္ဒြေရှိခြင်းတို့အတွက် ၁၉၅၀ ခုနှစ်အဖို့ အကောင်းဆုံးစာအုပ်အဖြစ် ရွေးချယ်သည်ဟု ဆုရွေးချယ်ရေးအဖွဲ့က မှတ်ချက်ချခဲ့သော မင်းမှုထမ်းစာအုပ်ဖြစ်ပေသည်။

**အနှစ်ချုပ်ကောက်နုတ်ချက်**

(၁) ဇာတ်ကောင်တင်သိန်း၏ မိဘများသည် ငွေကြေးချောင်လည်သူမဟုတ်။ သို့သော် တင်သိန်းသည် ဉာဏ်ပညာထက်မြက်သည်။

(၂) တင်သိန်းပညာဆက်မသင်နိုင်။ တက္ကသိုလ်သည် ကြေးရတတ် ဂုဏ်ကြီးရှင်တို့အတွက်ဟူသလို ဖြစ်နေသည်ကို တင်သိန်းစိတ်နာသည်။

(၃) တင်သိန်းလိုပညာမသင်ကြသူ ဉာဏ်ထက်မြက်သည့် လူငယ်ကလေးများ ဒုနှင့်ဒေးရှိသည်။ သူတို့လည်း ငွေကြေးမပြည့်စုံ၍ ပညာနောက်မလိုက်နိုင်။

(၄) ပညာရေးစနစ်ကလည်း လက်တွေ့နှင့်မကိုက်ညီ။ ထို့ကြောင့် ဝမ်းရေးအတွက် ငွေနောက်လိုက်ကြရသည်။ ထိုအခါ လူ့ရောစိတ်ပါ တစ်မျိုးတစ်မည်ပြောင်းလဲကုန်ကြသည်။

(၅) တိုင်းပြည်၏ကျဆင်းစရာ ကျောရိုးဟုဆိုနိုင်သည်။ ထိုဝမ်းနည်းစရာ ဖြစ်ရပ်ကို တွေ့နေရသည်မှာ ကြာ - ကြာလှပါပြီ။

(၆) လူထု၏ လူငယ်လေးများ ထွန်းပေါက်ထွက်ရောက်လာလျှင် မျက်ရည်တွဲလဲ ကျအောင် ဝမ်းသာကြမည် မြင်မိသည်။

(၇) တင်သိန်းသည် အိမ်ထောင်ကျပြီးနောက် မျက်နှာဖြူအောက် မင်းမှုထမ်းလုပ်ရသည်။ မျက်နှာဖြူကို ဒူးတုပ်ရှိခိုးရသည်။ ပျာပျာသလဲ ကြိုရသည်။ ဘုရားထူးရသည်။ အောက်ကျခံရသည်။ အနှိပ်ကွပ်ခံရသည်။

(၈) အခုခေတ်တွင်မတော့ လူငယ်လေးများ အသိပွင့်ကြပြီ။ တိုင်းတစ်ပါးသားကို အောက်ကျို့စရာမလို။ လေးစားသမှုတော့အပြန်အလှန်ရှိရမည်။ အားနွဲ့သူပါဟု သမုတ်ခံရသော မိန်းမသားပင်ဖြစ်လင့်ကစား တိုင်းတစ်ပါးအထင်အမြင်နိမ့်ချသည်ကို ဆတ်ဆတ်ထိမခံသောသူကို လေးစားသည်။ တို့ဗမာစိတ်ဓာတ်လို လူငယ်အများ အကြီးကြီးထားကြသည်။ ဆက်လက်လည်းထားကြပါ။

(၉) တင်သိန်းက မယားဖြစ်သူကို လာဘ်ပေးလာဘ်ယူစနစ် ပျောက်ကွယ်ပြီး အထက်လူကြီးကို အကြိုက်လိုက်သော ဝန်ထမ်းစနစ်ပျောက်ရင်ကောင်းမှာပဲဟု ပြောသည်။

(၁၀) လာဘ်ပေးလာဘ်ယူစနစ်သည် မိမိတို့တိုင်းပြည်တွင်သာမဟုတ်၊ အခြားတိုင်းပြည်များတွင်လည်းရှိသည်။ ယင်းအတွက် အဖြေတစ်ခုပေးပါဆိုလျှင် ဆွေးနွေးမှုနှင့် စုံစမ်းမှုများစွာ လုပ်ရမည်။ ကုမရသော ရောဂါတော့ မဟုတ်ပါ။

(၁၁)လူငယ်တို့သည် လာဘ်ပေးလာဘ်ယူ စနစ်ကြီးကို မုန်းကြမှာပါ။ တိုက်ဖျက်ဖို့ ခံယူချက်ပြင်းပြင်းထားကြပါ။ လူတွင်ရောဂါတစ်မျိုးဖြစ်သလိုပေါ့။ အစားအသောက်ဆင်ခြင်လျှင် တဖြည်းဖြည်း ရောဂါမပျောက်ရင်တောင် ဒုက္ခကြီးစွာ မပေးနိုင်တော့ပါ။

> **လာဘ်စားတာဟာ အလွန်ကြီးလေးတဲ့ လူမှုရေးပြစ်မှုကြီးဆိုတာ လေးလေးနက်နက် သိအောင်၊ လာဘ်စားဖို့မလိုအောင် လုပ်ရမှာက လူထုကို ပညာသင်ပေးဖို့လိုတယ်။ လူထုကလည်း လာဘ်ပေးတာဟာ မကောင်းတဲ့အလုပ်ပဲ။ လူထုအကျိုးကို အမှုထမ်းတွေ ထမ်းရမယ်ဆိုတာ လေးလေးနက်နက် သိရမယ် . . .**

**အခန်း (၁၇) ခန်း**

အရေးကြီးလှစွာသော သတင်း၊ ဆက်လက်ဝေဆာ၊ ဝါဒပြောင်းပြီ၊ စာရေးဘဝ ၊ ခါသကြန်၊ ဝါဆိုပန်း၊ မျက်စိရှိသောအချစ်၊ ခလုတ်ကန်သင်း၊ သားသမီး မိဘတိုက်ပွဲကြီး၊ တူစုံမောင်မယ်၊ ဘုရားအကြိုက် မျက်နှာဖြူ၊ ကျွန်ဖွတ်ကျွန်လိပ်၊ ဖြူမင်းလွင်၊ မြို့အုပ်မင်း၊ အဖြေလာဘ်၊ စေတနာတန်ခိုးသတ္တိ၊ မဆုတ်မနစ်စသည့် အခန်းပေါင်း(၁၇) ခန်းပါဝင်သည်။ လက်ကမချချင်အောင် ဆွဲဆောင်ဖတ်ရှုစရာဝတ္ထုပါ။

**နောက်ဆုံးအခန်း**

နောက်ဆုံးအခန်း(၁၇)တွင် "တင်သိန်းမင်းလို လာဘ်မစားတဲ့၊ မဟုတ်မခံလုပ်တဲ့သူတွေ အစိုးရအမှုထမ်းထဲမှာ တဖြည်းဖြည်းများလာဖို့လိုတယ်။ ဦးလည်း ဒီလိုပဲ ပိန်လိမ်ခံခဲ့ရတယ်။ ဦးတို့အလုပ်ဝင်စကတည်းက ဒီလိုပဲ စားတဲ့ကောင်တွေကြားမှာနေခဲ့ရတယ်။ သူတို့က အခုလို မင်းကို ဝိုင်းဆော်သလို ဆော်ကြတာပေါ့။ ဒါပေမယ့် ဦးကတော့ မကြောက်ပါဘူး။ သူတို့ချောက်တွန်းလို့ ချောက်ချတာလည်း အများကြီးပေါ့" ဟူသော လက်တွေ့ဝန်ထမ်းဘဝများအကြောင်း။ တစ်တစ်ခွခွ ရေးထားပါသည်။

**ပြည်သူ့အစိုးရကိုမျှော်ကြရအောင်**

ပြည်သူ့အစိုးရဖြစ်မှလည်း ဗျူရိုကရေစီစနစ်ကြီးပျက်စီးသွားမှာပဲ။ ဒီတော့မှ အစိုးရ အမှုထမ်းအရာထမ်းတွေဟာ အခြေလှလာကြတော့မယ်။ ပြည်သူ့အစိုးရကို မျှော်ကြရအောင်နော်...။

**ထောင်ချည်းချပစ်လို့မဖြစ်သေးဘူး**

လာဘ်မစားရအောင် လုပ်တယ်ဆိုတာကလည်း လာဘ်စားတဲ့လူတွေကို ထောင်ချည်းချပစ်လို့ မဖြစ်သေးဘူး။ လာဘ်မစားချင်အောင် လာဘ်စားတာဟာ အလွန်ကြီးလေးတဲ့ လူမှုရေးပြစ်မှုကြီးဆိုတာ လေးလေးနက်နက် သိအောင်၊ လာဘ်စားဖို့ မလိုအောင် လုပ်ရမှာက လူထုကို ပညာသင်ပေးဖို့လိုတယ်။ လူထုကလည်း လာဘ်ပေးတာဟာမကောင်းတဲ့အလုပ်ပဲ။ လူထုအကျိုးကို အမှုထမ်းတွေ ထမ်းရမယ်ဆိုတာ လေးလေးနက်နက် သိရမယ်----- စသည်ဖြင့် မီးမောင်းထိုး၍ ဝတ္ထုကို နိဂုံးချုပ်ထားလေသည်။

**နိဂုံး**

နိဂုံးချုပ်မှာ ဘာသင်ခန်းစာရသလဲ။

(၁) ဆရာကြီးတက်တိုး၏ မင်းမှုထမ်း စာအုပ်အကြောင်းဖြစ်ပါသည်။

(၂) ဘယ်တော့မှမရိုး။ခေတ်မီဆဲ။ ဝန်ထမ်းဘဝအကြောင်းကွက်ကွက်ကွင်းကွင်းပြနေဆဲ။

(၃) ယနေ့တိုင်ပြုပြင်စရာ စေတနာ။

# ဂျပန်ရိုးရာ ပိုးမွေးမြူခြင်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင် ထုတ်လုပ်သည့်နည်းပညာ မိတ်ဆက်ဖြန့်ဖြူး

**ဘားအံ ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဂျပန်နိုင်ငံ Daimatsu Co,.Ltd၊ JICA နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပိုးချည်မျှင်လက်ရက်ကန်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင် ထုတ်လုပ်သည့် ဂျပန်နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် မိတ်ဆက်ဖြန့်ဖြူးပေးမှုစီမံကိန်း ဂျပန်ရိုးရာပိုးမွေးမြူခြင်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင်ထုတ်လုပ်သည့်နည်းပညာ မိတ်ဆက်ဖြန့်ဖြူးပေးမှုအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် အိန္ဒူ-မော်လမြိုင်ကားလမ်းဘေးရှိ ကမော့ကပိုမျိုးသန့်ခြံ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဂျပ်ခုတ်ကို အထူးပင်စိတ်ဝင်စားပါကြောင်း၊ ကရင်ရိုးရာဂျပ်ခုတ်ထည်များကို ပိုးချည်ဖြင့်ရက်လုပ်ပါက ပို၍လူကြိုက်များစိတ်ဝင်စားမည်ဟု ယုံကြည်သည့်အတွက် ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.KeisukeAmimoto က နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ JICA အဖွဲ့အစည်းမှ ဒုတိယဌာနေကိုယ်စားလှယ် Mr.Nobuo Iwai က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ Daimatsu Co,.Ltd. ဥက္ကဋ္ဌ Mr.KeijiFujii က ပိုးချည်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပိုးမွေးမြူရေးပညာရှင် Mr.Hiraishi က ပိုးချည်ထုတ်လုပ်မှု ဗီဒီယိုမှတ်တမ်းအား ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပိုးချည်မျှင်လက်ရက်ကန်းအလုပ်ရုံ၌ ပိုးချည်ထုတ်လုပ်မှုအဆင့်အဆင့်ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း ပိုးထည်ထုတ်လုပ်သည့်လုပ်ငန်း ပျောက်ကွယ်မည့်အလားအလာနှင့် တရုတ်နိုင်ငံမှတင်သွင်းနေရသည့်အခြေအနေကြောင့် ပိုးမွေးမြူခြင်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင်ထုတ်လုပ်သည့်နည်းပညာများအား ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် မိတ်ဆက်ဖြန့်ဖြူးပေးခြင်းအားဖြင့် မြန်မာ့ပိုးထည်လုပ်ငန်းကို ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်၏ ရာသီဥတုနှင့် ကိုက်ညီသည့် ဂျပန်ရိုးရာပိုးမွေးမြူခြင်းနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းနည်းပညာကို တောင်သူများထံသို့လက်ဆင့်ကမ်း၍ အရည်အသွေးမြင့်မားသည့် ပိုးလုံး၊ ပိုးချည်များကို ထုတ်လုပ်နိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပိုးမွေးမြူခြင်း၊ ပိုးချည်ထုတ်လုပ်ခြင်းစသည့်အလုပ်အကိုင်အခွင့်အလမ်းများကြောင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စာတမ်းဖတ်ပွဲ၊ ပညာရေးအထောက်အကူပြု နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲများ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ရတနာပုံတက္ကသိုလ် (၁၉)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ပညာရေးအထောက်အကူပြု နည်းပညာပြပွဲ၊ ဈေးရောင်းပွဲများကို ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရတနာပုံတက္ကသိုလ် ပင်မဆောင်ရှေ့တွင် ကျင်းပသည်။

ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပညာရေးအထောက်အကူပြု ဘာသာရပ်ဆိုင်ရာဌာနများ သင်ထောက်ကူနည်းပညာများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ အမရပူရခန်းမတွင် စာတမ်းဖတ်ပွဲများကျင်းပရာ သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၃၂ စောင်နှင့်ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၃၇ စောင် ဖတ်ကြားခဲ့ကြသည်။

အလားတူ ပြည်ထောင်စုခန်းမတွင် ဟောပြောပွဲများ၊ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေမှုများ၊ ဈေးရောင်းပွဲများ ကျင်းပခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

## အနုပညာသတင်း




# ဝင်ဒီရဲ့တေးဗီဒီယိုသစ် ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝင်ဒီဟာ လတ်တလောမှာတော့ သူ့ရဲ့ တေးသီချင်းသစ်အတွက် တေးဗီဒီယိုကို ထုတ်လွှင့်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဝင်ဒီရဲ့ တေးသီချင်းသစ် "What If Love" ဟာ ရုပ်သံဇာတ်လမ်းတွဲ "Touch Your Heart" မှာ ပါဝင်တဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ ပေ့ါပ်သီချင်းဖြစ်ပြီး ဇာတ်လမ်းတွဲမှာ ပါဝင်ထားတဲ့ အဓိက ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသားလီဒေါင်ဝတ်နဲ့ မင်းသမီးယိုအင်နာတို့အကြားက အချစ်ဇာတ်လမ်းကို ပုံဖော်ထားတာဖြစ်တာကြောင့် တေးဗီဒီယိုမှာတော့ အဓိကဇာတ်ဆောင်တွေအကြားက ချင်ခင်မှုတွေကို ထည့်သွင်းဖန်တီးထားတာ တွေ့ရပါတယ်။

# စေ့စပ်ပွဲပါတီအတွက် ပြင်ဆင်နေတဲ့ အော်လန်ဒိုဘလွန်းနဲ့ ကတ်တီပါရီ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားအော်လန်ဒိုဘလွန်းနဲ့ တေးသံရှင် ကတ်တီပါရီတို့ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း စေ့စပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြီးနောက် လတ်တလောမှာတော့ ကြယ်ပွင့်စုံတွဲဟာ စေ့စပ်ပွဲပါတီအတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အော်လန်ဒိုဘလွန်းနဲ့ ၃၂ နှစ်အရွယ်ကတ်တီပါရီတို့ဟာ သူတို့ရဲ့စေ့စပ်ပွဲနဲ့ပတ်သက်ပြီး အလုပ်များနေကာ သူတို့နှစ်ဦးအတွက် မှတ်တိုင်သစ်တစ်ခုဖြစ်တဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဂုဏ်ပြုဖို့ရာ မိတ်ဆွေအပေါင်းအသင်းတွေအတွက် ပါတီပွဲကျင်းပပေးဖို့ ပြင်ဆင်နေကြောင်းလည်း ကြယ်ပွင့်စုံတွဲနဲ့ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ သိရပါတယ်။



အော်လန်ဒိုဘလွန်းနဲ့ ကတ်တီပါရီတို့ဟာ စေ့စပ်ပွဲပါတီအတွက် အလုပ်များနေခဲ့ကြပြီး လက်ရှိအချိန်အထိတော့ မင်္ဂလာပွဲအတွက် အစီအစဉ်တွေကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးဘူးလို့ သိရပါတယ်။ စေ့စပ်လိုက်ပြီဖြစ်ကြောင်းကိုတော့ ကတ်တီပါရီက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာ ဖြစ်ပါတယ်။ လက်ထပ်ခွင့်တောင်းဆိုခံခဲ့ရတာကြောင့် အံ့အားသင့်ခဲ့ရသလို အလွန်ပျော်ရွှင်ခဲ့ရကြောင်းလည်း ကတ်တီပါရီက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

အော်လန်ဒိုဘလွန်းဟာ ကတ်တီပါရီကို လက်ထပ်ခွင့်တောင်းဆိုရာမှာတော့ နည်းဟောင်းကိုသာ သုံးစွဲခဲ့တာ တွေ့ရပါတယ်။ ကတ်တီပါရီရဲ့မိဘတွေနဲ့ ဆက်သွယ်ကာ ခွင့်ပြုချက်တောင်းဆိုခဲ့ပြီးနောက် လက်ထပ်ခွင့်တောင်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ လမ်းခွဲခဲ့ကြပါသေးတယ်။ ဒုတိယအကြိမ် ပြန်လည်လက်တွဲခဲ့ပြီးနောက်မှာတော့ နှစ်ဦးအကြားက ဆက်ဆံရေးကို အဆင့်တိုးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ယခင် လမ်းမခွဲမီကလည်း အော်လန်ဒိုဘလွန်းက ကတ်တီပါရီနဲ့ စေ့စပ်ဖို့ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါပေမယ့် ကတ်တီပါရီဘက်က အဆင်သင့်မဖြစ်သေးတာကြောင့် မစေ့စပ်ဖြစ်ခဲ့ကြပါဘူး။ အချိန်အတော်ကြာ လက်တွဲခဲ့ပြီးနောက် ကတ်တီပါရီက အော်လန်ဒိုဘလွန်းဟာ သူ့ဘဝရဲ့လက်တွဲဖော်အစစ်အမှန်ဖြစ်ကြောင်း သိမြင်ခံစားလာရတာကြောင့် နောက်ဆုံးမှာတော့ စေ့စပ်ဖြစ်ခဲ့ကြတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**



# မတ်လအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ပါ့ခ်ဘွန်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ပါ့ခ်ဘွန်ဟာ လာမယ့်မတ်လအတွင်းမှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဘွန်ဟာ အမျိုးသမီးတေးဂီတအဖွဲ့ "2NE1" ကနေ နုတ်ထွက်ခဲ့ပြီးနောက် အနုပညာလှုပ်ရှားမှုတွေလည်း နေးကွေးနေခဲ့တာပါ။ လတ်တလောမှာတော့ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်လာတာဖြစ်ပြီး တေးသီချင်းသစ် မထုတ်လွှင့်မီမှာလည်း သူ့ရဲ့ ရုပ်သံလိုင်းသစ်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ခဲ့ကြောင်းလည်း သိရပါတယ်။

" Naver V Live channel" လို့ အမည်ရတဲ့ ရုပ်သံလိုင်းသစ်ကို ပါ့ခ်ဘွန်က ပြီးခဲ့တဲ့ဖေဖော်ဝါရီ ၂၂ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့ပြီး ဒီလို ထုတ်လွှင့်လိုက်တဲ့ အထိမ်းအမှတ်အဖြစ် ဗီဒီယိုဖိုင်တစ်ခုကိုလည်း ပါ့ခ်ဘွန်က သူ့ရဲ့ရုပ်သံလိုင်းနဲ့ ယူကျုပေါ်မှာ ထုတ်လွှင့်ပြသခဲ့ကြောင်းလည်း သိရပါတယ်။

ပါ့ခ်ဘွန်ဟာ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် တေးသီချင်းသစ်နဲ့ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာဖို့ရာ အထူးကြိုးစားပြင်ဆင်ခဲ့ကြောင်းလည်း သိရပါတယ်။ သူ့ရဲ့တေးသီချင်းသစ်မှာတော့ "2NE1"ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်ဒရာပါ့ခ်က ပါဝင်အားဖြည့်သီဆိုပေးထားတယ်လို့ သိရပါတယ်။




KAPLAN MYANMAR UNIVERSITY COLLEGE

HND နှင့် အခြားသော Diploma ရရှိပြီးသူများအတွက်
နောက်ဆုံးနှစ် (Top-up) အတန်းများ ဖွင့်လှစ်နေပါပြီ။

- BA (Hons) Business International Management
- BSc (Hons) Computer Science

SCHOLARSHIP AVAILABLE

BUILDING YOUR FUTURE WITH KAPLAN MYANMAR UNIVERSITY COLLEGE

09 777 636 000 09 777 686 000

၆/A ၊ ဝဂ္ဂီရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။


SUZUKI

Way of Life!

# သတိပေးတားမြစ်ခြင်း

Suzuki (Myanmar) Motor Co., Ltd. သည် လူမှုကွန်ရက် တစ်ခုဖြစ်သည့် Facebook တွင် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို ကုမ္ပဏီ၏ တရားဝင် Facebook Page ဖြစ်သည့် Suzuki Myanmar Motor ( https://www.facebook.com/suzukimyanmarmotorcoltd) မှဖော်ပြလျက်ရှိပါသည်။ ယခုအခါ လူမှုကွန်ရက်ပေါ်တွင် Suzuki Myanmar Motor အမည်နှင့်ဆင်တူယိုးမှား Facebook Page အတုများပြုလုပ်ကာ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေမည့် မမှန်ကန်သည့် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများကို ဖော်ပြ၍ ပျံ့နှံ့စေရန် ပြုလုပ်လျက်ရှိကြောင်းတွေ့ရပါသည်။

သို့ပါ၍ Suzuki (Myanmar) Motor Co., Ltd. ၏ တရားဝင် Facebook Page တွင်ဖော်ပြထားသည့် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ မဟုတ်သည့် အခြားသတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများသည် Suzuki (Myanmar) Motor Co., Ltd. နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် Facebook Page အတုများပြုလုပ်၍ မမှန်ကန်သည့် သတင်းများ ဖော်ပြနေသူများအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်ဇာလီအောင်
တရားလွှတ်တော်ရှေ့နေ
စဉ် (၁၄၃၅၂) (၁၇-၅-၂၀၁၈)
အမှတ် ၂၅၈ / က၊ လှိုင်သီတာလမ်း၊
(၃၀)ရပ်ကွက်၊ မြောက်ဒဂုံ။
၀၉၄၂၀၃၁၈၉၃၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ရောဂါတိုက်ဖျက်ရေးဌာနအသီးသီးတို့တွင် ဆေးဘက်ကျွမ်းကျင် (၂) (ဓာတ်ခွဲ)/ဓာတ်ခွဲကျွမ်းကျင်(၂) လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများသည် လျှောက်ထားနိုင်ပါသည်။

(၁) လျှောက်ထားသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၃) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss)ခြင်း၊ ထုတ်ပယ် (Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံထားရသူများ လျှောက်ထားခွင့်မရှိပါ။

(၄) လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ B.Med.Tech ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ၊ ယာယီဘွဲ့လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူ ပူးတွဲတင်ပြရမည်။

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူပူးတွဲတင်ပြရမည်။

(ဂ) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ ပူးတွဲတင်ပြရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်။

(င) ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာ နမှူး၏ ဆေးထောက်ခံစာ(မူရင်း)

(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်အစား ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရပါမည်။

(ဆ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာရေးသားဖော်ပြပေးရပါမည်။

(ဇ) လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးမှတ်တမ်းကို ပြည့်စုံစွာ ဖော်ပြပေးရပါမည်။

(ဈ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်ခွဲ)/ဓာတ်ခွဲကျွမ်းကျင်(၂)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံတာဝန်အားအနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၁၉-၃-၂၀၁၉ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ကုသရေးဦးစီးဌာန၊ ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။
(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ လျှောက်ထားသူများသည် ၁-၄-၂၀၁၉ ရက် (တနင်္လာနေ့)တွင် စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ **မပျက်မကွက်** လူကိုယ်တိုင်လာရောက်သတင်းပို့ရပါမည်။

၇။ လျှောက်ထားသူများသည် ၂-၄-၂၀၁၉ ရက် (အင်္ဂါနေ့)တွင် ရေးဖြေကျွမ်းကျင်ဘာသာရပ် (၁)နာရီနှင့် အင်္ဂလိပ်စာဘာသာရပ် (၁)နာရီ ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေ ဖြေဆိုအောင်မြင်သူများကို ၄-၄-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း (သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ ယာယီဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ အသေးစိတ်သိရှိလိုသည်များကို စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၄၁၁၃၉၃နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဖုန်းနံပါတ် ၀၁-၃၇၁၉၅၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၉။ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့် မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးပါသည်။

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**ကုသရေးဦးစီးဌာန**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ (၂၄)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၂၄)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၄)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# AFC Cup ပြိုင်ပွဲ ရန်ကုန်နှင့် ရှမ်းယူနိုက်တက် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

**အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှအဆင့်ကလပ်ပြိုင်ပွဲများတွင် ဒုတိယအဆင့် အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**



AFC Cup ပြိုင်ပွဲယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်ကစားသမားများကို တွေ့ရစဉ်။

AFC Cup ပြိုင်ပွဲတွင် ဇုန်အလိုက်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုရာသီ AFC Cup ပြိုင်ပွဲ၏ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်မည်ဖြစ်ပြီး ရန်ကုန်အသင်းသည် အုပ်စု(F)တွင် ဟနွိုင်း(ဗီယက်နမ်)၊ တမ်ပနိစ်ရိုဗာ(စင်ကာပူ)၊ နာဂါဝေါ(ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(G)တွင် ဆီရက်စ်(ဖိလစ်ပိုင်)၊ ဘင်ဒေါင်း(ဗီယက်နမ်)၊ ပါစီဂျာဂျကာတာ(အင်ဒိုနီးရှား)တို့နှင့် အတူကျရောက်နေသည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို ဖေဖော်ဝါရီ ၂၆ ရက်မှ မေ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

## မြန်မာ ယူ-၂၂ အသင်း အုပ်စုနောက်ဆုံးပွဲတွင် မလေးရှားကို ရှုံးနိမ့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးနေ့ကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီက ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ချိန်တည်းယှဉ်ပြိုင်ကစားရာ မြန်မာ ယူ-၂၂ အသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

**မလေးရှား ယူ-၂၂ - တစ်ဂိုး**
**မြန်မာ ယူ-၂၂ - ဂိုးမရှိ**

တစ်ချိန်တည်းကစားသည့်ပွဲတွင် အင်ဒိုနီးရှားအသင်း၏ အနိုင်ရလဒ်ကြောင့် မြန်မာနှင့် မလေးရှားပွဲရလဒ်မှာ အရေးမပါတော့သော်လည်း မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် ဂုဏ်သိက္ခာပိုင်းအရ နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ နည်းပြသစ် ပိုပေါ့ဗ်၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲမှာ ရလဒ်မကောင်းခဲ့ဘဲ နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ အုပ်စုအောက်ဆုံးနေရာမှ ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



# ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ တံပူပွဲတော်(သို့မဟုတ်)ပွဲလူလို

**စိုင်းသာလှိုင်(လိမ္မော်မြေ)**



ရှမ်းပြည်နယ် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတစ်ခုဖြစ်သော တံပူပွဲတော်(သို့မဟုတ်)ပွဲလူလိုဟုခေါ်သော သနပ်ခါးနံ့သာဆီမီး ဘုရားမီး ပူဇော်ခြင်းဓလေ့သည် ရှမ်းပြည်နယ်တွင် နှစ်စဉ်ကျင်းပမြဲ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည်။ နံ့သာဆီမီးကျင်းပသည့်ရက်သည် တပို့တွဲလဆန်း ၁၄ ရက်နှင့် ၁၅ ရက် ဆောင်းကာလ၏ အစွန်ဆုံး အအေးဆုံးရာသီချိန်ခါဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်နယ်၏ အအေးဓာတ်လွန်ကဲသည့် တပို့တွဲလနှင့် မီးပူဇော်ချိန်အခါသမယမှာ လိုက်ဖက်လှပေသည်။

တပို့တွဲလသို့ ရောက်ပြီဆိုလျှင် ရှမ်းတိုင်းရင်းသား အမျိုးသား အမျိုးသမီးတို့သည် မိမိရွာနှင့် မိမိတို့ရွာလုံးကျွတ်မျှ တံပူပင်ရှာဖွေကြတော့သည်။ မိမိတို့ ရိုးရာဓလေ့ပွဲတော်အတွက် တပို့တွဲလ၏ အေးချမ်းမှုဒဏ်ကို အလေးမမူမိကြပေ။ သီချင်းတအေးအေးနှင့် တောကြိုအုံကြားသွားရောက်လျက် တံပူပင်ခုတ်ကြတော့သည်။ တစ်ရွာနှင့် တစ်ရွာအပြိုင်အဆိုင် တံပူပင်ပြုလုပ်ရမည်ဖြစ်၍ နုသောဖြောင့်သော တံပူပင်ကိုမှ ရွေးရှာကြရပေသည်။ တံပူပင်ဆိုသည့်ဆူးပင်မှာ အခွံခွာပြီးလျှင် ဖြူဖြူဖွေးဖွေးနှင့် အမြင်လှပသလောက်၊ အခွံမခွာမီမှာ ဆူးနှင့်အတိဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ ရိုးရာအလှူဒါနအတွက် ဆူးအပြည့်နှင့် တံပူကိုပင် စိတ်ရှည်လက်ရှည်ခုတ်ထစ်ပြီး အခွံခွာ၍ သယ်ဆောင်လာကြသည်။

တပို့တွဲလပြည့်နေ့တွင် တံပူပင်အား မီးရှို့ပူဇော်မည်ဖြစ်သောကြောင့် ခုတ်ယူလာသော တံပူပင်အား ခြောက်သွေ့စေရန် နေလှန်းထားကြရသည်။ ထို့နောက် တံပူပင်အား မည်သို့သော ပုံစံမျိုးပြုလုပ်မည်ကို တိုင်ပင်ညှိနှိုင်းဆောင်ရွက်ကြသည်။ သို့ဖြစ်ရာ တပို့တွဲလပြည့်နေ့သို့ ရောက်ရှိလာလျှင် မိမိတို့ ပြုလုပ်ဆင်ယင်ထားသော ပြာသာဒ်ပုံ၊ ကျောင်းပုံ၊ စေတီပုံ စသည်ဖြင့် ဉာဏ်မီသလို ပြုလုပ်ထားသည့် တံပူပင်အား မြို့၏စုရပ်ကျယ်ပြန့်သည့် နေရာသို့ အိုးစည်ဗုံမောင်းတို့ဖြင့် သယ်ယူသွားကြသည်။ ရှမ်းတိုင်းရင်းသူ လုံမေများက တံပူပင်များ ပို့ဆောင်ရာသို့ လိုက်ပါကြပြီး အမျိုးသားများက တံပူပင်ထမ်းလျက်၊ တိုးနရား ကိန္နရာများကလည်း မြူးမြူးကြွကြွကလျက် အားလုံးက ပျော်ရွှင်စွာလှည့်လည်ကြသည်။ မီးပူဇော်မည့်စုရပ်သို့ ရောက်သည်နှင့် မိမိတို့တံပူပင်အား နေရာချကာ အခြားရောက်မလာသေးသည့်အဖွဲ့များကို စောင့်ဆိုင်းနေကြရသည်။ အချိန်ကား တပို့တွဲလပြည့်နေ့ မွန်းတည့်ချိန်ပင်။

အထူးကဏ္ဍ [ ခ ] သို့ »»

# အိမ်ကြီးရခိုင်



ရခိုင်ဒေသ၌ တော၊ တောင်များရှိ၍ သစ်၊ဝါး ပေါများသည်။ ရခိုင်ပြည်နယ်၌ မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အိမ်ဆောက်နည်းပညာများလည်း အဆင့်မြင့်တိုးတက်လာသဖြင့် ရိုးရာအိမ်ဆောက်လုပ်မှုများ တိမ်ကောလာပြီး ခေတ်ပေါ်ဒီဇိုင်းများဖြင့် နှစ်ထပ်၊ သုံးထပ်တိုက်အိမ်များ ဆောက်လုပ်လာကြသည်။ သို့ပါသော်လည်း ကျေးလက်တောရွာများ၌ ယနေ့တိုင် သစ်၊ ဝါး ၊ ဓနိ တို့ဖြင့် အိမ်ကြီးများ ဆောက်လုပ်လျက်ရှိနေကြဆဲဖြစ်သည်။ ရခိုင်တို့သည် မိမိတို့၏ ရခိုင်ရိုးရာအိမ်များကို ဗိသုကာဆိုင်ရာ ရှုထောင့်မှ စနစ်တကျစီမံ ဆောက်လုပ်ထားသော ခြေတံရှည်အိမ် အမျိုးအစားဖြစ်ကြသည်။

**တည်ဆောက်မှု**

ရှေးရခိုင်များ အိမ်ကို ကြီးကျယ်စွာ တည်ဆောက်မှုကြောင့် အိမ်ကြီးရခိုင်ဟု ခေါ်ကြခြင်းဖြစ်သည်။ အိမ်ဆောက်ရာတွင် အိမ်တိုင် ၃၈ လုံးပါဝင်ရသည်။ ထိုအိမ်တိုင်များသည် သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို ညွှန်းဆိုကြသည်။ အိမ်ဦးခန်း ရခိုင်အခေါ် ‘ပြော့’ကို အရှေ့ဘက်သို့ မျက်နှာမူထားရသည်။ အိမ်ဦးခန်းကို မြေနေရာအနေအထားကြောင့် အရှေ့ဘက်ကို မျက်နှာမူခွင့်မရပါက တောင်အရပ်သို့ မျက်နှာမူရသည်။ အခြားအရပ်သို့ မျက်နှာမမူကောင်းဟု ယုံကြည်ထားကြသည်။ အိမ်ထဲခန်း ပင်မဆောင်၌ အိမ်ရှင်နှင့်ဇနီးတို့နေသော အခန်းအတွက် အရှေ့အနောက် တစ်ဖက်သုံးလုံး တန်းနေသော တိုင်ကြီး ခြောက်လုံးပါရပြီး ‘ကွန်း’ဟု ခေါ်သည်။ ထိုအခန်းကို လေးဖက်လေးတန် ဝန်း၍ တိုင် ၁၄လုံးပါရသည်။ ယင်းကို ‘ကွန်းရံ’ဟု ခေါ်သည်။ ကွန်းရံအခန်းတွင် သားနှင့်သမီးများ နေရသည်။

အိမ်ကြမ်းပြင်တွင် ‘ကွန်း’ ထက် ‘ကွန်းရံ’ က နိမ့်ရသည်။ အိမ်အနောက်ဘက် အရပ်ကို ချန်လှပ်၍ ကျန်အနားဘက်တွင် တိုင် ၁၆လုံးပါရပြီး ‘နဂါးရစ်’ဟု ခေါ်၏။ တိုင်ပေါင်း ၃၆ လုံး ဖြစ်သည်။ ရှေ့မျက်နှာစာတွင် နဂါးရစ်မှ တိုင် နှစ်လုံး အပြင်သို့ ထုတ်ထားသည်။ နဂါးရစ်တွင် ဧည့်သည်လာလျှင် တည်းခိုနိုင်သည်။ စားဖိုခန်းနှင့် ထမင်းစားခန်းတို့ကို အခန်းဆီးမထားဘဲ တစ်ဆက်တည်းထားကြသည်။ စားဖိုခန်း နှင့် ရေအိမ်(အိမ်သာ) သီးခြားဖြစ်သည်။ လှေကားရှိ လှေကားထစ်များကို အရေအတွက်အရ စုံဂဏန်းမထားရပါ။ မဂဏန်း ခုနစ်ထစ်၊ ကိုးထစ် အစရှိသည်ဖြင့် ထားရသည်။

အထူးကဏ္ဍ [ ခ ] သို့ »»

»» ရှမ်းတိုင်းရင်းသားမှ

ဤသို့ စောင့်နေရင်းနှင့် ရှမ်းအိုးစည်များက အပြိုင်တီးခတ်လိုက်ကြသည်။ တိုးနရား၊ ကိန္နရာတို့ကလည်း အပြိုင်အဆိုင် ကခုန်ကြသည်။ ပို့ဆောင်သူနှင့် လာရောက်ကြည့်ရှုသူများ တစ်မြို့နယ်လုံးလာရောက်ကြသဖြင့် စည်ကားလှပေသည်။

မြို့ပတ်ဝန်းကျင်ရွာများစုံသည်နှင့် မြို့တွင်းသို့ တန်းစီလှည့်လည်ရာတွင် လမ်းတစ်လျှောက်လုံး ပြည့်ညပ်စည်ကားလျက်ရှိနေတော့သည်။ တံပူပင်တွင် အိုးစည်တီးသူတို့ကလည်း အပြိုင်အဆိုင် လက်စွမ်းပြကြတော့သည်။ တံပူပင်ထမ်းသူတို့ကလည်း တံပူပင်အား လှည့်၍ကရင်း၊ ပတ်၍ကရင်း ပို့ဆောင်ကြသဖြင့် တံပူပင်ပို့ဆောင်ရာလမ်းတစ်လျှောက် စည်ကားလျက်ရှိပေသည်။

မီးပူဇော်မည့်ကွင်းပြင်သို့ရောက်သည်နှင့် မိမိတို့တံပူပင်များအား စနစ်တကျထား၍ ဘုရားကပ်လှူပြီး သီလခံယူကြသည်။ နေစောင်းချိန်တဖြည်းဖြည်း အမှောင်ဘက်ဆီသို့ ရောက်လာသည်နှင့် တံပူပင်အား မီးရှို့လှူဒါန်းကြသည်။ ရှမ်းအိုးစည်သံတို့မှာလည်း ပို၍ ကျယ်လောင်စွာ ထွက်ပေါ်လာကြသည်။ တံပူပင်တွင် တပ်ဆင်ထားသည့် ဖြောက်အိုးများသည်လည်း ဆူညံစွာ ပေါက်ကွဲလာတော့သည်။ ယခင်အချိန်များက တံပူပင်အား မီးရှို့ဘုရားပူဇော်ရာတွင် မီးဒုံးကျည်လေးများဖြင့် ဖောက်ခွဲမီးရှို့ကြသည်။ တံပူပင်နှင့် မီးရှို့သူတွင် ကြေးနန်းကြိုးတန်းထား၍ ထိုကြေးနန်းကြိုးပေါ်မှ မီးဒုံးကျည်လေးကပြေးလွှားပေါက်ကွဲခြင်းဖြစ်သည်။ ယမ်းအားနှင့် နန်းကြိုးအတိုင်း ပြေးလွှားသွားသော ပေါက်ကွဲသံနှင့်အတူ တံပူပင်အား မီးစွဲလောင်သွားသည်က ကြည့်၍ ကောင်းလှသည်။

ထိုသို့ တံပူပင်ပြုလုပ်၍ စုပေါင်းမီးလှူဒါန်း ပူဇော်ကြသည့်အပြင် ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့အိမ်တွင်လည်း မီးလှူဒါန်း ပူဇော်ကြသေးသည်။ သို့သော် တံပူပင်ကဲ့သို့ ကြီးကြီးမားမား မဟုတ်တော့ပေ။ မီးစံပန်းလေးပေါ်တွင် သနပ်ခါးနံ့သာသားတို့အပြင် အမွှေးအကြိုင်များဖြင့် မီးရှို့လှူဒါန်းပူဇော်ခြင်းသာ ဖြစ်ပေသည်။

ရှေးယခင်အခါက မီးခံဇန်းဖြင့်သာ လှူဒါန်းကြသော်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ခန့်က ပဒေသရာဇ်စော်ဘွားတို့ လက်ထက်မှပင် ဤသို့ပြာသာဒ်ပုံ၊ ကျောင်းပုံ၊ စေတီပုံအစရှိသည့် တံပူပင်ကို ပြုလုပ်ပူဇော်လာကြခြင်းဖြစ်သည်။ ရှမ်းတိုင်းရင်းသားတို့သည် မီးလှူဒါန်းသော တံပူပင်ပွဲတော်ကို ယခုကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ကျင်းပရခြင်းမှာ ဘိုးဘွား စဉ်ဆက်ကရှိခဲ့သော ထုံးတမ်းစဉ်လာ အယူအဆတစ်ခု မပျောက်ပျက်စေလိုသောကြောင့် ဖြစ်ပေသည်။ ၎င်းတို့၏ အယူအဆမှာ ဓာတ်ကြီးလေးပါးမှ တစ်ပါးဖြစ်သည့် မီးဓာတ်လှူဒါန်းခြင်းဖြင့် 'အနုရုဒ္ဓ' ရဟန်းကဲ့သို့ ဉာဏ်ပညာထွန်းလင်းတောက်ပသည်ဟု လည်းကောင်း၊ တဖုသနှင့် ဘလ္လိကကုန်သည်ညီနောင်ကဲ့သို့ တောက်ပကျော်ကြားသည်ဟု လည်းကောင်း အယူရှိကြသည်။

တပို့တွဲလတွင် တံပူပင်ပွဲတော်ကျင်းပသည်နှင့် 'ခေါက်ယာဂု'ဟု ခေါ်သော ထမနဲသည်လည်း တံပူပင်နှင့်ယှဉ်၍ လှူဒါန်းဖွယ်အဖြစ် ဖြစ်ပေါ်လာခဲ့ရပေသည်။ ရှေးလူကြီးသူမတို့ပြောဆိုသော စကားတွင် 'ခေါက်ယာဂုဟုခေါ်သော ထမနဲအား လှူဒါန်း၍သာ တံပူမီး ပူဇော်ခြင်းဖြစ်ပေါ်လာခဲ့သည်'ဟု ဆိုကြသည်။ ဘုရားရှင်လက်ထက်ကလည်း လှည်းအစီးပေါင်း ၅၀၀ တို့ကို အုပ်ချုပ်သည့် တဖုဿနှင့် ဘလ္လိကအမည်ရှိသော ကုန်သည်ညီနောင်တို့သည် ဘုရားရှင်နှင့် တွေ့ဆုံရာတွင် လှူဒါန်းစရာအဖြစ် ကောက်ညှင်း၊ မြေပဲ၊ နှမ်း၊ ပျားရည် စသည့် ပစ္စည်းလေးမျိုးသာရှိ၍ ထိုပစ္စည်းလေးမျိုးကို ရောနှောကာ ကျိုချက်လှူဒါန်းခဲ့သဖြင့် ခေါက်ယာဂုဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယခုအခါ ပျားရည်နှင့် မကျိုချက်တော့ဘဲ ကြံသကာဖြင့်သာ ကျိုချက်ကြကြောင်း သိရသည်။

ဘုရားရှင်တော်နှင့် ကုန်သည်ညီနောင်တို့ တွေ့ဆုံချိန်သည် တပို့တွဲလရာသီဖြစ်ရာ ချမ်းလွန်းသဖြင့် ကုန်သည်ညီနောင်တို့က မီးပူဇော်ကြသည်။ ထိုသို့ မီးပူဇော်ရာတွင် ကုန်သည်ဖြစ်သည့်အလျောက်'မိုင့်တမ်းပူ'ဟု ခေါ်သော 'တံပူပင်'ထင်းဖြင့် မီးရှို့လှူဒါန်းကြရသည်။ မိုင့်တမ်းပူသည် မီးတောက်လွယ်၍ အပူချိန်ပြင်းပြီး ငြိမ်းသွားသည်နှင့် မီးကျီးခဲမကျန်တော့ဘဲ ငြိမ်းသွားသည်။ ထို့ကြောင့် ရှေးကကုန်သည်တို့သည် တောက်လွယ် ငြိမ်းလွယ်သော "မိုင့်တမ်းပူ'အား ထင်းအဖြစ်သုံးကြခြင်းဖြစ်သည်။ သို့ဖြင့် 'လို'ဟု ခေါ်သော တံပူပင် မီးပူဇော်ပွဲဖြစ်ပေါ်လာခဲ့သည်။

အဆိုပါ 'မိုင့်တမ်းပူ'သည် တံပူပင်ဖြစ်၍ 'လို'ဟုခေါ်သော ဝေါဟာရစကားမှာ ရှေးအခါ ရှမ်းလူမျိုးတို့သည် ထင်းအား'လို'ဟု ခေါ်ဝေါ်ခဲ့ခြင်းကြောင့် 'ပွဲလူလို'ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဓိပ္ပာယ်မှာ ထင်းအလှူပွဲတော်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရှမ်းတိုင်းရင်းသားတို့သည် တံပူပင်ပွဲတော်'ပွဲလူလို' ကျင်းပခြင်းဖြင့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ သွေးစည်းခြင်း စသည့် အကျိုးတရားများ ခံစားရမည်ဖြစ်ပါကြောင်း ရေးသား တင်ပြရပါသတည်း။ ။

»» အိမ်ကြီးရခိုင်မှ

ပြတင်းပေါက်များ၌ ဖွင့်ပိတ်တံခါးရွက်များ တပ်ဆင်ထားခြင်း မဟုတ်ဘဲ တံခါးဒေါက်(ဝါးလုံး)များဖြင့် ဒေါက်ထောက်ကာ ဖွင့်ပိတ်လုပ်သည်။ ရှေးအခါက အိမ်ဆောက်ရာတွင် သံမှိုကိုလုံးဝမသုံးကြဘဲ အလွန်မာသည့် တောင်ပေါ်ကြိမ် တစ်မျိုးဖြင့် ချည်နှောင်အသုံးပြုသည်။ ယနေ့ခေတ်ကာလတွင် ကြိမ်အစား သံမှို၊ မူလီများကို အစားထိုး အသုံးပြုလာကြသည်။ အကာများကို ဝါးဖြင့် ရက်လုပ်သော ဝါးထရံကိုသာ အသုံးပြုသည်။ အိမ်ခေါင်မိုးမှာ ဒေသထွက် ဓနိ(အုန်း)ပင်အရွက်များကို အသုံးပြုကြသည်။ အမိုးအစွန်များတွင် သစ်သားဖြင့် အလှဆင်ထားသော ပန်းဆွဲကနုတ်များ တပ်ဆင်ထားသည်။

ရှေးအခါက အိမ်ကြီးများကို အိမ်ခွန်ကောက်ခဲ့ရာ နန်းတော်က ဆောက်ခွင့်ရမှ ဆောက်ရသည်ဖြစ်၏။ အိမ်ကြီးများလျှင် ဘုရင့်ဘဏ္ဍာတိုးတက်သည်ဖြစ်သော်လည်း သားစဉ်မြေးဆက်ပေးနိုင်ခြေရှိမှသာ ခွင့်ပြုတတ်ပြီး တိုင်များမှာ အနှစ် ငါးဆယ်သက်တမ်းရှိ အပင်များဖြစ်ရသည်။

အိမ်ကြီးရခိုင် ဆိုစကားအတိုင်း ရှေးရခိုင်လူမျိုးများသည် မိမိတို့၏ အိမ်ကြမ်းအောက်ကို ဆင်တစ်ဝင်မျှမြင့်ပြီး၊ မြင်းတစ်ပြေးစာမျှ တိုင်များကျယ်၍ ခြေတံရှည်အိမ်များ ဆောက်လုပ်နေထိုင်ခဲ့ကြကြောင်း တင်ပြလိုက်ရပါသည်။

**အောင်ကြည်မိုး(စစ်တွေ)**

# ချင်းပြည်နယ် ပလက်ဝဒေသမှ ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်းတိုင်းရင်းသားများ

**မောင်မောင်ကျော် (ပလက်ဝ)**

»»၁၆-၂-၂၀၁၉ ရက် အထူးကဏ္ဍမှအဆက်



အနောက်ပိုင်း တိဗက်မြန်မာအနွယ်တွင် ချင်း၊ ကချင်မျိုးနွယ်များ အကျုံးဝင်ကြောင်း၊ အနောက်ပိုင်း တိဗက်မြန်မာအနွယ်ကူကီးချင်းတို့မှာ ပထမဆုံးရောက်ရှိနေထိုင်လာသူများဟု ယူဆဖွယ်ရှိကြောင်း၊ ယင်းတို့သည် ဗြဟ္မပုတ္တရမြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း တို့သို့ရောက်ရှိနေထိုင်ခဲ့ကြသေးကြောင်း၊ ထိုမှတစ်ဆင့် တောင်ဘက်သို့ ရွှေ့ပြောင်းလာကြရင်း အနောက်ဘက်တောင်တန်းများသို့ ရောက်ရှိသွားကြခြင်းဖြစ်ကြောင်း၊ ထိုနေရာမှ တစ်ဆင့် ကုလားတန်မြစ် ဝဲ/ယာနှင့် တောင်စွယ်၊ တောင်တန်း၊ ချောင်းရိုး၊ မြစ်ရိုးတစ်လျှောက် စွဲမြဲနေထိုင်လာခဲ့ကြသူများ ဖြစ်ကြောင်း ဖော်ပြရေးသားထားပါသည်။ ဤသို့ ပျံ့နှံ့ရောက်ရှိ နေထိုင်ကြသူတို့မှာ ပလက်ဝမြို့နယ်နေ ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်း တိုင်းရင်းသားတို့ပင်ဖြစ်ကြပါသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေသော အိန္ဒိယပြည် အင်ပီးရီးရယ်လ်ဂေဇတ်တွင် ချင်းအုပ်စုဝင် ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်းတို့ ဝင်ရောက်လာပုံနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

'မြန်မာ၊ ချင်း၊ ကချင်၊ နာဂနှင့်အခြားမျိုးနွယ်များကဲ့သို့ ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်းတို့သည်လည်း တိဗက်မြန်မာအုပ်စုဝင်များဖြစ်သည်။ သမိုင်းမတင်မီကာလက မြန်မာတို့၏ ဘိုးဘေးတို့သည် တိဗက်ပြည်အရှေ့ဘက် မွန်ဂိုကုန်းမြင့်မှ ဧရာဝတီမြစ်ဖျားသို့ဆင်းသက်လာကြပြီးနောက် ယင်းတို့၏ မူလဘာသာစကားများပြောင်းလဲကွဲပြားမှုမဖြစ်မီ၊ ယင်းတို့အထဲမှ အုပ်စုတစ်စုသည် ဧရာဝတီမြစ်အတိုင်း စုန်ဆင်းခြင်းမပြုဘဲ၊ အနောက်ဘက်သို့ ဖြတ်ကူးသွားကြသည်။ ထို့နောက်ချင်းတွင်းဒေသသို့ ဝင်လာကြပြီး အနောက်ရိုးမနှင့် ရခိုင်ရိုးမတောင်တန်းများဆီသို့ ဝင်ရောက်အခြေစိုက်နေထိုင်ကြသည်ဟု ခိုင်လုံစွာ ယူဆနိုင်သည်။ ခူမီးနှင့် ခူမီနွယ်ဝင် အနူး၊ ခေါင်စို၊ ပနမ်းတို့သည် ရခိုင်ရိုးမမြောက်ပိုင်းတွင် အခြေစိုက်နေထိုင်ကြသည်'ဟု ဖော်ပြထားပါသည်။

ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာရာဇဝင်စာအုပ်တွင် တိဗက်မြန်မာမျိုးကွဲသည် အစုသုံးစုကွဲ၍တိဗက်အာသံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်ဟန်ရှိကြောင်း အာသံမြန်မာမျိုးစိတ်တွင် အစုခြောက်စုပါရှိရာ နာဂအစု၊ ကူကီးချင်းအစု၊ သက်အစု၊ ကချင်အစု၊ မြန်မာအစုနှင့်လိုလိုအစုဖြစ်ကြောင်း၊ တစ်ဖန်ကူကီးချင်းအစုတွင် ခူမီးနှင့် အနူး၊ ခေါင်စို၊ ပနမ်းတို့ ပါဝင်ကြောင်းရေးသားဖော်ပြထားပါသည်။ အနူး၊ ခေါင်စို၊ ပနမ်းတို့သည် ခူမီးတို့နှင့် တစ်မျိုးတစ်နွယ်တည်းဖြစ်ခဲ့ပြီး တစ်ဆင့်တိုးချဲ့ပွားလာသူများဖြစ်ကြ၍ ကူကီးချင်းအစုတွင်ပါဝင်ကြပါသည်။

၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာတွင် ချင်းလူမျိုးတို့ ဆင်းသက်လာပုံနှင့် ပတ်သက်ပြီး ဖော်ပြရာတွင် ချင်းတို့သည် တောင်ပေါ်နေမျိုးနွယ်စုများဖြစ်ကြောင်း၊ တိဗက်-မြန်မာ ပင်မဘာသာစကားကြီး၏ ဒေသန္တရစကားကွဲမျိုးစုံကို ပြောကြကြောင်း၊ မိမိတို့အမည်ကို အမျိုးမျိုးမှည့်ခေါ်ကြကြောင်း၊ မဏိပူရနေ 'ကူကီး'တို့သည် လည်းကောင်း၊ အာသံနယ်နေ လူရှိုင်းတို့သည် လည်းကောင်း၊ အနောက်ဘက်တောင်တန်းနေ ချင်းတို့သည်လည်းကောင်း၊ ပလက်ဝမြို့နယ်နေ ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်းတို့သည် လည်းကောင်း ယခုတိဗက်နိုင်ငံဟုခေါ်သော ဒေသတွင် ရှေးပဝေသဏီက နေထိုင်ခဲ့ကြကြောင်း၊ ယင်းတို့အားလုံးသည် တစ်မျိုးတစ်နွယ်တည်းမှ ပေါက်ဖွားလာသူများဖြစ်သည်ဟူသော အယူအဆကိုများစွာ လက်ခံနိုင်ဖွယ်ရှိကြောင်း၊ ယင်းတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ တောင်ယာစိုက်ပျိုးနည်း၊ ဓလေ့ထုံးစံ၊ အမူအရာအသွင်အပြင်၊ ယုံကြည်ကိုးကွယ်မှု၊ အားလုံးတူညီနေမှုတို့က ယင်းတို့အားလုံးသည် တစ်မျိုးတစ်နွယ်တည်းဖြစ်သည်ဟု သက်သေထူလျက်ရှိပေသည်ဟု ရေးသားထားပါသည်။

ထို့ကြောင့် ရှေးရိုးစဉ်လာစကားမှတ်တမ်းများနှင့်ပညာရှင်များ၏ ယူဆချက်များအရ ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်းတိုင်းရင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာမှ ယနေ့တိုင်အောင် ပလက်ဝမြို့နယ်တွင် ခူမီးတိုင်းရင်းသွေးချင်းများနှင့်အတူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသည်။ မွန်ဂိုလိုက်မျိုးရင်း၊ တိဗက်မြန်မာအုပ်စုဝင်၊ အာသံမြန်မာအုပ်စုကွဲ၊ ကူကီးချင်းအစုတို့နှင့် အမျိုးအနွယ်တူ တစ်မြေပေါ်အတူဖွား မြန်မာ့သွေးချင်းများပင်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဤအချက်တို့သည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့အခြေစိုက်နေထိုင်လာမှု မှတ်တမ်းများကို အခြေခံ၍ တိုင်းရင်းသားအားလုံးသည် မွန်ဂိုတို့၏ မျိုးရင်းကြီးမှ ပေါက်ဖွားဆင်းသက်လာကြောင်းကို မနုဿဗေဒပညာဖြင့် ခွဲခြမ်းလေ့လာသည့်နည်းဖြင့် သက်သေထူရန်ဆိုသည့် အချက်အရရော၊ တိုင်းရင်းသားအားလုံးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့၊ ရုပ်သွင်ပြင်လက္ခဏာများကို လေ့လာသောအခါ အားလုံးသည် ဘိုးဘွားတူသူများ ဖြစ်ကြသည်ဟု ဖော်ပြထားရှိမှုများပါတူညီနေကြပြီး ဒေသခံတိုင်းရင်းသားများ၏ ဘိုးဘွားတို့ ဦးနှောက်ဖြင့်မှတ်သား၍ လက်ဆင့်ကမ်းအမွေပေးခဲ့သော ရှေးရိုးစဉ်လာစကားမှတ်တမ်းတို့နှင့်လည်း ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပေမည်။

ယခုအခါ ချင်းအုပ်စုဝင် ခူမီးနှင့် ရခိုင်၌နေတိုင်းရင်းသား 'ခမီ'တို့၏ အမည်နာမစာလုံးပေါင်းထားရှိမှုနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူစဉ် ကာလမတိုင်မီ ဝေဝေ၏ ချင်းပြည်နယ်က 'ခူမီး' နဲ့ ရခိုင်ပြည်နယ်က 'ခမီ၊' 'ခူမီး'ချင်းမျိုးနွယ်စု ပျောက်နေလို့ ပြန်လည်ဖော်ထုတ်ပေးရန် တောင်းဆိုမှုကို ဤဆောင်းပါးက များစွာ အထောက်အကူဖြစ်မည့်အပြင် မိမိတို့တိုင်းပြည်/ မိမိတို့လူမျိုးဖြစ်ကြသည့် ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်း တိုင်းရင်းသားတို့ အကြောင်းကိုလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး သိရှိလေ့လာနိုင်ရန် ရှာဖွေစုဆောင်း၊ ဖတ်ရှုလေ့လာ၊ ကြိုးပမ်းအားထုတ်ရေးသားလိုက်ရပါသည်။

***ကိုးကား***

***၁။ တိုင်းရင်းသားယဉ်ကျေးဓလေ့ထုံးစံ (ချင်း)***
***၂။ ချင်းမဂ္ဂဇင်း (၁၉၈၄၊၈၅)***
***၃။ ခမီတိုင်းရင်းသားတို့၏ မီးတောင်းသည့်ဓလေ့၊ (နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၁၀၄/၀၇)၊ မောင်မောင်ကျော်-ပလက်ဝ။***
***၄။ ခေတ်ဟောင်းမြန်မာရာဇဝင် ဒေါက်တာသန်းထွန်း***
*၅။C.C Lowis, The Tribes of Burma.*
*၆။The Inperial Gozetteer of Imdiaw P.P 31.312.*
*၇။The Burma Census Report of 1891, Quoted in the Chin Hills, vol.I. Carey Tuck, P.2*

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]**



»»» ဖွံ့ဖြိုးဝေစည် မတူပီမှ

ဤနေရာမှ ၁၅မိနစ်ခန့် တောင်တက်ကားလမ်းအတိုင်း တက်လိုက်သည်နှင့်'ချင်းပြည်နယ် မင်းတပ်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏' ကျောက်စာတိုင်ကို သပ်ရပ်လှပစွာမြင်တွေ့ရပါမည်။ မကြာပါ။ မင်းတပ်မြို့သို့ ရောက်ရှိပါတော့သည်။ မင်းတပ်မြို့သည် ချင်းပြည်နယ်တောင်ပိုင်းရှိ ခရိုင်မြို့ တစ်မြို့ဖြစ်သည်။ မင်းတပ်မြို့မှ မြို့ဆက်လမ်းများဖြစ်သော မင်းတပ်-ကျောက်ထု ၁၈မိုင် ၇ ဖာလုံ၊ မင်းတပ်-ကန်ပက်လက် ၃၇ မိုင် ၅ ဖာလုံ၊ မင်းတပ်-မတူပီ ၁၀၂ မိုင်တို့ကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးထားပါသည်။

ဤလမ်းတို့မှာ တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်ရာ အဓိကလမ်းဖြစ်သကဲ့သို့ မကွေးတိုင်းဒေသကြီး၊ ကျောက်ထု-ပခုက္ကူလမ်းမှသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ထွက်ပေါက်လမ်းလည်းဖြစ်ပေသည်။ မင်းတပ်မြို့မှတစ်ဖန် မတူပီသို့ ခရီးဆက်ရပါသည်။

ပခုက္ကူမှ မတူပီသို့ နေ့ချင်းသွားရောက်နိုင်ပြီး တောင်ကမ်းပါးယံများဖြတ်၍ ကွေ့ပတ်ဖောက်လုပ်ထားသည့် မင်းတပ်-မတူပီလမ်းအတိုင်း သုံးနာရီကျော် ကားဖြင့် ခရီးနှင်လိုက်သည်နှင့် တောင်ကြောကားလမ်းဘေးရှိ တောင်ကုန်းမို့မို့ပေါ်ရှိ 'လှိုက်လှဲစွာကြိုဆိုပါ၏ မတူပီမြို့' မြို့အဝင်ဆိုင်းဘုတ်က ဆီးကြိုလျက်၊ တောင်ကြောလမ်းအတိုင်း မြို့ဝင်လိုက်သည်နှင့် ဝဲ/ယာ ပလက်ဖောင်း အဖြူအနီအနားသတ်ဖြင့် လှပသပ်ရပ်သည့် ကတ္တရာလမ်းကို စတင်တွေ့ရသည်။ ထိုနေရာမှသည် မြောက်ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ညိုပြာမှုန်မှိုင်းနေသော 'ဘုံတလာရေတံခွန်'ကိုအဝေးကပင် လှမ်းမြင်နိုင်၏။ အနည်းငယ်ဆက်လက်သွားရောက်သည်နှင့် တောင်ကြောလမ်းဘေး ဝဲယာတွင် တိုက်တာအဆောက်အအုံများ၊ ခရစ်ယာန်ဘုရားကျောင်း၊

**မတူပီမြို့၏ကျက်သရေဆောင် ဘုံတလာရေတံခွန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင် တည်ရှိသည်။ အဝေးကကြည့်လျှင် အပေါ်ဆုံးအဆင့် သုံးဆင့်ကိုသာ မြင်ရသည်။ အောက်ပိုင်းမှအရေးကြီးသည့် အဆင်ထူးခြားသည့် သဘာဝအလှတို့ကို မမြင်ရ။ ထို့ကြောင့် ရောက်ဖူးသူအချို့မှာ အဝေးကသာလှမ်းကြည့်ကြသဖြင့် အတွင်းပိုင်းအနေအထား လေးလေးနက်နက် မသိရှိကြပေ။ အတွင်းပိုင်းအလှအပနှင့် သဘာဝဆန်းကြယ်ပုံမှာ ထူးခြားဆန်းကြယ်၍ အံ့သြဖွယ်ကောင်းလှ**

ဌာနဆိုင်ရာအဆောက်အအုံများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တာဝါတိုင်နှင့် ဆက်သွယ်ရေး တာဝါတိုင်တို့ဖြင့် ယခင်နှင့်မတူ မြို့အင်္ဂါရပ်အသွင်သို့ ပြောင်းလဲခဲ့ပေပြီ။ မြို့တွင်းလမ်းများသည်ပင် ကွန်ကရစ်လမ်းများအဖြစ်သို့ပြောင်းလဲခဲ့ပြီ။ လမ်းဘေးတိုက်တာ အောက်ခန်းရှိ ဈေးဆိုင်များတွင် ကုန်ပစ္စည်းစုံလှသည်။ မြို့ပေါ်ရှိ ကားလမ်းများပေါ်တွင် မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် ပျားပန်းခပ်မျှ သွားလာနေကြပြီး မတူပီ-ပလက်ဝ၊ ၁၃၅မိုင် ကားလမ်းကိုလည်း ဖောက်လုပ်ပြီးစီးပြီးဖြစ်၍ အဆင့်မြှင့်တင်လျက်ရှိ၏။ ဆက်သွယ်ရေးဝင်းအတွင်းမှ ဖုန်းတာဝါတိုင်သည် ညအခါ အချက်ပြမီးတို့ဖြင့် လင်းလက်နေ၏။ ယခုအခါ ခရိုင်မြို့အဖြစ် သတ်မှတ်ခံရပြီးဖြစ်၍ မြို့အနီး လေးမိုင်အကွာရှိ ကျေးရွာနှစ်ရွာကို မြို့ဧရိယာအတွင်း ပေါင်းစည်းကာ ခရိုင်မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးလာစေရန် တည်ဆောက်နေပြီဖြစ်၍ မကြာမီ ကာလတစ်ခုတွင် ခရိုင်မြို့အသွင်ဖြင့် ဖွံ့ဖြိုးဝေဆာလာတော့မည့် မတူပီဟု ညွှန်းဆိုလိုက်ပါရစေ။

**မိုးပိတောင်**

မင်းတပ်-မတူပီလမ်းခရီးမှာ မိုးပိတောင်ကမ်းပါးကိုခက်ခဲစွာဖောက်လုပ်ထားသော လမ်းဖြစ်ပါသည်။ မိုးပိတောင်သည် ချင်းပြည်နယ်တောင်ပိုင်းတွင် ခေါ်နူးစုမ်(ခေါ်) ဝိတိုရိယ(ခေါ်)နတ်မတောင်မှလွဲလျှင် အမြင့်ဆုံးတောင်ဖြစ်သည်။ ကားလမ်းဘေးတောင်ကမ်းပါးယံတို့မှာ အသူတစ်ရာနက်ရှိုင်းလွန်းလှပေသည်။ ဤလမ်းသည် သစ်ပင်ကို ရစ်ပတ်နေသည့် မြွေကြီးကဲ့သို့ လဲလျောင်းနေပါသည်။

ယခင်က ဤခရီးလမ်းသည် နွေရာသီတွင်သာ သွားလာ၍ရသည်။ မိုးကျပြီဆိုလျှင် တူးမနိုင်သယ်မရလောက်အောင် မြေများပြိုကျတတ်ပါသည်။ သို့နှင့် မိုးအခါခြေကျင်သွားရသည်က များသည်။ ကားဖြင့်သွားမည်ဆိုပါက ပေါက်ပြား၊ ဂေါ်ပြား၊ ရိက္ခာအပြည့်အစုံနှင့် သွားရသည်။ လမ်းအပေါ်ဘက်သို့ မော့ကြည့်လျှင် လိမ့်ပြိုလုမတတ်ရှိသော ကျောက်တုံးကြီးများကို ရင်ဖိုစွာလှမ်းမြင်ရသည်။ လမ်းအောက်ပိုင်းသို့ကြည့်ပြန်လျှင် တောင်ခြေရင်း စီးဆင်းနေသည့် လေးမြို့မြစ်ကို ခပ်ရေးရေးမျှသာ လှမ်းမြင်ရသည်မှာ အသည်းယားစရာ။

အချို့ခရီးသည်အမျိုးသမီးများ ထိုနေရာသို့ရောက်လျှင် ကားပေါ်မှဆင်း၍ ခြေကျင်ဖြင့်သာ လျှောက်တတ်ကြသည်။ ကားဘော်ဒီလမ်းနှုတ်ခမ်းကျော်ဖြတ်ပုံကို ကြည့်လျှင် လေယာဉ်ပြတင်းပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်သလိုပင်။ ကြောက်ခမန်းလိလိ။ အသည်းယားရင်ဖိုစရာများဖြင့် ပြည့်နှက်နေဘိ။ ချင်းဘိုးဘွားဘီဘင်တို့က 'မိုးပိတောင်' ဟုခေါ်ဆိုထားဟန်တူပါသည်။ တိုက်ရိုက်အဓိပ္ပာယ်ပြန်ရမည်ဆိုလျှင် 'သေမင်းတောင်'ဟုပင် ပြန်ဆိုရမည့် အခြေအနေတွင် ရှိခဲ့ပါသည်။

**လျှို့ဝှက် ပုန်းအောင်း တိတ်ဆိတ်ခဲ့ရသည့် 'ဘုံတလာ'**

ဘုံတလာရေတံခွန်၏ ထူးခြားဆန်းကြယ်သော သဘာဝအလှတို့သည် လျှို့ဝှက်ခဲ့သည်။ ပုန်းအောင်းခဲ့သည်။ တိတ်ဆိတ်ခဲ့ရသည်မှာ အမှန်ပင်။ တစ်ချိန်တစ်ခါက သူ၏အလှအပ ရင်ခွင်သို့ မျှော်လင့်ကြီးစွာ အပန်းဖြေဖို့ရောက်ချင်လှသူတို့ကိုပင် နွေးထွေးစွာ ကြိုဆိုခွင့် မရရှိခဲ့သည့် အဖြစ်အပျက်တစ်ခုရှိခဲ့ဖူးပါသည်။

လွန်ခဲ့သော ဆယ်စုနှစ် သုံးခုကျော်ခန့်က ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အဖွဲ့မှကြီးကြပ်သူ ဆရာ ဆရာမများအပါအဝင် ကျောင်းသူ ကျောင်းသားပေါင်း ၁၆၀ ခန့်တို့သည် ဤဘုံတလာရေတံခွန်သို့ လေ့လာရေးခရီးထွက်ခဲ့ဖူးပါသည်။

ဤအဖွဲ့သည် ရန်ကုန်မှခရီးစတင်ထွက်ခဲ့ပြီး ၁၂-၄-၈၁ ရက်နေ့တွင် မင်းတပ်သို့ ရောက်ရှိခဲ့ပါသည်။ သို့နှင့် ၁၃-၄-၈၁ ရက်နေ့တွင် ဤလေ့လာရေးအဖွဲ့အား နွေးထွေးစွာ ကြိုဆိုရန် မတူပီမြို့ တစ်မြို့လုံးလိုလိုပင် လှုပ်လှုပ်ရှားရှား ရှိနေကြပါသည်။ ဤအဖွဲ့သည် မင်းတပ်မှ မတူပီသို့ ဟီးနိုးကားသုံးစီးဖြင့် ခရီးဆက်ကြသည်။ ရှေ့ကားနှစ်စီးက မင်းတပ်-မတူပီလမ်း မိုင် ၆၀ သို့ပင် ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ နောက်ကားတစ်စီးမှာ မိုင် ၄၀သို့အရောက်တွင်ပင် မိုးချုပ်နေပါပြီ။ ရှေ့ကားနှစ်စီးနောက် ဆက်မလိုက်တော့ဘဲ ထိုနေရာတွင်ပင် ညအိပ်ရပ်နားကြသည်။ ကားပေါ်တွင် ပစ္စည်းစောင့်အဖြစ် ခေါင်းဆောင်သုံးဦးကို စောင့်အိပ်စေသည်။ ကားကို လမ်းဘေးကမူလေးတွင် အကျအနကြမ်းတုံးခု၍ ရပ်တန့်ထားသည်။ တောင်တက်အဖွဲ့များ တောင်ပေါ်လမ်းကြမ်း၏ အခုန်အပျံ့အကွေ့အကောက်ကြောင့် အင်အားနွမ်းနယ်လျက် အိပ်မောကျနေလေပြီ။ မကြာပါ။ ကံကြမ္မာဆိုးဝင်လာပါသည်။ ကားရပ်ထားပါလျက် ကားစက်နှိုးသံလိုလိုကြားရတော့သည်။ အိပ်မက်လေလားဟုပင် ထင်မှတ်ခဲ့သည်။ အဘယ်ကြောင့်နည်း။ အသိနောက်ကျခဲ့ပါပြီ။ ကားမှာ လမ်းအောက်ဘက်သို့ တစ်ဟုန်ထိုးကျလေတော့သည်။ ကားပေါ်တွင် အိပ်နေသော ခေါင်းဆောင်သုံးဦးအနက် နှစ်ဦးမှာ ကမန်းကတန်း ခုန်ချလိုက်နိုင်၏။ သို့သော် မသက်သာလှပေ။ တစ်ယောက်သောသူမှာ ခုန်ချဖို့ အချိန်မရခဲ့ချေ။ ကံဆိုးရှာခဲ့ပြီ။ နိုင်ငံတော်၏ အဖိုးတန်သားကောင်းရတနာတစ်ဦး ဆုံးရှုံးခဲ့ရသည်။

ဤအဖြစ်အပျက်ကြောင့် တောင်တက်အဖွဲ့က အမျှော်လင့်ကြီး မျှော်လင့်၍ ရောက်ချင်လှသော မတူပီမြို့နှင့် မတူပီမြို့အနီးရှိ ဘုံတလာရေတံခွန်ကို လေ့လာဖို့အခွင့်မသာခဲ့တော့ပေ။ လေ့လာရေးခရီးစဉ်ကို ထိုနေရာမှပင် ရုပ်သိမ်းခဲ့ကြရပေသည်။ ယခင်တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ပြီး ခရီးမတွင်၊ လမ်းမပေါက်၊ လမ်းပန်းသွားလာရေး လွယ်ကူချောမွေ့မှု မရှိခဲ့ခြင်းတို့၏ အကျိုးဆက်ဟု ဆိုရပါမည်။

ယခုအခါ ဤသို့မဟုတ်ချေပြီ။ တောင်ပေါ်မြေပြန့် မြို့ပြအားလုံး ဟန်ချက်ညီညီ အသွင်သစ်၊ အမြင်သစ်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့လေပြီ။ ဤသို့ဖွံ့ဖြိုးတိုးတက်ခဲ့မှုနှင့်အတူ ပြည်နယ်/တိုင်းဒေသကြီးချင်းဆက်၊ ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကိုလည်း ချဲ့ထွင်ဖောက်လုပ်ပေးထားပါသည်။ ထို့ကြောင့် ပခုက္ကူ-မတူပီ လမ်းမှာလည်း ကတ္တရာလမ်းအဖြစ်သို့ ပြောင်းလဲခဲ့ပေပြီ။ ဤသို့အပြောင်းအလဲကြီး ပြောင်းလဲခဲ့မှုတို့ကြောင့် ယခင်က ပခုက္ကူမှ မတူပီသို့ သုံးလေးရက် ခရီးဖြင့် သွားလာခဲ့ရာမှ ယခုအခါ နေ့ချင်းပေါက်သွားနိုင်ပါပြီ။ ဤခရီးသွားလမ်းသာ၍ လာလမ်းဖြောင့်နေပါပြီ။

**လည်မြို့အစ ဘုံတလာက**

ဘုံတလာရေတံခွန်သည် မတူပီမြို့အနီးတွင်ရှိသည်။ မတူပီမြို့ပေါ်မှ မြောက်ဘက်သို့ လှမ်းကြည့်လိုက်လျှင် မှိုင်းညို့ညို့တောင်များအကြား ကျောက်တောင်ပေါ်မှ ဖြာကျလာသည့်ရေတံခွန်ကို တွေ့မြင်နိုင်ပါသည်။ ဘုံတလာရေတံခွန်သည် ချင်းပြည်နယ်တို့ကို ဖြတ်သန်းစီးဆင်းသည့် လေးမြို့မြစ် မြစ်ဖျားခံရာ ရေတံခွန်ကြီးလည်းဖြစ်ပေသည်။ လေးမြို့ကို ချင်းတိုင်းရင်းသားတို့အနေဖြင့် 'လည်မြို့'ဟု ခေါ်ပါသည်။ ထို့ကြောင့် 'လည်မြို့အစ ဘုံတလာ' ဟု ဆိုစမှတ်ပြုကြပါသည်။

**ဘုံတလာအလှရှုမဝ**

မတူပီမြို့၏ ကျက်သရေဆောင်ဘုံတလာရေတံခွန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင်တည်ရှိသည်။ အဝေးကကြည့်လျှင် အပေါ်ဆုံးအဆင့်သုံးဆင့်ကိုသာ မြင်ရသည်။ အောက်ပိုင်းမှအရေးကြီးသည့် အဆင်ထူးခြားသည့် သဘာဝအလှတို့ကို မမြင်ရ။ ထို့ကြောင့် ရောက်ဖူးသူအချို့မှာ အဝေးကသာလှမ်းကြည့်ကြသဖြင့် အတွင်းပိုင်း အနေအထား လေးလေးနက်နက် မသိရှိကြပေ။ အတွင်းပိုင်းအလှအပနှင့် သဘာဝဆန်းကြယ်ပုံမှာ ထူးခြားဆန်းကြယ်၍ အံ့သြဖွယ် ကောင်းလှပါသည်။

ဘုံတလာရေတံခွန်သို့ ယခင်က မတူပီမြို့မှ ၉မိုင်ခရီးကို ခြေကျင်သွားရပါသည်။ မတူပီမှ ဖနိုင်းရွာ၊ ဖနိုင်းရွာမှ ထီးစောင်းရွာထိသွားရသည်။ ထီးစောင်းရွာတွင် စခန်းချ၍ လေ့လာရေးကို ပြုလုပ်ကြရပါသည်။ အသွားလမ်းမှာ တောင်ပေါ်ခြေကျင်လမ်းဖြစ်၍ လူတစ်ကိုယ်စာသာ သွား၍ရသော လမ်းကြမ်းဖြစ်သည်။ အစပိုင်းတွင် အနည်းငယ်မတ်စောက်သော်လည်း တောနက်ကြီးထဲသို့ ရောက်သောအခါ မတ်စောက်ခြင်းမရှိတော့ပေ။ ဆယ်မိနစ်ခန့်အကြာတွင် ဘုံတလာရေတံခွန်ခြေရင်းကို ရောက်နိုင်သည်။ ထိုနေရာရောက်ရှိမှသာလျှင် ဘုံတလာ၏အလှကို အနီးကပ်လေ့လာနိုင်ပါသည်။

မတူပီမြို့ပေါ်မှ အဆင့်သုံးဆင့်ကိုသာ မြင်ရသော်လည်း ဤနေရာမှ အနီးကပ်လေ့လာသောအခါ အဆင့် ခုနစ်ဆင့်ရှိသည်ကို တွေ့ရသည်။ အဆင့်တိုင်းအဆင့်တိုင်းတွင် စိတ်ဝင်စားဖွယ်ရာမြင်ကွင်းများ၊ ထူးခြားချက်များ ကိုယ်စီရှိပါသည်။ ကျောက်တုံး ကျောက်ဆောင်ကြီးများထူထပ်သည်။ ကျောက်ဆောင်များပေါ်မှ ဧရာမရေလုံးများ ရေပန်းကဲ့သို့ လွင့်စဉ်သွားပုံမှာ မြင်ရသူတို့အဖို့ လှပကြည်နူးမှုကို ခံစားကြရသလို သည်းထိပ်ရင်ဖိုစရာလည်း ကောင်းလှပါသည်။ အောက်ကြမ်းပြင် ရေအိုင်မှာလည်း ကျောက်ဆောင်များကို ထွင်း၍ ဝပ်နေပါသည်။ အသည်းယားစရာ၊ ရင်ဖိုစရာကောင်းလောက်အောင်ပင် ရေထုမတ်စောက် နက်ရှိုင်းသည်။

အဆင့်တစ်ဆင့်နှင့်တစ်ဆင့် ပေ ၁၀၀ ခန့်စီ မြင့်သည်။ အောက်မှနေ၍ ရေတံခွန်စီးကျလာရာ အပေါ်ဘက်သို့ မော့ကြည့်ပါမူ မြင့်မားသော ကျောက်ဆောင်များအောက်တွင် တွယ်ကပ်နေသော ပျားအုံကြီးများကို အစီအရီ တွေ့ရသည်။ ပျားအုံများမှာ မရေမတွက်နိုင်အောင် များပြားလှသည်။ ရေတံခွန်မှရေစီးကျသံနှင့်အပြိုင် ပျားပိတုန်းများတဝီဝီ ပျံသန်းနေသည့်အသံကို ကြားရသည်။ သူတို့စွန့်ပစ်သည့် အညစ်အကြေးများသည်ပင် မိုးဖွဲ့နှယ်ကျလာသည်ကို တွေ့မြင်ရသည်။

ဘုံတလာသည် ကြည်လင်၏။ အေးမြ၏။ ချိုသောအရသာရှိ၏။ သောက်သုံးသူတို့အား ကျန်းမာရွှင်လန်းစေနိုင်၏။ ဘုံတလာမွေးထုတ်ပေးသော လေးမြို့မြစ်သည် သူ၏ဝဲယာတစ်ခွင် ပျော်မွေ့သူတို့အား အကျိုးပြု၏။ နွေရာသီတွင် သူ၏ရင်ခွင်ရိပ်တွင် နားခိုသူ၊ အပန်းဖြေသူ၊ လေ့လာသူများဖြင့် စည်ကားနေတတ်၏။

ဤသို့သော သဘာဝအလှများကို ပိုင်ဆိုင်ထားသည့် ဘုံတလာသည် မလျှို့ဝှက်နိုင်တော့ပါ။ မပုန်းအောင်းနိုင်တော့ပါ။ မတိတ်ဆိတ်နိုင်တော့ပါ။ ယခုအခါ ဘုံတလာရေတံခွန်တွင် လေ့လာအပန်းဖြေနိုင်ဖို့မတူပီမှသည် ဘုံတလာရင်ခွင်ဆီသို့တိုင် လမ်းများချဲ့ထွင်ဖောက်လုပ်ပြီးစီးခဲ့ပါပြီ။ ရင်ခွင်ရိပ်သို့ နားခိုအပန်းဖြေသူတို့အတွက် ရေကန်အသင့် ကြာအသင့်ဆိုသလို လှပသပ်ရပ်သော တည်းခိုဆောင်များ၊ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဆိုင်များဖြင့် အသွင်သစ်၊ အမြင်သစ် မြင်ကွင်းများကို ဖန်တီးကာ ဆွဲဆောင်လျက်ရှိပါသည်။ သို့နှင့် ချင်းတိုင်းရင်းသားတို့၏ ဓလေ့ရိုးရာ တောင်ပေါ်ခေါင်းရည်ချိုမြမြဖြင့် ဧည့်ဝတ်ပျူငှာမှုနှင့်အတူ ဘုံတလာ၏ ရှုမောဖွယ်အလှကို ခံစားရင်းအပန်းဖြေနိုင်ဖို့ ဖွံ့ဖြိုးဝေစည်မတူပီနှင့် ရေလွှာစီဖြာဘုံတလာသို့ တစ်ခါတစ်ခေါက် အဆွေရောက်ဖို့ ကြိုထောက်အသင့်ပြင်ဆင်နှင့်လျက် ယခင်နှင့်မတူ တမူပြောင်းကာ အသွင်သစ်၊ အမြင်သစ်များဖြင့် ခရီးသွားများကို ဆွဲဆောင်လျက်ရှိနှင့်ပြီးဖြစ်၍ ခွန်းဆင့်ဖိတ်ခေါ်လိုက်ပါရစေ။

# ဖွံ့ဖြိုးဝေစည် မတူပီနှင့် ရေလွှာစီဖြာ ဘုံတလာသို့

**ကျော့မောင်မောင်(ဥပဒေ)**

တောင်စဉ်မြင့်မား၊ မြူတိမ်ကြားမှာ
'ဘုံတလာ' မိုးပါ၊ မိုးကုပ်ထိဟန်
ရေကန် 'ရိဒ်'က၊ သည်းပုံသဏ္ဌာန်
ပျိုဟန်မိန်းမ၊ ဝိတိုရိယ
အေးမြသာမော၊ လေချိုနှော၍
စုံတောစိမ့်မြိုင်၊ ပန်းစုံလှိုင်စွ
အလှထူးသည့်ချင်းပြည်နယ်။

ချင်းပြည်နယ်ရဲ့ အလှအပနောက်ခံနှင့် ချင်းရိုးရာဝတ်စုံဖြင့် ချင်းတိုင်းရင်းသူလေး 'ဆုန်သင်းပါရ်' ရဲ့ တောင်ဇလပ်ပန်းများဖူးပွင့်နေ ထင်းရှူး၊ ချယ်ရီ၊ တောင်တန်းတွေ ဒါဟာလည်း ချင်းပြည်ရဲ့အလှအပကို ဖော်ကျူးနေဆိုတဲ့ တီဗွီဖန်သားပြင်ပေါ်က တေးသံချိုကို နားဆင်ရသည်မှာ ချင်းပြည်နယ်ရဲ့သဘာဝ၊ ချင်းတို့ဘဝ၊ ချင်းတို့ဓလေ့တို့ကို လေ့လာဖို့ ဖိတ်ခေါ်နေသလားဟု ထင်မှတ်လောက်စရာပင်။

ဟုတ်ပါသည်။ ချင်းပြည်နယ်ရဲ့အသည်းနှလုံးဖြင့် ခိုင်းနှိုင်းထားသည့် 'ရိဒ်ရေကန်'၊ ခေါ်နူးစုမ်(ခေါ်) ဝိတိုရိယ(ခေါ်) နတ်မတောင် သဘာဝဘေးမဲ့သစ်တောဥယျာဉ်၊ ထူးခြားဆန်းကျယ်သော ဘုံတလာရေတံခွန်၊ ကျောက်ပန်းတောင်း(ခေါ်) ကီမိုတောင်တို့သည် အလှပေါ်အယဉ်ဆင့်ဆိုသလို ပြည်နယ်၏ အလှကို ပိုမိုကြွရွှအောင် တန်ဆာဆင်ထားကြသည်ဟု ဆိုလျှင် မှားမည်မထင်။

**မတူပီမြို့**

မတူပီမြို့နယ်သည် မြန်မာနိုင်ငံ အနောက်ပိုင်း ချင်းပြည်နယ်(တောင်ပိုင်း)ရှိ နယ်စပ်မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ မတူပီခရိုင်မြို့အဖြစ် ဖွဲ့စည်းထား၏။ မြို့နယ်၏ ဧရိယာ အကျယ်အဝန်းမှာ ၁၉၀၁ ဒသမ ၄၁ စတုရန်းမိုင် ကျယ်ဝန်းပြီး မြို့ပေါ်ရပ်ကွက်လေးခု၊ ကျေးရွာ အုပ်စု ၄၉ အုပ်စုနှင့်ကျေးရွာ ၁၀၈ရွာတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ထိစပ်နေသည်။ မြောက်ဘက်တွင် ဟားခါးမြို့နယ်၊ တောင်ဘက်တွင် ပလက်ဝမြို့နယ်၊ အရှေ့ဘက်တွင် မင်းတပ်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ အရှေ့အနောက် ၄၇ မိုင်၊ တောင်မြောက် ၆၈ မိုင် ကျယ်ဝန်းသည်။ မြို့နယ်အတွင်း မတူ၊ မရာ၊ ဒိုင် (ယင်းဒူ)၊ ဇိုတုံ၊ လောက်တူ တို့အချင်းချင်း ရိုင်းပင်းကူညီကာ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ကြသည်။

လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသေးသည့် မြို့နယ်ဖြစ်သည်။ မိမိပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ဆက်သွယ်သွားလာမှုပင်လျှင် အလွန်ခက်ခဲခဲ့၏။ ပခုက္ကူ-ကျောက်ထု-မင်းတပ်-မတူပီ ကားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ဖွင့်လှစ် ပြီးစီးပြီဖြစ်သည်။ ရန်ကုန်မှ ပခုက္ကူသို့ ဦးစွာသွားရသည်။ ပခုက္ကူမှသည် ကျောက်ထု၊ မင်းတပ်၊ မတူပီ လိုင်းကားများပြေးဆွဲပေးနေသည်။ ခရီးစဉ်အဆုံးမှာ မတူပီမြို့နယ်ဖြစ်၏။ ဤသို့ပြေးဆွဲပေးမှုကြောင့် ယခုအခါသွားလာမှု လွယ်ကူချောမွေ့ခဲ့လေပြီ။

ချင်းပြည်နယ်(တောင်ပိုင်း) မတူပီမြို့ အနီးရှိ ဘုံတလာရေတံခွန်သည် ပြည်နယ်၏ ထင်ရှားသော ရေတံခွန်ပင်ဖြစ်သည်။ ရေတံခွန်ကြီးရှိရာသို့ အပန်းဖြေလေ့လာဖို့ သွားကြမည်ဆိုလျှင် ရန်ကုန်မှသည် ပခုက္ကူ၊ ကျောက်ထု၊ ကျောက်ထုမြို့မှအထွက် ၁၀ မိုင်ခန့် အရောက်တွင် 'မကွေးတိုင်းမှ နှုတ်ခွန်းဆက်ပါ၏' နှင့် 'ချင်း ပြည်နယ်မှ ကြိုဆိုပါ၏' ဟုဆိုသော ပြည်နယ် နှင့် တိုင်းခွဲခြားသတ်မှတ်ပေးသည့် နယ်နိမိတ်ခြား ကျောက်စာတိုင်နှစ်ခုက ခရီးသွားပြည်သူများကို အပြန်အလှန် ကြိုဆိုနှုတ်ဆက်ကြပါလိမ့်မည်။ ဤကျောက်စာတိုင်နှစ်ခုသည် ကားလမ်းဘေး တစ်ဖက်စီတွင် သပ်ရပ်စွာစိုက်ထူးထားသည်ကို တွေ့ရမည်။ အထူးကဏ္ဍ [ ဂ ] သို့ »»



## အင်းရိုးရာ မြေပဲနှမ်းထောင်း ခရီးချဉ်သီးအဆိမ့်သုပ်

အင်းရိုးရာဆိုတဲ့ အသံကြားလိုက်ရင်ဖြင့် အင်းလေးဒေသရဲ့ ယဉ်ကျေးမှု ဓလေ့ရိုးရာတို့နှင့်အတူ ရေပြင်ကျယ်ထဲက အင်းလူမျိုးတို့ရဲ့ ထင်ရှားလှသည့် ဒေသထွက်ကုန်ပစ္စည်း တစ်မျိုးထဲမှာ မပါမဖြစ်ဆိုသလို ခရမ်းချဉ်သီး ပင် စိုက်ခင်းတွေကိုပင် မြင်ရောင်လာပါတော့တယ်။ ဥရောပစတိုင်ပဲဖြစ်ဖြစ်၊ ရိုးရာဟင်းပဲဖြစ်ဖြစ် စီမံချက်ပြုတ်ရာတွင် ခရမ်းချဉ်သီးဟာ အများအားဖြင့် ပါတတ်ပါတယ်။

ခရမ်းချဉ်သီးမှာ ဗီတာမင်အေပါဝင်တာကြောင့်လည်း အမြင်အာရုံကို ကောင်းမွန်စေရုံသာမက အိပ်မပျော်တဲ့ ရောဂါရှိသူတွေအတွက်လည်း ခရမ်းချဉ်သီးကိုစားသုံးခြင်းအားဖြင့် အိပ်ပျော်နိုင်ပါတယ်။

ထို့အပြင် ခရမ်းချဉ်သီးမှာ ခရိုမီယမ် ပမာဏများစွာပါဝင်တာကြောင့် သွေးတွင်းသကြားဓာတ်ကို ဟန်ချက်ညီအောင် ထိန်းထားနိုင်စွမ်းရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးချို ဝေဒနာရှင်များအတွက်လည်း သင့်လျော်ပါတယ်။ ဒါကြောင့် ယခုရာသီနဲ့ လိုက်ဖက်ပြီး ထမင်းနဲ့တွဲဖက်၍လည်းကောင်း ရေနွေးကြမ်းအမြည်းအဖြစ်ပါ သုံးနိုင်မယ့် အင်းရိုးရာမြေပဲနှမ်းထောင်း ခရမ်းချဉ်သီးအဆိမ့်သုပ်ကို ဖော်ပြပေးလိုက်ပါတယ်။ ထူးခြားတာက အသုပ်ဆိုတာနဲ့ ပဲမှုန့်ဘဲသုံးကြတာပါ။ ဒီမှာတော့ ပဲမှုန့်အသုံးမပြုပါဘူး။ အနံ့အရသာအတွက်လည်း နံနံပင်ကို မသုံးဘဲ ပူစီနံကိုသာ အသုံးပြုတာကြောင့် ပူစီနံမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါဝင်တဲ့အတွက် အိုမင်းရင့်ရော်ခြင်းကနေ ကာကွယ်ပေးပါတယ်။ စာဖတ်သူ မိတ်ပြည်သူများလည်း ကျန်းမာသွက်လက် အလုပ်ပျက်တဲ့ အင်းရိုးရာမြေပဲနှမ်းထောင်း ခရမ်းချဉ်သီး အဆိမ့်သုပ်ကို မြည်းစမ်းရင်းနှစ်သက်မယ်လို့ထင်ပါတယ်။

**ပါဝင်ပစ္စည်းများ**

| | |
|---|---|
| ခရမ်းချဉ်သီး | -အရွယ်လတ်သုံးလုံး |
| ကြက်သွန်နီ | -အကြီးတစ်လုံး |
| ပူစီနံ | -တစ်စည်း |
| မြေပဲဆန် | -အနည်းငယ် |
| နှမ်းဖြူ | -အနည်းငယ် |
| နှမ်းနက် | -အနည်းငယ် |
| မြေပဲဆီ | -နှစ်ဇွန်း |
| ငရုတ်သီးအကြော် | -အနည်းငယ် |
| ဆား | -အနည်းငယ် |
| ဟင်းခတ်မှုန့် | -အနည်းငယ် |





**ပြုလုပ်နည်း**

ခရမ်းချဉ်သီးမှည့်တမှည့်ကို သန့်စင်အောင် ရေဆေးပြီး အစေ့ထုတ်ကာ ပါးပါးလှီးထားပါ။ တစ်ဆက်တည်း ကြက်သွန်နီကို အခွံသင်ပြီး ပါးပါးလှီးကာ သန့်စင်အောင်ရေဆေးပါ၊ ပူစီနံပင်ကို ရေဆေးပြီး ခပ်နုတ်နုတ် လှီးဖြတ်ထားပါ။ လှော်ထားတဲ့ မြေပဲဆန်၊ နှမ်းဖြူ၊ နှမ်းနက်တို့ကို သက်သက်စီ ထောင်းထားကာ ဇလုံတစ်ခုထဲတွင် လှီးဖြတ်ထားသော ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ပူစီနံတို့ကိုထည့်၍ ထောင်းထားသော မြေပဲဆန်၊ နှမ်းဖြူ၊ နှမ်းနက်ပါထည့်က အရသာအတွက် ဆား၊ ဟင်းခတ်မှုန့်တို့နဲ့ ငရုတ်သီးကြော်မှုန့် အနည်းငယ် မိမိကြိုက်နှစ်သက်တဲ့အရသာ အနေအထားမှာထားပြီး မြေပဲဆီထမင်းစားဇွန်း နှစ်ဇွန်းကို ရော၍ သမအောင် ဖွဖွလေး ရောနယ်သုပ်ပေးပါ။ အရသာမြည်းစမ်းပြီးရင်တော့ မြေပဲနှမ်းထောင်း ခရမ်းချဉ်သီးအဆိမ့်သုပ်ကို သုံးဆောင်လို့ရပါပြီ။

**ဖိုးမှုလေး**

